www.burmeseclassic.com



www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေခြင်း - ၂၀၁၄-ခုနှစ်၊ ... လ၊ ပထမအကြိမ်
အုပ်ရေ - ၅၀၀
တန်ဖိုး - (၁၀၀) ကျပ်
ထုတ်ဝေသူ - ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ် (၆၃)၊ ဗြဲဘာလမ်း၊
ကျောက်မြောင်း၊ တာမွေ။
အတွင်းနှင့် - ဖေါ်အိမ္မန်သား... (မြ-၀၈၀၄၂)
မျက်နှာဖုံးပုံနှိပ်သူ - သစ္စာမွန်ပုံနှိပ်တိုက်၊အမှတ်(...)
တာမွေလမ်း၊ ... ... (က+မ)ရပ်ကွက်
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ - Lလင်း
ကွန်ပျူတာ - မောင်ကျော်ကျော် (ခရီးသည်)
ဖြန့်ချိရေး - ကူးတူး (သစ္စာမွန်)
အတွင်းဖလင် - ကိုအောင်ကျော်
စာအုပ်ချုပ် - သစ္စာမွန်

သစ္စာမွန်(T.S.M)Publishing Centreမှတာဝန်ယူစီစဉ်ပါသည်။

၈၉၅.၈၃
ရွှေဘဝင်
ညရင်ခွင်ထဲမှ လနတ်သမီး/ ရွှေဘဝင် - ရန်ကုန်
သိန်းမင်းစာပေ၊ ၂၀၁၃။
၂၁၀-စာ၊ ၁၂×၁၈ စင်တီ။
(၁) ညရင်ခွင်ထဲမှ လနတ်သမီး

www.burmeseclassic.com

www.burmeseclassic.com

ညဏ်၏တိတ်ဆိတ်ခြင်းက သစ်ရွက်လေးတွေခြွေကျသံ တောင်ကြားနေရသလို့ ..ချောင်းငယ်လေးမှသွင်သွင်စီးနေသော ရေစီးသံလေး တွေကို ကြားနေရလေသည်။ ချောင်း၏နံဘေး သစ်တောထဲမှ သစ်ရွက်ခတ်သံ၊ လေတိုးသံများသည် ညဏ်၏ သံစဉ်တေးအလှ တွေကို ဖွဲ့ကျူးနေသည်။

ထိုချောင်းကလေးအမည်က စိမ်းလဲ့ချောင်းလေးပင်၊ ချောင်းလေး၏ အလယ်ဗဟိုတွင် ကျွန်းကလေးတစ်ကျွန်းဖြစ်တည်ပြီး. . ပန်းပင်၊ စံားပင်၊ သီးပင်များနှင့် ထင်းရှူးအိမ်ကလေးတစ်လုံးကိုတွေ့မြင်နေရသည်။

ထင်းရှူးအိမ်ကလေးထဲတွင်လည်း စုတ်ချက်ကလေးနှင့် ဘဝကို ကျင်လည်နေရာ. . ပန်းချီဆရာ မလေး ယုန်မှိုပင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

"ဘုတ်. . ဘုတ်. . ဘုတ်"

ရေစုန်ကို ခုတ်မောင်းလာသည့် အရှေ့ဘက်မှမော်တော်ဘုတ်သံကို ကြားနေရပေမယ့်. . ဆွဲလက်စပန်းချီကားပေါ်မှာခံစားချက်ကိုမရွေ့ဘဲ. . ပန်းချီကိုဆက်ဆွဲလျက်. . .

ခုလိုချိန်မျိုးမှာ ယမုံ့ဆီကိုလာတတ်သော ဧည့်သည်မရှိပေ။ မော်တော်ဘုတ်အသံက ပျောက်ကွယ်သွားသည်။ ခုလိုချိန်မျိုးမှာ မော်တော်ဘုတ်ဖြတ်သွားလေ့မရှိပေမယ့် တစ်ခါတစ်ရံ အနီးနားရွာမှလူတွေ ခရီးသွားတတ်တာမျိုးတော့ရှိတတ်သည်။

"ဝုတ်. . ဝုတ်. . ."

"ဟင်. . ."

BURMESE CLASSIC

ယမုံ၏ ခွေးဖြူတိုးကိုးဟောင်သံကြောင့်. . သူမကျွန်းလေးပေါ် လူစိမ်းဝင်လာပြီဆိုသည်ကို သဘောပေါက်လိုက်သည်။

ပန်းချီဆွဲခြင်းကို ရပ်လိုက်ပြီး၊ အိပ်ခန်းထဲမှ သေနတ်ကိုသွားပြီးယူစဉ်. . .

"ချောက်. . ."

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ယမုံမို့မို့ တစ်ခါမှမမြင်ဘူးသော လူတစ်ယောက်. . အခန်းထဲကိုရောက်ရှိနေသည်။

"ရှင်. . ဘယ်သူလဲ. . ဘာလာလုပ်တာလဲ"

ထိုလူ ယမုံ့စကားကိုဘာမှပြန်ပြီးမပြောဘဲ. . ခပ်အေးအေးနှင့်ယမုံ့သေနတ်ကို ကိုင်ကြည့်နေကာ. . .

"သေနတ်လေးက မဆိုးဘူးဘဲ. . ဒါပေမယ့် မင်းအအတွက် ဒီသေနတ်လေးက တာဝန်မကျေနိုင်တော့ဘူး. . ယမုံမို့မို့"

"ရှင်. . ဘာကိုလိုချင်လို့လဲ"

"မင်းအစ်ကို ပေးခဲ့တဲ့ပုန်းချီကား. . ."

"ဘာ. . မသိဘူး၊ အစ်ကိုဘာမှ မပေးခဲ့ဘူး"

"မင်း ဒီလိုငြင်းမယ်ဆိုတာ သိပြီးသားပါ။ မင်းလေးကောင်းကောင်းမွန်မွန်နဲ့ တောင်းလို့မရမှတော့. . ဟေ့ကောင်တွေ"

ယမုံ့အခန်းထဲသို့ လူသုံးယောက်ဝင်လာခဲ့ကြသည်။

"သူ့ကို ချုပ်လိုက်ကြစမ်း"

"ရှင်. . လွှတ်. . လွှတ်"

ယမုံ ရုန်းကန်ပေမယ့်၊ အင်အားချင်းမမျှသဖြင့်. . လူ

www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်လက်ထဲတွင် လှုပ်ရှား၍မရနိုင်တော့ပေ။

"ဘယ်မှာလဲ. . ဒိုးလေးပေးခဲ့တဲ့ ပန်းချီကား"

"မသိဘူး"

"မြန်း"

"အ. . ."

ယမုံပါးပြင်ပေါ်သို့ လက်ဝါးကျရောက်သွားပြီး၊ ပါးစပ်မှ သွေးများထွက်နေလေပြီ. .

"မင်းက အသားနာမှပြောချင်တယ် နဲ့တူတယ်. . အေး အေးဆေးဆေး ပေးလိုက်ပါကွာ၊ ငါတို့က လူမသတ်ချင်ဘူး"

"သတ်ချင်သတ်လိုက်. . ရှင်တို့ပြောတာ ကျွန်မမသိဘူး"

"ဟော့ကောင်တွေ. . ပန်းချီခန်းထဲက ပန်းချီကားအား လုံးကို ရိုက်ချိုးပြီး ရှာကြစမ်းကွာ"

"ဟုတ်ကဲ့"

"ဝုန်း"

"ဖြောင်း"

မ ဖုံ့ပန်းချီခန်းထဲမှ ပန်းချီကားရိုက်ချိုးသံ ကြားတာ ယမုံ နှလုံးသားကို မီးနှင့်မြှိုက်နေသလိုခံစားနေရသည်။

"ဆရာ. . ဘာမှမတွေ့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ယမုံ. . ဘယ်မှာလဲ"

ထိုလူ့အသံက ဒေါသသံတွေပါဝင်လာနေသည်။

"မသိဘူး. . မသိဘူး"

"မင်းကွာ. . ငါနောက်ဆုံးမေးမယ် ပန်းချီကားဘယ်မှာ လဲ"

"ကျွန်မနောက်ဆုံးပြောလိုက်မယ်. . မသိဘူး"

"ကဲ. . ."

"အမေ့"

ထိုလူ ရက်စက်စွာ. . ယမုံကိုရိုက်နှက်ပြီး ဆံပင် ကိုဆွဲကာ ထပ်ပြီးမေးသော်လည်း. . ယမုံက ခေါင်းခါဆဲပင်. . .

"ဒါလောက်တောင် ခေါင်းမာဦး"

"အား"

ရင်ဝဆီသို့ ဓားမြှောင်တစ်ချောင်းစိုက်ဝင်သွားပြီး၊ ယမုံ ကြမ်းပြင်ပေါ်တွင် လဲကျသွားလေသည်။

"ဆရာ. . အသက်မရှိတော့ဘူးထင်တယ်"

"ရေထဲပစ်ချမလား. . ."

"ရေထဲပစ်ချလို့ အလောင်းပေါ်လာရင်. . နောက်ဆက် တွဲလာဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆို ဘယ်လိုလုပ်မလဲ"

"အိမ်ပါ. . မီးရှို့ခဲ့ကွာ"

မော်တော်မှ ဓာတ်ဆီပုံးကိုယူပြီး အိမ်ကိုလောင်းကာ. . မီးစတင်ပြီး ရှို့လေတော့သည်။

"သွားကြမယ်. . ဒါမှ လက်စပျောက်မှာဟေ့"

"ဘုတ်. . ဘုတ်. . ဘုတ်"

လူလေးငါးယောက်ပါသော မော်တော်ဘုတ်ကလေးမှာ ကျွန်းကလေးမှ ကျော့ခိုင်းထွက်သွားပေမယ့်. . ထင်းရှူးအိမ်ကလေးမှာ မီးလောင်နေဆဲပင်. . .။

www.burmeseclassic.com

www.burmeseclassic.com

ညနေခင်းဆည်းဆာသည် ကြေကွဲမှုပုံရိပ်တစ်ခုကို ဖော်ပြနေသလို. . .

"ဒိုးလေး. . ငါ့ကိုခွင့်လွှတ်ပါကွာ"

အုတ်ဂူဖြူဖြူလေး၏ ရှေ့တွင်ရပ်ပြီးလက်ထဲမှ နှင်းဆီမန်းစည်းလေးကို ဂူပေါ်သို့တင်ကာ. . ကြယ်စင်ကောင်းကင် နာကျင်ခြင်းဝေဒနာမီးကို ရင်မှာငြိမ်းသတ်လို့မရ. . .

"သူငယ်ချင်းဒိုးလေး. . မင်းအတွက် ငါ့နှလုံးသွေးနဲ့ကတိတစ်ခုပေးခဲ့မယ်. . မင်းဝိညာဉ်ကိုနှုတ်ယူခဲ့တဲ့သူတွေရဲ့ အသက်ကို ငါပြန်ပြီးနှုတ်ယူပေးမယ်"

ဒိုးလေးရဲ့အုတ်ဂူရှေ့မှ မြေခဲကို ကြယ်စင်ကောင်းကင် ကောက်ယူလိုက်ကာ ဒိုးလေးအတွက်သစ္စာပြုလိုက်သည်။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com



ဒိုးလေ ၏ ကြ ယ်စင်ကောင်းကင်တို့နှစ်ယောက်သည် ငယ်စဉ်ကတည်းက ချစ်ခဲ့ကြသည့်သူငယ်ချင်းနှစ်ဦး.. ကြယ်စင်ကောင်းကင် ၀က ပြည့်စုံသောမိသားစုမှာ မွေးခဲ့ရပေမယ့်.. ဒိုးလေးဘ မှာ ဖခင်အရင်သမား၏လောင်းရိပ်အောက်တွင် နေထိုင်ခဲ့ သည်။ ယခင်က ဒိုးလေးတို့မိသားစုမှာ ကြယ်စင်ကောင်းကင် သို့ ချမ်းသာကြွယ်ဝသောမိသားစုဖြစ်ခဲ့သော်လည်း.. ဒိုးလေး င်နှင့်ဖခင်တို့ကွဲသွားပြီးနောက်၊ ဒိုးလေးတို့ဘဝသည် စီးပွားရေးတွကျဆင်းကာ အိုးမဲ့အိမ်မဲ့ဘဝထိကို ရောက်ခဲ့ကြရသည်။ ဒိုးလေးတို့မှာ မောင်နှမနှစ်ယောက်ရှိခဲ့သည်။ ညီမ ဖြစ်သူမှ ခင်ဖြစ်သူနှင့်နိုင်ငံခြားကို ပါသွားခဲ့သည်။

ဒိုးလေးဖခင် စီးပွားရေးကျဆင်းရသည့် လည်း.. အရက်နှင့် လောင်းကစားကြောင့် စီးပွားရေးကျဆင်းသွားပြီး၊ နောက်ဆုံး အရက်သမားကြီးဘဝနှင့် နေထိုင်စရာမရှိသော အချိန်တွင် ကြယ်စင်ကောင်းကင်ဖခင်က မိတ်ဆွေအရင်းတွေဖြစ်ခဲ့သဖြင့် ခြံထဲမှာခေါ်ထားပြီး ဒိုးလေးဖခင်... ဦးကျော်ဇောအောင်ကို အရက်ဖြတ်စေခဲ့သည်။

ဒါပေမယ့် ဦးကျော်ဇောအောင် ကကြမ္မာကအရက်ဖြတ်ပြီးတစ်နှစ်အတွင်းမှာတွင် ဆုံးပါးသွားခဲ့သည်။ ထိုအချိန်က.. ဒိုးလေးအသက်(၁၀ နှစ်၊ (၅)တန်းကျောင်းသားအရွယ်သာရှိခဲ့



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ကြယ်စင်ကောင်းကင်ဘတွေက မွေးစားပြီး တက္ကသိုလ် ကျောင်းရောက်သည့်အထိ ပညာသင်ကြားပေးခဲ့သည်။

ဒီနောက်တော့ ဒိုးလေးသစ်တော ရာရှိတစ်ဦးဖြစ်ခဲ့ပြီး . . ရခိုင်ရိုးမသစ်တောကြိုးဝိုင်းတွင် တာဝန်ထမ်းဆောင်နေခဲ့သလို ကြယ်စင်ကောင်းကင်က နိုင်ငံခြားသင်္ဘောကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်လုပ်ခဲ့သည်။ ငယ်ငယ်လေးကတည်းက အတူစားအတူ သွားနေထိုင်ခဲ့ကြသူတွေဖြစ်သလို တစ်ယောက်ကိုထိလျှင် တစ်ယောက်က မခံပေ. . .

ညီအစ်ကိုအရင်းထက်တောင် ချစ်ခဲ့သည် . . . ကြယ်စင်ကောင်းကင်မှာ အစ်ကိုတာရာကောင်းကင်ရှိခဲ့ပေမယ့် ဒိုးလေးလောက် သံယောဇဉ်မကြီးခဲ့ပေ။ ကြယ်စင်ကောင်းကင် နိုင်ငံခြားမှ ပြန်ရောက်မည့်နှစ်တွင် သတင်းတစ်ခုကြားလိုက်ရသည် . . ဒိုးလေးအသတ်ခံရတယ်တဲ့. . .

ဒိုးလေး ဈာပနကို ကြယ်စင်ကောင်းကင် မမှီခဲ့ပါ. .

"ကြယ်စင်. . ပြန်လာခဲ့ရအောင်ကွာ"

ကြယ်စင်ကောင်းကင် ဒိုးလေးတို့နှင့် ကျောင်းနေဖက် ဝဏ္ဏ ပခုံးလေးကိုဆုပ်ကာ ပြီးခေါ်လိုက်သဖြင့်. . .

"ဒိုးလေး. . မင်းအတွက် ငါတို့ပြန်နိုင်မှ မင်းဆီကိုငါ ပြန်လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သုဿန်ထဲမှ ကားမောင်းထွက်လာ၍. . .

"ဝဏ္ဏ. . ."

"မင်း. . ဘာမေးချင်လို့လဲ"

"ဒိုးလေး. . ဘယ်လိုပုံစံအသတ်ခံရတာလဲ"

"အင်း. . ငါသိသလောက်ပြောရရင် တစ်နေ့ဒိုးလေး ငါ့အိမ်ကိုရောက်လာတယ်. . အဲဒီတုန်းက ဒိုးလေးတစ်ခုခုကို စိုးရိမ်နေတဲ့ပုံပဲကွ. . ငါကမေးတော့ သိပ်ပြီးရေရေရာရာ မပြောဘဲ၊ သူ့နောက်မှာ သူ့ကိုလိုက်သတ်နေတဲ့ကောင်တွေရှိ နေတယ်လို့ပဲ. . ပြောခဲ့တာ၊ ငါကတောင် သက်ဆိုင်ရာကို အကြောင်းကြားဖို့ သတိပေးလိုက်သေးတယ်၊ ဒီလိုနဲ့ ငါ့ဆီ ကပြန်သွားပြီးတစ်လလောက်ကြာတော့. . ဒိုးလေးကို အဝေး ကနေ သေနတ်နဲ့ပစ်ခတ်လုပ်ကြံခံရပြီး သေခဲ့တာပဲ"

"ဒါနဲ့. . ဒိုးလေးညီမ မြန်မာပြည်ကိုပြန်ရောက်နေပြီဆို"

"အေး ဟုတ်တယ်. . ဒီကိုအပြီးပြန်လာတာ၊ ပန်းချီ ဆရာမတစ်ဦးပဲ၊ ငါ့ကို ဒိုးလေးတစ်ခါခေါ်သွားပြီး. . မိတ်ဆက် ပေးလို့သိခဲ့ရတာ. . ယမုံမို့မို့တဲ့"

"သူက. . ဘယ်မှာနေလဲ"

"ချောင်းလေးအလယ်ကျွန်းလေးပေါ်မှာ အိမ်ဆောက် ပြီးနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



“မင်း. . အဲဒီနေရာကို သွားတတ်လား”

“အေး. . သွားတတ်တယ်၊ စပိဘုတ်နဲ့သွားရင်ရောက်တယ်”

“ငါသွားချင်တယ် ဝဏ္ဏ”

“မင်းသွားချင်တဲ့နေ့ကို ပြောလေ”

“မနက်ဖြန်လောက်သွားမယ်. . ခု ဒိုးလေးနဲ့ပတ်သက်ပြီးသိချင်တဲ့ကိစ္စတွေကို ဘယ်သူ့ဆီက သိနိုင်မလဲ”

“ဒိုးလေး သစ်တောက. . သူ့တပည့်စိုးမောင်ဆီကို သွားကြည့်ရင် သိနိုင်မယ်”

“စိုးမောင်က ဘယ်မှာနေလဲ”

“ဒိုးလေးတို့ သစ်တောကြိုးဝိုင်းမှာပဲ နေတယ်”

“ဒါဆို. . အဲဒီကိုမောင်းကွာ ဝဏ္ဏ”

“အေး”

ကျောက်တောင်ကြီးများကာရံထားသော လမ်းကလေးအတိုင်း မောင်းခဲ့ရင်း. . .

ဝဏ္ဏ ကားကိုထိုးရပ်လိုက်သည်။

“ဘာဖြစ်တာလဲ. . ကားပျက်တာလား”

“မဟုတ်ဘူး ကြယ်စင်. . ဒိုးလေး အသတ်ခံရတဲ့နေရာကို ပြမလို့”



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှ နှစ်ယောက်သားဆင်းခဲ့ကြပြီး. . .

"ဒီနေရာပဲ.. ကြယ်စင်"

ချောက်ကမ်းပေါ်တွင် ပေါက်နေသည့်သရက်ပင်အိုကြီးကိုပြလေသည်။

"ကားကတော့ ချောက်ထဲကိုမကျဘူး. . သစ်ပင်နဲ့ဝင်တိုက်ပြီး ရပ်နေခဲ့တယ်"

"ဒိုးလေး. . ဘယ်ကိုမှန်တာလဲ"

"နဖူးတည့်တည့်ပဲတွ. . သေနတ်. .မားက လက်ဖြောင့်တယ်၊ သက်ဆိုင်ရာက ယူဆတာက. . ခဝေးကနေလှမ်းပြီးပစ်ခဲ့တာတဲ့. . ."

ကားလေးမှာ သစ်တောကြိုးဝိုင်း ၂သို့ မောင်းပြီးဝင်လာပြီဖြစ်သော ကြောင့် စကားကိုရပ်ပစ်. .က်ကြသည်။

"ဟိုဒိမ်က ဒိုးလေးနေခဲ့တဲ့အိမ် ၂"

ဝဏ္ဏာလှမ်းပြီးပြသည့် အဆော. .အံအိုလေးကို ငေးကြည့်ပြီး၊ စိတ်ထဲကမကောင်းပေ. . .

"ဒိုးလေး ပစ္စည်းတွေတောင် ရှုံးချုပ်အခန်းကနေ မသိမ်းယူရသေးဘူး. . တစ်ခါတည်းသယ်သွ. .ကြတာပေါ့. . ဟော ဟိုမှာ စိုးမောင်"

သစ်. .တာထဲမှ ပြန်လာသော စိုးမော. .ကိုလှမ်းပြီးတွေ့



www.burmeseclassic.com

www.burmeseclassic.com



ပြီးခေါ် လိုက်သည်။

"ဆရာဝဏ္ဏပါလား. . ."

"အေး. . ဟုတ်တယ်၊ မင်းဆီကိုလာတာ"

"ဘာကိစ္စများ ရှိလို့လဲ. . ဆရာဝဏ္ဏ"

"ကဲပါ. . အထဲကိုဝင်ကြရအောင်. . အထဲရောက်မှ ပြောကြတာပေါ့"

အလုပ်သမား ဝန်ထမ်းများအတွက် ဆောက်လုပ်ပေးထားသော တန်းလျားထဲသို့ဝင်လာခဲ့ကြပြီး. . .

"သူက. . ဒိုးလေးနဲ့ ညီအစ်ကိုအရင်းလိုခင်တဲ့. . . ကြယ်စင်ကောင်းကင်"

"ဩော်. . ဆရာဒိုးလေးနဲ့အတူရိုက်ထားတဲ့ ဓာတ်ပုံထဲမှာတွေ့ဖူးတယ်"

"ပြီးတော့ ဆရာက. . ခဏခဏပြောဖူးကယ်၊ နိုင်ငံခြားမှာ သူသိပ်ချစ်တဲ့ ကြယ်စင်ဆိုတဲ့သူငယ်ချင်းတစ်ယောက်ရှိတယ်တဲ့. . လူကိုတော့ ခုမှတွေ့ဖူးတယ်. . ဘာကိစ္စများလဲ ကိုကြယ်စင်"

"ဒိုးလေး ဘာကြောင့်လုပ်ကြံခံရတယ်လို့ မင်းသိလဲ. . ဒိုးလေး မသေခင်ဘာအန္တရာယ်တွေကြုံခဲ့ရလဲ. . စိုးမောင်"

"ဆရာ ဘာကြောင့်အသတ်ခံရတယ်ဆိုတာတော့. ."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မပြောတတ်ဘူး ကိုကြွယ်စင်. . ဆရာအသတ်မခံရခင် တပတ်လောက်က ပန်းချီကားတစ်ချပ်ကို ပါကင်စက္ကူဘူးကြီးထဲထည့်ပြီး. . သူ့ညီမလေးကို လက်ဆောင်သွားပေးမယ်ဆိုပြီး ကျွန်တော့်ကိုခေါ်သွားခဲ့တယ်၊ ဟိုရောက်တော့. . ဆရာ့ညီမကို ဒီပန်းချီကားဟာ အရမ်းကိုအရေးကြီးတယ်လို့ပြောတာတော့. . ကြားမိတယ်"

"နောက. . . ထူးခြားတာ ဘာရှိသေးလဲကွာ"

"ထူးခြားတာဆိုလို့. . မှတ်မိပြီဆရာ၊ ကျွန်တော်နဲ့ သစ်တောထဲမှာ ညအိပ်ဘာဝန်ကျတုန်းက အပြင်ကိုတစ်ယောက်တည်းထွက်သွားပြီး အပြေးပြန်ရောက်လာတယ်. . ဒီတုန်းက ဆရာ့မျက်နှာမှာ ချွေးတွေတောင်ထွက်ပြီး စိုးရိမ်နေတဲ့ပုံပဲ. . ကျွန်တော်မေးတော့ ဘာမှမပြောခဲ့ဘူး၊ ဒီနောက်ပိုင်း ဆရာဟာညညဆို အတွေးလွန်ပြီးအိပ်မ ပျော်ဘူးဖြစ်နေတာကို သတိထားမိတယ်၊ အရက်တွေလည်း အရမ်းသောက်လာတယ်. . ကျွန်တော်သိတာ ဒါအကုန်ပါပဲ ကိုကြွယ်စင်"

"အေးကွာ. . ကျေးဇူးပဲစိုးမောင် ငါတို့ကိုပြန်ခွင့်ပြုဦး"

"ဟုတ်ကဲ့"

ပဏ္ဍုရှင့်အဟူ ပြန့်ပြီးထွက်လာကာ. . .

"ရုံးချုပ်ရုံးခန်းကိုသွားပြီး. . ဒိုးလေးပစ္စည်းတွေ ပြန်ယူ

www.burmeseclassic.com

www.burmeseclassic.com



သွားကြရအောင်"

"အေး"

ဝဏ္ဏနှင့် ဒိုးလေးက သစ်တောအရာရှိတွေဖြစ်ကြမယ့် အဝန်ကျသည့်နေရာက တစ်နေရာစီပင်. . .

နုံးချုပ်ရုံးခန်းထဲမှ. . ဒိုးလေးသေတ္တာနှင့်အိတ်ကိုကား ပေါ်တင်ပြီးပြန်ခဲ့ကြသည်။

"ဝဏ္ဏ"

"ကြယ်စင်. . ဘာလဲ

"ဒိုးလေး. . အသတ်ခံရတာ ပန်းချီကားနဲ့ပတ်သက်လေ လား"

"အင်း. . အနီးစပ်ဆုံးကတော့ ဖြစ်နိုင်တယ် ချည်း ဆီကိုရောက်ရင် အဖြေဟာစ်ခုတော့ပြီးသိရမှာပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com

ချောင်းလေးထဲသို့ ရေဆန်မောင်းဝင်လာနေသော. . စပိဘုတ်တစ်စီး၏ လှိုင်းဂယက်လေးတွေက ကမ်းကိုရိုက်ခတ်ဆဲ. . .

"နေရာကတော့ တော်တော်ကိုအေးချမ်းတာပဲကွ"

"ဟုတ်တယ်. . ဒီနေရာကို စိတ်အပန်းဖြေသွားကြလာကြသူတွေ ရှိတယ်လေ. . အနုပညာသမားတွေအတွက် အကောင်း ဆုံးနေရာလေးပဲ. . ဒါကြောင့် ဒိုးလေးညီမက ဒီနေရာကို ရွေးချယ်ခဲ့တာဖြစ်မယ်"

"ဟင်. . ."

"ဟာ"

ကြယ်စင်ကောင်းကင်တို့ လှမ်းပြီးမြင်နေရသော. .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

www.burmeseclassic.com

www.burmeseclassic.com



ရေလယ်ကျွန်းလေးမှာ မီးလောင်ပြာကျနေသည့် အနိဋ္ဌာရုံကျွန်းကလေးဖြစ်နေသည်။

"ဘယ်လိုဖြစ်တာလဲ . . ဝဏ္ဏ"

"မပြောတတ်ဘူး"

ကျွန်းနားသို့ စပိဘုတ်လေးကပ်တော့ . . ကျွန်းပေါ်တွင်သက်ဆိုင်ရာမှ လုံခြုံရေးယူထားသော ရဲဘော်(၃)ဦးကိုတွေ့လိုက်ရသည်။

"ဘာကိစ္စများလဲ. . ."

"ဩော် . . ဒီကျွန်းက ယမုံမို့မို့ရဲ့ ဧည့်သည်တွေပါ . . ဘယ်လိုဖြစ်ခဲ့တာလဲဆရာ"

"အိမ်မီးလောင်သွားတယ်လို့ ယူဆထားပါတယ်"

"ဟင် . . ."

"ယမုံမို့မို့ရော . . ."

"မီးထဲပါသွားသလား . . ပျောက်ဆုံးနေလားဆိုဘာတော့ သိပ်ပြီးမသဲကွဲသေးဘူး"

"အလောင်းသက်သေတွေရော မတွေ့ဘူးလား"

"မီးလောင် သေဆုံးနေတဲ့ခွေးကလေးတစ်ကောင်ပဲ . . တွေ့သေးတယ် . . လူ့အလောင်းတော့ မတွေ့သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘုတ်. . ဘုတ်. . ဘုတ်"

သူတို့စကားပြောနေစဉ်. . ရဲတပ်ဖွဲ့စပိဘုတ်ကလေး မောင်းဝင်လာတာကို တွေ့လိုက်ရပြီး. . .

"မင်း. . ကြယ်စင်နဲ့ ဝဏ္ဏ"

"ဟာ. . ရဲကျော်စွာ"

ဒုရဲအုပ်ဝတ်စုံနှင့်. . ဆယ်တန်းတက်စဉ်က သူငယ်ချင်း ဖြစ်ခဲ့သော ရဲကျော်စွာကိုတွေ့လိုက်ရသည်။

"ဘာကိစ္စရှိလို့လဲ ကြယ်စင်"

"ဪ. . ဒီအိမ်လေးက ယမုံမှိုမှိုက ဒိုးလေးညီမလေး ကွာ. . ဒို့လည်းလမ်းကြုံလို့ လာပြီးကြည့်တာ"

"ဒိုးလေး ညီမလား. . ."

"ဟုတ်တယ်. . နိုင်ငံခြားကို သူ့အမေနဲ့ပါသွားတဲ့ လေ. . ငါလည်း (၃)နှစ်သမီးအရွယ်ခလောက်ပဲ မြင်ဖူးတာ. . ကြီးမှတစ်ခါမှ မမြင်ဖူးဘူးကွ"

"အင်း. . ယမုံမှိုမှိုကတော့ သေဆုံးသွားသလား ပျောက်ဆုံးသွားသလားဆိုတာတော့. . အပိုင်ကောက်ချက်ချ မရသေးဘူး. . အလောင်းမတွေ့ရတော့ သေပြီတော့မပြော နိုင်ဘူး"

ခမ်း



www.burmeseclassic.com

www.burmeseclassic.com



"ရဲကျော်စွာ ဒီအိမ်မီးလောင်တာ သွေးရိုးသားရိုးလား"

"ငါတို့အမြင်ကတော့ အိုင်ကိုမီးရှို့ခဲ့တာလို့ ယူဆတယ်၊ ဘာကြောင့်လဲဆိုတော့ . . အိမ်ရဲ့ခြံစည်းရိုးတစ်ခုမှာ လွှင့်ပစ်ခဲ့တဲ့ ဓာတ်ဆီပုံးရယ်၊ အခင်းဖြစ်တဲ့နေ့က မီးလောင်ရာကို လှမ်းပြီး တွေ့တဲ့ လူတစ်ဦးရဲ့ပြောဆိုမှုအရ . . မီးလောင်နေစဉ် စက်လှေ တစ်စီးမောင်းပြီးထွက်သွားတာကို တွေ့မြင်ခဲ့တယ်တဲ့ ဒါကြောင့် လုပ်ကြံမှုလို့ ယူဆတယ်"

"ဒိုးလေး အသတ်ခံရတာနဲ့ ဆက်နွယ်နေမလား . . ရဲကျော်စွာ"

"ပထမတော့ ငါက . . ဒိုးလေးနဲ့ ယမုံမို့မို့ဟာ မှုန့် သက်မှန်းမသိတော့ ဆက်နွယ်မယ်လို့ မယူဆခဲ့ဘူး၊ ခု . . မင်းတို့ ပြောမှ ဒိုးလေးနဲ့ ယမုံမို့မို့ဟာမောင်နှမဆိုတော့ ဆက်နွယ်မှု တစ်ခုတော့ဖြစ်နိုင်တယ် . . ငါတို့လည်း ဒိုးလေးအသတ်ခံရတဲ့ အမှုရော၊ ခု . . ယမုံမို့မို့အိမ်မီးရှို့ခံရတဲ့ကိစ္စပေါ်မှာတော့ အထူး ကြိုးစားနေတယ် ကြယ်စင် . . မင်းလည်း ဒိုးလေးကြောင့် ဘယ် လောက်စိတ်ထိခိုက်နေမလဲဆိုတာ ငါသိပါတယ် . . ဒါနဲ့ မင်း ဘယ်တော့ နိုင်ငံခြားပြန်ထွက်မှာလဲ ကြယ်စင်"

"ငါ . . ဒိုးလေးသတ်တဲ့ကောင်ကို မိမှပဲ ပြန်ထွက်မယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ ဆုံးဖြတ်ထားတယ်"

"ကြယ်စင်. . ."

"ဘာလဲ. . ရဲကျော်စွာ"

"မင်းရဲ့ ခံပြင်းမှုကို ငါကိုယ်ချင်းစာပါတယ်. . ဒါပေ မယ့်ကွာ ဥပဒေအပြင်ဘက်က တုံ့ပြန်တာမျိုးတော့ မဖြစ်ပါစေ နဲ့"

"စိတ်ချပါ ရဲကျော်စွာ. . ငါမင်းတို့နဲ့အတူလက်တွဲပြီး ဖော်ထုတ်မှာပါ"

"ကောင်းတယ် သူငယ်ချင်း. . မနက်ဖြန်မီးလောင်အိမ် ကို ပြန်ပြီးရှင်းလင်းရမယ်လေ. . မင်း စိတ်ဝင်စားရင်လာခဲ့ပေါ့"

"ငါလာခဲ့မယ်. . ဝဏ္ဏပြန်ကြမယ်"

"အေး. . ရဲကျော်စွာလစ်ပြီ"

"ကောင်းပြီ. . သစ်တောအရာရှိကြီးရေ. . ."

ရဲကျော်စွာကို နှုတ်ဆက်ပြီးပြန်ခဲ့ကြစဉ်. . .

"ခုဖြစ်စဉ်နှစ်ခုကို ဆက်နွယ်မှုရှိနေတယ်လို့. . မင်းထ လား ကြယ်စင်"

"ဖြစ်နိုင်တယ်လို့ပဲ ပြောလို့ရတယ်လေ. . အတိအကျ တော့ ဘာမှခိုင်ခိုင်လုံလုံပြောလို့မှ မရနိုင်သေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း. . ခြေရာခံဖို့ ဘယ်လိုနည်းလမ်းတွေရှာထားလဲ"

"ဟူး. . ဘယ်လိုခြေရာခံရမယ်ဆိုတာကို စဉ်းစားလို့မရသေးပါဘူးကွာ"

"ဒိုးလေးနဲ့ ပတ်သက်နေတဲ့လူတွေဆီကို အရင်ဆုံးစုံစမ်းရမယ်. . ဒီထဲမှာ ဒိုးလေးချစ်သူ ကေသွယ်မိုင်ဆီကို သွားရမယ်"

"ကေသွယ်မိုင်က ဒီမြို့မှာမနေတော့ဘူးကွ၊ အင်းလေးဘက်ကိုပြောင်းသွားပြီ"

"မင်းမှာ. . ကေသွယ်မိုင်လိပ်စာရှိလား"

"ငါ့ကိုတောင် ဘာမှအသိမပေးခဲ့ဘူး. . ပြောင်းသွားတယ်ဆိုတာပဲသိခဲ့ရတာ. . အင်းလေးမှာဆိုတာကို ငါ့အသိမိတ်ဆွေတစ်ယောက်ဆီက သိခဲ့ရတာ"

"ကေသွယ်မိုင်. . ဘာလို့မင်းကိုတောင် အသိမပေးရတာလဲ"

"မပြောတတ်ပါဘူးကွာ. . မင်းကိုပြောရင် စိတ်မကောင်းစရာဖြစ်ဦးမယ်"

"ဘာဖြစ်လို့လဲ ဝဏ္ဏ"

"ဒိုးလေးစျာပနကိုတောင် ကေသွယ်မိုင်မလာခဲ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ကေသွယ်မိုင်နှင့် ဒိုးလေးချစ်သူဖြစ်သွားပြီး၊ တစ်လ လောက်တွင် ကြယ်စင်မြန်မာပြည်ကို ပြန်ရောက်ချိန်မှ ဒိုးလေး မိတ်ဆက်ပေးလို့သိခဲ့သည်။ ဒိုးလေး. . ကေသွယ်မိုင်ကိုကာယ် မြတ်မြတ်နိုးနိုးချစ်ခဲ့သည်ကိုတော့ ကြယ်စင်သိသည်။ သူတို့နှစ် ယောက် ကြယ်စင်ကောင်းကင် မြန်မာပြည်ကိုပြန်ရောက်သည့် နေ့တွင် လက်ထပ်ကြမည်ဆိုသည့်အကြောင်းကို ဒိုးလေးစာထဲ တွင် သူဖတ်ခဲ့ရသည်။

ခု. . ဝဏ္ဏဆီက ကြားရသော သတင်းတွေကစဉ်းစား ၍ပင်မရ. . .

"ဝဏ္ဏ. . ကေသွယ်မိုင်နဲ့ပတ်သက်လို့ ဘာသတင်းတွေ ကြားသေးလဲ"

"ထွေထွေထူးထူး ဘာသတင်းမှတော့မကြားဘူးကွ. . ကေသွယ်မိုင်နဲ့ ဒိုးလေးတို့ မပြေလည်တာလှည်း ငါမကြားဘူး ဘာကြောင့် ဒိုးလေးစျာပနကို မလှ. . . ချက်ချင်းပြီး အင်းလေးကိုပြောင်းသွားတာလဲဆိုတာ ငါအံ့ဩနေတာ"

"ပြဿနာတစ်ခုခုတော့. . ဒိုးလေးနဲ့ ကေသွယ်မိုင်ကြား မှာရှိရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . ငါလည်းထင်မိတယ်"

"ငါ . . ကေသွယ်မိုင်နေတဲ့အင်းလေးကို လိုက်သွားမယ်"

"လိပ်စာ အတိအကျမရှိဘဲလွယ်ပါ့မလား"

"ရအောင်စုံစမ်းရမှာပေါ့ကွာ . . ဒါမှဒိုးလေး ဘာကြောင့် အသတ်ခံရတယ်ဆိုတာကို သဲလွန်စရမှာ"

"ငါပါ လိုက်ခဲ့နိုင်အောင်ကြိုးစားမယ်ကွာ . . ခွင့်မရရင်တော့ လိုက်နိုင်မှာမဟုတ်ဘူး"

"ရပါတယ် ဝဏ္ဏ"

www.burmeseclassic.com

www.burmeseclassic.com

အင်းလေးဘက်သို့သွားရန် အခန်းထဲတွင်ပြင်ဆင်နေစဉ် . . ဒိုးလေးသေတ္တာဆီသို့ မျက်လုံးရောက်သွားသည်။

သူငယ်ချင်း၏သေတ္တာလေးကို ဖွင့်ပြီး . . ဒိုးလေးအဝတ်အစားများနှင့်စာအုပ်များကို ယူပြီးကြည့်မိသည်။

အနက်ရောင် လည်သာအကျီလေးကို . . . ကြယ်စင်ကောင်းကင် တင်းကျပ်စွာဆုပ်ကိုင်မိသည်။ ထိုအကျီလေးသည် ဒိုးလေးကို ကြည်စင်ကောင်းကင်အမှတ်တရ လက်ဆောင်ပေးခဲ့သောအကျီလေးဖြစ်သည်။

"တောက်"

အောက်နှုတ်ခမ်းကိုကိုက်ပြီး . . ဒေါသ၏ နှလုံးကျင်မှုကာ ရင်ကိုဆူးတွေနဲ့ထိုးနေသလို . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com



ဗိုးလေးကိုပေးထားသော အကျီလေးကိုအပေါ်မှတင်ပြီး၊ အိတ်ထဲသို့နှိုက်စဉ်. . .

"ဟင်. . ."

အတွင်းအိတ်လေးထဲမှ စာအိတ်ခေါက်လေးကို စမ်းမိသဖြင့်. . ကြယ်စင်ကောင်းကင် ထုတ်ယူကြည့်လိုက်သည်။

စာအိတ်ပေါ်တွင် "မိုင်"ဆိုသည့် အမည်ကလေးကိုရေးထားလေသည်။ စာအိတ်ကိုဖောက်ပြီးဖတ်တော့. . .

"မိုင်. . .

မောင်စိတ်မကောင်းပါဘူး

'မိုင့်'တောင်းဆိုမှုကို. . မောင်မလိုက်လျောနိုင်တာကို ခွင့်လွှတ်ပါ။

မောင်. . မိုင်နဲ့စကားတွေအများကြီးပြောချင်တယ်၊ မောင့်ကိုတွေ့ခွင့်ပေးပါ. . မိုင်. . .

မိုင်. . မောင့်အပေါ်မှာ ခုလိုဥပေက္ခာပြုနေတာကို မောင်မခံစားနိုင်ဘူး။

ခုလာမယ့်. . စနေနေ့ မောင်တို့နှစ်ယောက် ဆုံနေကျနေရာလေးမှာ ဆုံကြရအောင် (++ - ×× -)နေနော်"

မောင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ကေသွယ်မိုင်နှင့် ဒိုးလေးတို့နှစ်ယောက်တွင် ပြဿနာတစ်ခုရှိနေပြီဆိုသည်ကို ကြယ်စင်ကောင်းကင် သဘောပေါက်လိုက်လေပြီ။ ထို့အပြင် စာထဲက. . ကေသွယ်မိုင်ကို ဒိုးလေးချိန်းသောနေ့သည် ဒိုးလေးအသတ်ခံရသည့်နေ့ပင်ဖြစ်နေလေသည်။

ကေသွယ်မိုင်သည် ဒိုးလေး အသတ်ခံရမှုမှာ ပတ်သက်မှုတစ်ခုတော့ရှိနေနိုင်သည်ကို ကြယ်စင်ကောင်းကင်နားလည်လိုက်သည်။

ခရီးဆောင်အိတ်ကိုဆွဲပြီး အိမ်ပေါ်မှဆင်းခဲ့စဉ်. . .

"ကြယ်စင်. . ဘယ်လဲကွ"

"တာရာ. . ခရီးတစ်ခုထွက်မလို့"

အစ်ကိုဖြစ်သူ တာရာကောင်းကင်က ကြယ်စင်ကိုလှမ်းခေါ်ပြီး. . .

"မင်း. . သဘော်ကုမ္ပဏီက လှမ်းပြီးခေါ်နေတဲ့စာရောက်နေတယ်"

"ငါ. . ဒီတစ်ခေါက် မလိုက်တော့ဘူးကွာ"

"ဘယ်လိုဖြစ်တာလဲ. . ကြယ်စင်"

www.burmeseclassic.com

www.burmeseclassic.com



"ငါ မြန်မာပြည်မှာ ကိစ္စလေးရှိလို့ပါ. . ဒက်ဒီနဲ့မာမီ ရော"

"အပြင်သွားကြတယ်"

"ဒါဆို. . တာရာ၊ ငါအင်းလေးဘက်ကိုကိစ္စလေးရှိလို့ ခေါ်သွားတယ်လို့ ပြောပေးပါ. . ."

"ကြွယ်စင်. . မင်း မာမီတို့ကိုခွင့်တောင်းသင့်တယ်၊ ခု သွားတဲ့ကိစ္စက မင်းကိစ္စကွ"

"ငါ့ကိစ္စဟုတ်လား. . ဘာများလဲ တာရာ"

"မင်းကို. . ဒက်ဒီမိတ်ဆွေတစ်ယောက်ရဲ့သမီးနဲ့ ပေး စားမလို့လူကြီးတွေသွားပြီး စကားပြောတာ"

"ဟာကွာ"

"ဟာကွာ လုပ်မနေနဲ့. . မင်းက ငါ့လိုရည်းစားမှမရှိတာ၊ လူကြီးပေးစီစဉ်တာကို ခေါင်းညိတ်လိုက်. . ကောင်မလေးက ချောချောလေး"

"တာရာရာ. . . ငါဒါတွေစိတ်မဝင်စားဘူး"

"စိတ်မဝင်စားလို့မရဘူး. . မင်းဆီက ရက်စ် အော် နီး မြေတစ်ခုခုကို ဒက်ဒီကသိချင်နေတာ"

"ကဲ. . ဒါဆိုပြောလိုက်တော့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောရမလဲ"

"မိဘနှစ်ပါး ကောင်းသလိုသာလုပ်တော့.. ငါအခင်းလေးကပြန်လာမှပဲ.. မင်္ဂလာကိစ္စပြောပါလို့"

"ကောင်းပြီ.. ဘာလဲ မင်းက ကားနဲ့သွားမှာလား"

"ဟုတ်တယ်"

"ဒါဆိုရင်.. ငါ့ကားနဲ့သွား၊ မင်းကားက ဟိုင်းဝေးမကောင်းဘူး"

"အေး.. အေး"

တာရာကောင်းကင်နှင့် ကားချင်းလဲကာ.. ဝဏ္ဏအိမ်ဘက်သို့ အရင်ဆုံးထွက်လာခဲ့သည်။

"ဝဏ္ဏရေ.. ဝဏ္ဏ"

"လာကွာ.. ကြယ်စင်.. မင်းသွားတော့မလို့လား"

"အေး.. ဟုတ်တယ်၊ မင်းသတင်းကို လာမေးတာ"

"ငါလိုက်လို့ မရသေးဘူး.. ခု သစ်တွေကိုလွှဲရမယ်လေ ငါမရှိလို့မဖြစ်ဘူး.. အစိုးရအိတ်စ်ပို့ဖြစ်နေတယ်"

"ဒါဖြင့်လည်း.. ငါသွားမယ်"

"ခဏနေဦး"

"ဘာလဲ.. . ဝဏ္ဏ"



www.burmeseclassic.com

www.burmeseclassic.com



"ကေသွယ်မိုင့်လိပ်စာကို ငါရထားတယ်"

ဝဏ္ဏာ အခန်းထဲကိုပြန်ဝင်ပြီး စာရွက်လေးတစ်ရွက်ကို ယူပြီးပေးလိုက်သည်။

ဝဏ္ဏာပေးလိုက်သောလိပ်စာလေးကို ကြည့်ကာ. . အကျီအိတ်ထဲသို့ထည့်ပြီး အင်းလေးဘက်သို့ခရီးဆက်ထွက် လာခဲ့တော့သည်။

ကြယ်စင်ကောင်းကင် ခေါင်းထဲတွင်. . ကေသွယ်မိုင် သည် ဒိုးလေးအသတ်ခံရသောကိစ္စတွင် ပါဝင်သူတစ်ဦးဖြစ်နေ သည်ဟု ထင်နေမိသည်။

ကားကို မန္တလေးဘက်မောင်းလာပြီး. . ညနေစောင်း သို့ရောက်ရှိချိန်တွင် ဗိုက်ဆာလာသဖြင့် စားသောက်ဆိုင်လေး တစ်ဆိုင်ရှေ့တွင်ကားထိုးရပ်ပြီး၊ ဆိုင်ထဲသို့ဝင်ခဲ့သည်။

ရာသီဥတုက ခပ်အေးအေးမို့ ဘီယာတစ်လုံး၊ ထမင်း ပေါင်းနှင့် ဟင်းကိုမှာကာ. . သောက်ရင်းစားနေမိ သည်။

"အပြင်မှာ ရပ်ထားတာရှင့်ကားလား"

"ဟင်"

မိန်းကလေးတစ်ဦး. . ကြယ်စင်ကောင်းကင်ထိုင်နေ သောစားပွဲရှေ့တွင်ဝင်ထိုင်ပြီး မေးသောကြောင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"ကျွန်မ. . ခရီးကြုံလိုက်ချင်တယ်"

ထိုလမ်းခရီးသည် မကြာခဏခရီးကြုံလိုက်ပြီး အန္တရာယ်ပေးတတ်သော နယ်မြေဖြစ်သောကြောင့်. . သူမ တောင်းဆိုမှုကို သိပ်ပြီးလက်မခံချင်. . .

"မင်းက. . ဘယ်ထိလိုက်ချင်တာလဲ"

"အင်းလေးထိ"

"ကျုပ်ကားက. . အင်းလေးထိမရောက်ဘူး"

ကြယ်စင်ကောင်းကင် တမင်ပြောလိုက်ခြင်းဖြစ်သည်။

"ရှင်ရောက်တဲ့အထိပဲ ပို့ပေးပါ. . ညအိပ်လို့အဆင်ပြေတဲ့နေရာကို ရောက်ရင်ရပါပြီ"

"မင်းက. . ဒီနေရာကို ဘာနဲ့ရောက်လာလို့ ခရီးမဆက်နိုင်တာလဲ"

"ဟိုမှာ. . မတွေ့ဘူးလား"

ဆိုင်အပြင်ဘက်တွင် ခရီးသည်တင်ကားပျက်နေသည်ကို တွေ့လိုက်ရသည်။

"ကားပြင်ပြီးတဲ့အချိန်ထိ စောင့်ပေါ့ကွာ"

"ရှင်. . မခေါ်ချင်ဘူးဆိုတဲ့သဘောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . ကျုပ်က တစ်ယောက်တည်းခရီးသွား ချင်လို့ထွက်လာလို့ပါ"

"ဒါဆိုရပါတယ်. . ရှင့်ကားမရရင်လည်း ရတဲ့ကားကို ဆက်ရှာတာပေါ့"

သူမ. . သူ့ဝိုင်းမှထပြီး အပြင်သို့ထွက်သွားလေသည်။

ကြယ်စင်ကောင်းကင် ဆိုင်အပြင်သို့ရောက်တော့ မှောင်စပြုနေလေပြီ. . .

ကားပေါ်သို့တက်ပြီး၊ အဝေးကိုလှမ်းကြည့်လိုက်တော့ သူမသစ်ပင်လေးအောက်တွင် ကားကြုံကိုစောင့်နေသည်။

ဒီအချိန်မျိုးတွင် ဘယ်ခရီးသည်ကားမှမသွားတော့ပေ။ သူမပုံစံက အရေးပေါ်ကိစ္စတစ်ခုခုကြောင့် သွားချင်နေသော ပုံသဏ္ဌာန်. . သူမမျက်နှာလေးကို သတိထားပြီးကြည့်မိတော့ နှစ်စင်းပြီး၊ မကောင်းကြံသောအသွင်အပြင်မဟုတ်ဟု စိတ်က ခံစားမိလေသည်။

"ဝူး. . ."

ကားကို စက်နိုးပြီး သူမဘေးတွင်ထိုးရပ်ကာ. . .

"လမ်းကြုံလိုက်ချင်ရင် တက်လေ. . ."

"ရှင်. . စိတ်ပြောင်းသွားပြီပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . မင်းကိုကြည့်ပြီးသနားသွားလို့"

သူမ ပြုံးစစနှင့်ကားပေါ်သို့တက်ခဲ့လေသည်။

"မင်းအတွက် သိပ်အရေးကြီးနေလို့လား"

"ဟုတ်ပါတယ်. . ချိန်းထားတဲ့သူနဲ့ လွဲသွားမှာစိုးလို့. . ဒီမှာတောင် ညမအိပ်နိုင်ဘဲ ခရီးဆက်ရတာ. . ရှင် ခုလိုစိတ်ပြောင်းသွားတာကိုအထူးကျေးဇူးတင်ပါတယ်"

"ရပါတယ်"

အမှောင်ထဲတွင် ကားလေးကိုမောင်းနှင်နေဆဲ. . .

ချောင်းလေးကိုဖြတ်ပြီး ဆောက်ထားသောတံတားလေးတစ်ခုသို့အရောက်တွင် လမ်းပိတ်ထားသည်ကိုတွေ့လိုက်ရသည်။ ကြယ်စင်ကောင်းကင် ကားပေါ်မှဆင်းပြီးသွားမေးသောအခါ. . .

"ဘာလိုဖြစ်လို့လဲ နောင်ကြီး. . ."

"အေးဗျာ တံတားကျိုးကျသွားလို့"

"ဟင်. . ဒါဆို ကားသွားလို့မရဘူးပေါ့"

"ဟုတ်တယ်. . အားချင်းတော့ပြင်နေပါပြီ. . မနက်လောက်ဆိုရင်တော့ ကားသွားလို့ရမှာပါ. . ဒီညတော့ ဒီမှာပဲကားရပ်ပြီး အိပ်ကြပါဗျာ. . ဟိုမှာဇရပ်ကြီးရှိတယ် အဲဒီမှာ

www.burmeseclassic.com

www.burmeseclassic.com



ခရီးသွားကားတွေကလူတွေလည်းနားနေကြတယ်"

ကြယ်စင်ကောင်းကင် ကားဆီသို့ပြန်လာပြီး. .

"ဘာဖြစ်လို့လဲ"

"တံတားကျိုးနေလို့ မနက်မှပဲသွားလို့ရမယ်"

"ဒုက္ခပါပဲ. အလျင်လိုမှအနှေးဖြစ်ရတယ်လို့"

"မင်း. . ဘယ်လိုစီစဉ်မလဲ"

"ခုမှတော့. . ဘယ်လိုမှစီစဉ်လို့ရမှာမဟုတ်တာ အိပ်ရမှာပေါ့"

"ဘယ်မှာ အိပ်မလဲ"

"ရှင်ရော"

"ကျုပ်ကတော့ ကားပေါ်မှာပဲအိပ်မယ်လေ"

"ရှင်. . ခွင့်ပြုမယ်ဆိုရင် ကားပေါ်မှာအိပ်ပါရစေ"

"ရပါတယ်. . ကားနောက်ခန်းမှာ လွတ်လွတ်လပ်လပ်အိပ်ပါ၊ ကျုပ်က ရှေ့ခန်းမှာပဲအိပ်မယ်"

သူမကားအောက်ကိုဆင်းပြီး. . ကားနောက်ခန်းသို့ပြောင်းရွှေ့လေသည်။

"ရှင်နဲ့ ကျွန်မ. . မိတ်ဆက်ခွင့်ရှိမလား"

"လူလူချင်း မိတ်ဆက်တာပဲဗျာ. . မရနိုင်စရာရှိလို့လား၊



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်အမည်က ကြယ်စင်ကောင်းကင်တဲ့"

"ဟုတ်ကဲ့. . ကျွန်မ နီဗ(လ်)မိုးပါ"

"ဟုတ်ကဲ့. . မှတ်ထားပါ့မယ်"

မိတ်ဆက်ပြီးနှစ်ယောက်သား စကားသံလေးတိတ်ဆိတ်သွားပြီးနောက်. . .

"အချမ်းဒဏ်က ပိုလာသလိုပဲ"

"ဟုတ်တယ်. . မင်းအပေါ်အင်္ကျီလေး ဝတ်ထားပါလား"

နီဗ(လ်)မိုး သူ့ခရီးဆောင်အိတ်ထဲမှ အနွေးထည်လေးကို ထုတ်ဝတ်ပြီး. . ဆိုဖာပေါ်တွင် ခေါင်းလေးတင်ကာမှေးနေသည်။

ကားထဲမှာ မှန်အလုံပိတ်နေတာတောင် အအေးဒဏ်က ကျောစိမ့်မတတ်ပင် အေးနေလေသည်။

"မင်းပုံကြည့်ရတာ အရမ်းချမ်းနေသလိုပဲ"

"ဟုတ်တယ်. . ကိုကြယ်စင်ကောင်းကင်"

"အပြင်မှာထွက်ပြီး မီးလှုံမလား"

အဝေးဆီမှ လူအုပ်စုမီးလှုံနေသည်ကို မြင်မိပြီးလိုက်သောကြောင့်. . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com



"သွားကြမယ်. . ကိုယ်လေးနွေးတော့မှ ပြန်ပြီးအိပ်ကြတာပေါ့"

"အင်း. . ."

နှစ်ယောက်သား မီးဖိုလေးဆီကိုလျှောက်လာခဲ့ကြလေသည်။

"လာဟေ့. . အအေးက ဒီညပိုပြီးကဲသလိုပဲ"

လူကြီးတစ်ယောက်က နေရာပေးလိုက်ပေမယ့်. . နှစ်ယောက်သားပူးပူးကပ်ကပ်လေးပင် ထိုင်လိုက်မိသည်။

မျက်နှာလေးပေါ်တွင်ဝဲပြီးကျနေသော ဆံနွယ်လေးတွေကြားမှ. . သူမမျက်နှာလေးကို အမှတ်တမဲ့ကြည့်မိလိုက်သည်။

အပြစ်ကင်းစင်သော ချောမောလှပသည့်မျက်နှာပိုင်ရှင်တစ်ယောက်ဖြစ်လေသည်။

မီးဖိုလေးပေါ်တွင် မီးလှုံနေသည့် သူမလက်ချောင်းသွယ်လေးများမှာ ဖယောင်းသားဖြင့်ထုဆစ်ထားသလို သွယ်လျှောင်းလှသည်။

"မင်းတို့ချစ်သူတွေဘဝကို ကြည့်ပြီး. . ငယ်ဘဝကောင်းပြန်ပြီးရောက်ချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်. . ."

"ဗျာ"

လူကြီး၏စကားကြောင့် တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်မိချိန်မှာ. . မျက်လုံးချင်းတိုက်ဆိုင်စွာပင် ဆုံမိလိုက်ကြလေသည်။

သူမတော့ မပြောတတ်. . ကြယ်စင်ကောင်းကင်က ရင်ဖိုမှုလေးတစ်ခုကို လှိုင်းထသလိုဖြစ်သွားလေသည်။

လူကြီးစကားပေါ်မှာ"မဟုတ်ဘူး"ဆိုတာကို သူမရေ သူပါ. . ဖြေရှင်းချက်မထုတ်မိလိုက်ပေ. . .

ဆောင်းည ရင်ခုန်မှုလေးကတော့. . အမှတ်မထင်ဝင် ရောက်ခဲ့ပြီမဟုတ်လား. . .။

www.burmeseclassic.com

www.burmeseclassic.com

နိုဗ(လ်)မိုးကို အင်းလေးတွင် ချထားခဲ့ပြီး. . . ကြယ်စင်ကောင်းကင် ခရီးဆက်ခဲ့သော်လည်း ရင်ထဲတွင် ဝေဒနာပုံရိပ်ကလေးတစ်ခုက ကပ်တွယ်နေဆဲ. . .

အင်းလေးဟိုတယ်တစ်ခုတွင်တည်းခိုပြီး၊ ကေသွယ်မိုင်ဆီကို ဆက်ပြီးခရီးဆက်ရန်ပြင်ဆင်လိုက်သည်။ ကေသွယ်မိုင်လိပ်စာကိုယူပြီး အပြင်ထွက်လာခဲ့သည်။

လိပ်စာအရ. . အိမ်နံပါတ်မလွဲပေမယ့်၊ ပြောင်းလာသည်မှာမကြာသေးသဖြင့်. . ပတ်ဝန်းကျင်ကိုမေးပေမယ့်၊ မသိသူကများသည်။

ခြံရှေ့ကိုရောက်တော့ လူခေါ်ဘဲ(လ်)ကိုနှိပ်ပြီးခေါ်လိုက်သည်။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com



ခြံစောင့်လူကြီးတစ်ယောက် ထွက်လာကာ. .

"ဘာကိစ္စလဲ မောင်ရင်. . ."

"ဒီအိမ်က ကေသွယ်မိုင်တို့အိမ်လား. . ."

"မောင်ရင် အိမ်မှားနေပြီကွဲ့. . မဟုတ်ဘူး"

"ဗျာ. . ဟို. . ဦးစကြာခေါင်သမီးလေ"

"မောင်ရင်ပြောတဲ့ နာမည်တွေဦးလေးမကြားဖူးဘူး"

"ဩော်. . . ဟုတ်ကဲ့"

ကြယ်စင်ကောင်းကင် ပြန်ပြီးထွက်လာခဲ့သည်။

ဝဏ္ဏ. . သူ့ကိုလိမ်ညာပြီးပေးလိုက်တာတော့ မဖြစ်နိုင်၊ ဝဏ္ဏကိုပေးသည့်သူက. . မှားယွင်းပြီးပေးလိုက်ခြင်းသာဖြစ်မည်။ ဒါပေမယ့်. . ကြယ်စင်ကောင်းကင် လက်လျှော့ပြီးမပြန်နိုင်ပေ။ ကေသွယ်မိုင်ကို အင်းလေးတွင်ရအောင်ရှာဖွေမည်ဖြစ်သည်။

ဒိုးလေး၏သဲလွန်စသည် ကေသွယ်မိုင်တွင် ရှိကိုရှိနေရမည်။

ကားကို. . ဟိုတယ်မှာထားခဲ့ပြီး လာခဲ့သဖြင့် ခြေလျင်ပဲ ပြန်လျှောက်ခဲ့သည်။

"ဟူး. . ."

ကြယ်စင်ကောင်းကင်. . ဘယ်လိုအစရှာရမလဲဆို



www.burmeseclassic.com

www.burmeseclassic.com



သည်ကို တွေးရင်း. . အင်းလေးဖောင်တော်ဦး ဘုရားဆီသို့သွားရန် စိတ်ကူးပေါက်လိုက်သည်။

စက်လှေတစ်စီးငှားပြီး ထွက်လာစဉ်. . .

"ဟာ. . ."

စက်လှေနှစ်စီး အပြိုင်မောင်းနေသလို မောင်းလာသောကြောင့်. . ကြယ်စင်ကောင်းကင်တို့စက်လှေ ဘေးသို့ကပ်ပေးစဉ်. . လှမ်းပြီးတွေ့လိုက်သည်က နိုဗယ်(လ်)မိုး. . .

သူမစီးသွားသည့် စက်လှေနောက်သို့ အနောက်မှစက်လှေက အတင်းလိုက်နေခြင်းဖြစ်သည်။

"စက်လှေဆရာ. . ."

"ဗျာ"

"ဒီစက်လှေကို အမှီလိုက်ပေးပါ"

"ဟုတ်ကဲ့. . ဒီကောင်တွေစက်လှေမြန်တယ်ဆိုတာ ဖုံလွှားတို့က ဖျင်းတောင်ဖျင်းသေးတယ်. . ဆရာသာ စက်လှေကိုမြဲမြဲကိုင်ထား"

စက်လှေသမားက သူပြောသည့်စကားအတိုင်း စက်လှေမှာရေနှင့်တောင်မထိဟု ထင်ရလောက်အောင်မြန်လှသည်။

"ဟင်. . ."



www.burmeseclassic.com

www.burmeseclassic.com



နိုဗယ်(လ်)မိုးတို့စက်လှေကို နောက်မှလိုက်သော စက်လှေက မှီသွားပြီး. . ဘေးချင်းတိုက်လိုက်သဖြင့် စက်လှေ မှောက်သွားသည်။ ရေထဲကျသွားသော နိုဗ(လ်)မိုးကို စက်လှေပေါ်သို့အတင်းဆွဲတင်မည်အပြု. . ကြယ်စင်ကောင်းကင် တို့စက်လှေအနားသို့ရောက်သွားပြီး. . .

"ဟေ့ကောင်တွေ. . ရပ်စမ်း"

"ကို. . ကြယ်စင်ကောင်းကင်"

စက်လှေပေါ်မှ ငနဲသုံးကောင် ကြယ်စင်ကောင်းကင် ကို အံ့အားသင့်စွာကြည့်ပြီး. . .

"မင်း. . ဘာဝင်ရှုပ်တာလဲ"

"ဘာဝင်ရှုပ်ရမလဲကွ. . မင်းတို့ပြုမူနေတာက ဥပဒေ မကာင်းတဲ့အလုပ်ကိုလုပ်နေလို့လေ"

"မင်းနဲ့မဆိုင်ရင်. . ဘေးကပ်နေ"

"မဆိုင်ရမလားကွ. . သူက ငါ့ချစ်သူ"

"ဟာ"

နောက်ဘက်မှ စက်လှေတွေပါ မောင်းလာသည်ကို ငနဲသုံးကောင်လှမ်းမြင်သောကြောင့်. . .

"ပစ်ချခဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

နို့ဗ(လ်)မိုးကို ရေထဲပစ်ချပြီး . . စက်လှေကို မောင်းပြီး ပြေးလေသည်။

သူမလက်ကိုဆုပ်ကိုင်ပြီး စက်လှေပေါ်သို့ဆွဲတင်လိုက်သည်။

"ကျေးဇူးပါပဲ"

"ကျေးဇူးတင်တာ နောက်မှတင် . . မင်းရေစိုတွေနဲ့ အအေးပတ်မယ်"

"ဆရာ . . ဘာဆက်လုပ်မလဲ"

"သူ့အတွက် အဝတ်အစားရနိုင်တဲ့ နေရာကိုသွားကြမယ်"

"ရတယ် . . ကျွန်တော့်အိမ်ကိုလိုက်ခဲ့၊ အင်းလေးဘောင်းဘီနဲ့ အင်းလေးအင်္ကျီတော့ဝတ်ရမယ် . . မိန်းကလေးဝတ်တော့မရှိဘူး၊ ကျွန်တော်က လူပျိုလူလွတ် . . တစ်ယောက်တည်းနေတာ"

"ရပါတယ်ဗျာ . . ဝတ်လို့ရရင်ပြီးတာပဲ"

စက်လှေကလေးက ပြန်ပြီးထွက်ချိန်တွင် လေတိုးနေသဖြင့် သူမကိုယ်လေးခပ်ကြုံ့ကြုံ့နှင့် သူ့ရင်ခွင်ထဲကိုရောက်

www.burmeseclassic.com

www.burmeseclassic.com



လုလုဖြစ်နေသည်။ မိနစ်(၂၀)လောက်မောင်းပြီး. . စက်လှေသမား အိမ်ကလေးသို့ရောက်ခဲ့လေသည်။

"ကဲ. . မိန်းကလေး အခန်းထဲမှာဝင်ပြီး လဲလိုက်၊ ကျုပ်မင်းတို့အတွက် တစ်ခုခုသွားစီစဉ်လိုက်ဦးမယ်"

စက်လှေသမား ရေနွေးကြမ်းနှင့် စားစရာတချို့ကို. . ယူဆောင်လာပေးပြီး၊ အင်းလေးရာဇဝင်အကြောင်းကို ပြောပြနေသည်။

သူမ အဝတ်အစားလဲပြီး၊ အခန်းထဲမှထွက်လာသည့် ပုံစံလေးကို လှမ်းပြီးကြည့်မိတော့ ဆံနွယ်ကလေးများပြန့်ကျဲလျက်. . အလှနတ်သမီးလေးတစ်ပါး ရောက်ရှိလာသလိုပင်. . .

"ပျံလွှားရေ. . ပျံလွှား"

"ဟာ. . စော. . ဘာလဲဟ"

"ငါ့ကို ဈေးတန်းဘက်. . ခရမ်းချဉ်သီးတွေ လိုက်ပို့ပေးပါဦး"

"ဟာ. ဒီမှာဧည့်သည်တွေ ပါလာလို့ဗျ"

"လုပ်ပါဟာ. . ဖောက်သည်ပေးရမှာမို့ပါ"

"ကဲ. . ကိုပျံလွှားလိုက်ပို့ပေးပြီးမှ ပြန်ခေါ်ပေါ့ဗျာ"

"ဆရာတို့ ခဏလေးစောင့်နော်. . ဟိုသွားအပြန်နာရီ

www.burmeseclassic.com

www.burmeseclassic.com



ဝက်ပေါ့”

ပျံလွှားအောက်သို့ ဆင်းသွားသည်နှင့်. . .

“ကဲ. . အမိနွေးသွားအောင် ရေနွေးလေးသောက်လိုက်ဦး”

“ကိုကြွယ်စင်ကောင်းကင်ကို ဘယ်လိုကျေးဇူးတင်စကားပြောရမှန်းတောင် မသိတော့ပါဘူး”

“ဘယ်လိုမှမပြောနဲ့. . ကူညီခွင့်ရလို့ကူညီရတာ၊ ဒါနဲ့ဘယ်လိုဖြစ်တာလဲ..ဒီကောင်တွေပုံစံက အမိကိုသဲကြီးမဲကြီးပဲ”

“ကျွန်မလည်း မပြောတတ်ဘူး. . ကျွန်မနောက်ကိုအတင်းလိုက်ပြီး ခေါ်တာ. . .”

“အမိက. . သူတို့နဲ့မသိဘူးလား”

“ဘယ်လိုမှ မပတ်သက်ဘူး ကိုကြွယ်စင်ကောင်းကင်”

“ဒါဆို. . တစ်ခုခုမှားယွင်းနေတာများလား”

“ကျွန်မလည်း ဒီလိုပဲထင်ပါတယ်”

သူမကိစ္စကို နှိုက်နှိုက်ချွတ်ချွတ် မေးရန်မသင့်သဖြင့်သူမပြောသည့်စကားအတိုင်းပဲ. . နားထောင်နေမိလိုက်သည်။

“ကိုကြွယ်စင်ကောင်းကင်က. . အင်းလေးဘုရားဖူးသွား. . .”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လို့ ဆိုရမှာပေါ့. . အမိကရော"

"လူတစ်ယောက်ကို လာပြီးရှာတာ"

"တွေ့ပြီလား. . ."

"မတွေ့သေးပါဘူး စကားမစပ်ကိုကြွယ်စင်ကောင်းကင်က ရှမ်းပြည်ဘက်ကလား"

"ဟုတ်တယ်. . တောင်ကြီးဘက်မှာနေတယ်. . အမိကရော"

"ရန်ကုန်ကပါ. . မနက်ဖြန်ဆို ဖောင်တော်ဦးပွဲတော်ရှိတယ်နော်"

"ဟုတ်လား. . ဘုရားဖူးသာလာခဲ့တာ ဘုရားပွဲရှိမှန်းတောင် သတိမထားမိခဲ့ပါဘူး. . မင်းတစ်ယောက်တည်းပြန်လို့ဖြစ်ပါ့မလား. . ဘယ်မှာတည်းတာလဲ. . ဟိုတယ်မှာပဲလား"

"ဟုတ်တယ်. . ပြန်ရမှာတောင် စိတ်ထဲမှာထင့်နေတယ်. . ကိုကြွယ်စင်ကောင်းကင်ကရော"

"ကျွင်သည်း. . ဟိုတယ်မှာပဲ တည်းတာပါ"

"ဒါဆိုရင်. . ကျွန်မ ရှင်တည်းတဲ့ဟိုတယ်မှာ သိုက်ပြီးတည်းချင်တယ် ရမလားဟင်"

"ဟိုတယ်က ကျုပ်ပိုင်တာမှမဟုတ်တာ. . ဘယ်တည်း



www.burmeseclassic.com

www.burmeseclassic.com



တည်းပေါ့"

"ရှင့်စကားက စိမ်းလိုက်တာ"

"ဟင်. . ကျုပ်က ဘယ်လိုပြောရမှာလဲ"

"ဘယ်လိုမှ မပြောနဲ့တော့"

"မင်းအတွက်. . ကျုပ်ကူညီနိုင်သလောက် ကူညီပေး

မှာပါ"

"မိတ်ဆွေကောင်း ပီသစွာပေါ့နော်. . ."

"ဟုတ်ကဲ့ပါဗျာ"

သူမ၏ ပါးနှစ်ဖက်ပေါ်မှ ပါးချိုင့်လေးတွေပေါ် အောင်

ပြုံးနေလေသည်။

တကယ့် အင်းလေးမယ်လေးပင်. . .

www.burmeseclassic.com

www.burmeseclassic.com

ဟိုတယ်မှာ (၂)ရက်လောက်နေခဲ့ပေမယ့်. . ကေသွယ်မိုင် သဲလွန်စကိုဘာတစ်ခုမှမရခဲ့ပေ. . .

နီဗယ်(လ်)မိုးကတော့ သူနှင့်အနီးကပ်ဆုံးကို ရောက်နေ ခဲ့သည်သာ အဖတ်တင်ခဲ့လေပြီ. . .

"ကိုကြယ်စင်ကောင်းကင်. . ဘုရားပွဲ မသွားဘူးလား"

ညနေခင်း အပြင်တွင်ထမင်းထွက်စားရင်း. . သူမ မေး လိုက်သောစကားကြောင့်. . .

"သွားမယ်. . နီဗယ်(လ်)မိုး"

"ဒါဆိုရင်. . မိုး လိုက်ချင်တယ်. . အလုပ်များနေ မလားမသိဘူး"

"အလုပ်ရှုပ်မယ့်ကိစ္စမှ မဟုတ်တာ. . အဝတ်အစား

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com



သွားလဲလေ. . သွားကြမယ်"

"ခဏလေးစောင့်"

သူမ ဟိုတယ်ပေါ် သို့ပြန်ပြီးတက်ကာ. . သိပ်မကြာ အဝတ်အစားလဲပြီး ပြန်ဆင်းလာသည်။

"ဟင်. . ."

သူမ၏ ဝတ်စားဆင်ယင်မှုလေးကြောင့် တကယ်ပင် နှလုံးသားကို လှုပ်ခါစေခဲ့လေသည်။

သူမဝတ်ဆင်လာသည်မှာ ဆန်းဆန်းပြားပြားမဟုတ်၊ ရိုးရိုးလေးပင်. . အင်းလေးအင်္ကျီလေးနှင့် ချိတ်လုံချည်လေး ပြီးတော့. . ပါးမှာ မိတ်ကပ်ပါးပါးလေးဖို့ပြီး ဆံနွယ်ကို ကျစ်ဆံမြီး လေးကျစ်ထားသောအလှလေးသည်. . ကြယ်စင်ကောင်းကင် မျက်လုံးထဲမှ မထွက်နိုင်တော့ပေ။

"သွားကြရအောင် ကိုကြယ်စင်"

ဟိုတယ်မှ. . စက်လှေဆိပ်ကို လမ်းလျှောက်ပြီးအသွား တွင်. . .

"ဝူး. . ."

"ကျွိ. . ."

ကားတစ်စီး. . သူတို့နှစ်ယောက်ကို ကျော်တက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ရှေ့တွင်ပိတ်ရပ်လိုက်သည်။ ကားပေါ်မှ လူ(၃)ယောက်ဆင်းလာပြီး. . .

"မင်း. . ငါတို့နဲ့လိုက်ခဲ့ပါ ယမုံမို့မို့"

"ရှင်တို့ကို ကျွန်မမသိဘူး. . မလိုက်နိုင်ဘူး"

"မင်း. . ဘာလုပ်ခဲ့တယ်ဆိုတာ. . မင်းကိုယ်မင်း အသိဆုံးနော်"

"ရှင်တို့. . ဘာတွေပြောနေတာလဲ၊ ဘာမှမသိဘူး. . ကျွန်မနာမည် ယမုံမို့မို့လည်းမဟုတ်ဘူး"

"ဟင်. . ."

ကြယ်စင်ကောင်းကင်. . ယမုံမို့မို့ အမည်ကလေးကြောင့် အံ့အားသင့်သွားသည်။ ငနဲသုံးယောက်ထဲက တစ်ယောက်က ဝင်ဆွဲမည်အပြု. . .

"ဘယ်လိုလဲဗျာ. . ဒေါသကြီးလိုက်တာ"

"ဟော့ကောင်. . ဟိုတစ်ခါက ရေထဲမှာမို့ မင်းသက်သာသွားတာ. . ဒီတစ်ခါတော့ မင်းနာမယ်နော်"

"ကြိမ်းဝါးလှချည်လား. . ကျုပ်က အရုပ်ကြီးမဟုတ်တာ. . ."

"ဒါဖြင့်. . ကဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ခွပ် . . ."

"ဖြောင်း"

"ကိုကြယ်စင် . . သတိထား"

သုံးယောက်လုံး ပြိုင်တူတိုက်ခိုက်သဖြင့် . . သတ်ကြီး စွာနှင့် ရှောင်ရင်း တုံ့ပြန်လိုက်သည်။

ငနဲသုံးကောင်လုံး အထိနာသွားပြီး . . ဓားကိုယ်စီထုတ် ချိန်တွင် အဝေးမှကားတစ်စီး မောင်းလာသည်ကိုတွေ့ပြီး . . ကားဆီသို့ ပြေးတက်ကာ မောင်းပြေးလေသည်။

"ရှင့်လက်ရည်ကောင်းသားပဲ . . ."

"တတ်သမျှ . . မှတ်သမျှနဲ့ တီးရတာပါ သွားကြမယ်"

"ကိုကြယ်စင်သာ ကျွန်မဘေးမှာ မရှိရင် . . ကျွန်မ တော့ ဒုက္ခပါပဲရှင်"

"ဒီလူတွေပြောတဲ့ နာမည်ကိုမင်းသိလား . . ."

"တစ်ခါမှ မကြားဖူးပါဘူး"

ကြယ်စင်ကောင်းကင်အတွက်တော့ သူမသည် . . ဒိုးဇလေးအတွက် သဲလွန်စကိုရှာပေးနိုင်သော မိန်းကလေးတစ် ဦးဖြစ်နိုင်သည်ဟု ယူဆမိလေသည်။

လှေဆိပ်သို့ရောက်တော့ . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ဆရာတို့စုံတွဲပါလား"

"ကိုပျံလွှား"

"ကဲ. . ဆရာ. . ဘုရားဘက်လား"

"ဟုတ်တယ်"

"မြန်မြန်လား. . နှေးနှေးလား"

"ခပ်နှေးနှေးသာ မောင်းပါ"

"ကောင်းပြီ"

"ဘုတ်. . . ဘုတ်. . . ဘုတ်"

စက်လှေကလေး မောင်းထွက်လာပြီး. . .

"ဟင်. . . "

မျက်နှာချင်းဆိုင်မှ လာနေသော စက်လှေတစ်စီးပေါ်မှ ကေသွယ်မိုင်နှင့် အမျိုးသားတစ်ယောက်ကို တွေ့လိုက်ရပြီး-

"ကိုပျံလွှား"

"ဗျာ. . .ဆရာ"

"စက်လှေ ပြန်ကွေ့ပြီး. . ဟိုစက်လှေနောက်ကို လိုက်ပေးပါ"

"ရတယ်. . ဆရာ"

စက်လှေကို ပြန်ကွေ့ပြီး. . ကေသွယ်မိုင်စက်လှေ

www.burmeseclassic.com

www.burmeseclassic.com



နောက်ကိုလိုက်သည်။ အနားသို့ရောက်တော့. .

"ကေသွယ်မိုင်"

"ဟင်"

ကေသွယ်မိုင်. . သူ့ကိုပြန်ပြီး အံ့အားသင့်သလိုဖြစ်သွားပြီး. . မျက်နှာကိုချက်ချင်းပြင်ကာ. . .

"ရှင်. . လူမှားနေပြီ"

"ဘာ. . မင်း. . ကေသွယ်မိုင်မဟုတ်ဘူးလား"

"မဟုတ်ဘူး. . ကျွန်မ စောသွယ်"

"ဟင်. . ."

ကေသွယ်မိုင်. . သူ့ကို လိမ်ညာလိုက်မှန်းသိလိုက်သည်။

ဒါဟာ့. . ကေသွယ်မိုင်. . ဒိုးလေးနှင့်ပတ်သက်ပြီး ရှိနေသားသော ကိစ္စတစ်ခုပင်ဖြစ်သည်။

စက်လှေပေါ်တွင် အတင်းအဓမ္မပြောနေ၍မကောင်း၊ ဘုရားဖူးသွားကြသူများနှင့် ရှုပ်ထွေးနေသဖြင့်. . . ဧြယ်စင်ကောင်းကင် စိတ်ကိုလျှော့ပြီး. .

"ဆောရီးဗျာ. . ."

"ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူမ စက်လှေကိုစက်တင်မောင်းပြီး မောင်းထွက်သွား
သည်။

"တောက်"

"ကိုကြယ်စင်"

"ဒါ. . ကျုပ်ကို တစ်ပတ်ရိုက်သွားတာ"

"ဆရာ. . ခုနကခေါ်တဲ့နာမည်က သူ့နာမည်တော့
မဟုတ်ဘူး. . စောသွယ်ဆိုတာ ဒီနယ်မှာလူတိုင်းသိတယ်"

"ပျံလွှား. . သူ့ကိုသိလား"

"သိတာပေါ့ဆရာ"

"သူ့အဖေနာမည်ကရော. . ."

"အင်း. . ဦးလကျာ်ခေါင်. . ရတနာရောင်းဝယ်ရေး
လုပ်တယ်လေ"

"ကျုပ်ကို တစ်ခုလောက်ကူညီနိုင်မလား"

"ဆရာ့ကို ဘာကူညီရမလဲ"

"ခုနက. . စောသွယ် ဘယ်မှာနေတယ်ဆိုတာကို သိချင်
တယ်"

"ရပါတယ် ဆရာ... ကျွန်တော်က အလွတ်တောင်
နေပြီ. . အမှတ် (+ × - + × -)၊ (+ × - + × -)လမ်းလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ."

ဝဏ္ဏ. . သူ့ကိုပေးခဲ့သောလိပ်စာအတိုင်းပင် ဖြစ်နေသည်။

ကေသွယ်မိုင် သူ့ကို ဘာကြောင့်လိမ်ညာခဲ့တာလဲ. . သူ့ဘေးက အမျိုးသားကြောင့်လား. . ဘယ်လိုပဲဖြစ်ဖြစ်၊ ဒိုးရှေ့လေး အသတ်ခံရမှုတွင် ကေသွယ်မိုင်ဘက်မှ ရိုးသားခြင်းမရှိတာတော့ သေချာသည်။

"ကိုကြွယ်စင်"

"ပြောပါ. . နို့ဗယ်(လ်)"

"ကျွန်မ. . ဘာကူညီပေးရမလဲ"

"ရပါတယ်"

"တစ်ယောက်နဲ့တစ်ယောက် လိုအပ်ရင်ပြောပါ. . ကျွန်မလုပ်နိုင်တဲ့ဘက်က လုပ်ဆောင်ပေးပါ့မယ်"

"လိုအပ်ရင် ပြောပါ့မယ်"

ဘုရားဘက်ဆီသို့ စက်လှေကလေးနီးကပ်စွာရောက်ရှိလာချိန်တွင်. . .

"ချပ်. . ."

"ဟင်. . ."

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်"

ကင်မရာတစ်လက်ရဲ့ အလင်းတန်းကြောင့် နှစ်ယောက်လုံးပြိုင်တူကြည့်မိလိုက်သည်။ စက်လှေတစ်စီးပေါ်မှ ရိုက်ပြီး. . မောင်းပြေးသွားလေသည်။

ဘယ်သူဘယ်ဝါဆိုသည်ကို မသိလိုက်. . .

အင်းလေးတွင် ကြယ်စင်ကောင်းကင်အတွက်ရော. . နိုဗယ(လ်)အတွက်ပါ. . အန္တရာယ်အနံ့အသက်တွေက ကပ်နေသလို ခံစားလိုက်ရသည်။

ဘုရားပေါ်သို့တက်စဉ်. . သူမလက်ကလေးကို ကိုင်ပြီးတက်ခဲ့မိသည်။

သူတို့နှစ်ဦးဆီသို့ မျက်လုံးတော်တော်များများက. . ရောက်လျက်. . ချစ်သူတွေလို့ထင်ပေမယ့်၊ သူတို့နှစ်ယောက်မှာတော့. . .

သံယောဇဉ် ပျိုးခင်းလေးဆီမှာပဲ ရှိနေကြတုန်းပင်. . ။

www.burmeseclassic.com

www.burmeseclassic.com

ညက ခြောက်ကပ်ကပ်ရှိသော်လည်း အေးစိမ့်နေလေသည်။ ထိုအေးစက်နေသော ညကို . . အန်တုပြီးနေကြသူကတော့ . . ဦးတိမ်ဘောပင်ဖြစ်သည်။

အရက်ပိုင်းမှ ဟာပည့်တွေနှင့် အပျော်ကြီးပျော်နေလေ၏။

"ဆရာတိမ် . . များနေပြီနော်"

"ဟေ့ကောင် ဆင်ကြီး . . မင်းက ငါ့ကိုသတိပေးနေတာလားပြောစမ်း"

"မ . . မဟုတ်ပါဘူး ဆရာ . . ဆရာအိမ်ပြန်ရမှာဝေးလို့ပြောနေတာ"

"ဘာမှ မင်းမပြောနဲ့ မင်းပါးစပ်ပိတ်ထားစမ်း၊ ဒီနေ့



www.burmeseclassic.com

www.burmeseclassic.com



ငါဘယ်လောက်ပျော်နေသလဲဆိုတာ မင်းသိလား. . ဒီမှာတွေ့လား"

ဦးတိမ်ဘော. . အိပ်ကတ်ထဲမှ စိန်ဘယက်တစ်ခုကို ထုတ်ပြလိုက်သည်။

"ဒီဘယက်က. . ဘယ်လောက်တန်တယ်ဆိုတာ မင်းသိလား"

"မ. . မသိပါဘူးဆရာ"

"ကာလပေါက်ဈေး. . သိန်းရာချီပြီးရှိတယ်ကွ. . ဟား. . ဟား. . ဟား. . ."

"ဒီနေ့ ဆရာစကြာခေါင်က ဝေစုပေးတာပေ့. . ဒါကြောင့်မင်းတို့ကို ငါကပြုစုနေတာ. . သောက်ကြစမ်း မူးအောင်သောက်"

စားပွဲဝိုင်းပေါ်တွင် အရက်ပုလင်းတွေက များနေသလို သောက်နေကြသော ဦးတိမ်ဘောတပည့်တွေလည်း ခေါင်းပင် မထူနိုင်ကြတော့ချေ။

"ချာတိတ် လာစမ်း"

"ဟုတ်ကဲ့"

စားပွဲထိုးကောင်လေးကို ဦးတိမ်ဘောလှမ်းပြီးခေါ် လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး. . .

"မင်း ဆိုင်ပိုင်ရှင်ကိုပြောလိုက်. . ဆရာတိမ်ဘော သောက်သွားတယ်၊ ကျသလောက်ကို မနက်ကျမှလာပြီးရှင်းမယ်"

"ဟုတ်ကဲ့ ခင်ဗျာ"

"သွားကြမယ်ဟေ့"

ဦးတိမ်ဘောကို ဆင်ကြီးတွဲပြီး၊ ဆိုင်ထဲမှထွက်လာခဲ့သည်။

"ဟိုကောင်တွေ. . ကိုယ့်အစီအစဉ်နဲ့ ကိုယ်ပြန်ကြတော့ ဂွတ်နိုက်"

"ဂွတ်နိုက်ပါ ဆရာ"

ဦးတိမ်ဘောနှင့် ဆင်ကြီးသာ ကားတစ်စီးနှင့်အိမ်သို့ပြန်လာခဲ့စဉ်. . ဦးတိမ်ဘောမှာ ကားနောက်ခန်းတွင်အိပ်ပျော်နေလေပြီ. . .

ဆင်ကြီးမောင်းလာသောကားမှာ ခြံကလေးတစ်ခုထဲသို့မောင်းဝင်လာပြီး အိမ်ရှေ့တွင်ရပ်လိုက်သည်။

"ရှင်. . တာဝန်ကျေတယ် ကိုဆင်ကြီး"

"ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလူကြီးကို အိမ်ထဲရောက်အောင်ခေါ်ခဲ့ဦး"

ဆင်ကြီး . . ဦးတိမ်ဘောကို တွဲမပြီးအခန်းထဲသို့ထည့်ကာ. . .

"မို့ . . ကြိုးပါတုတ်မလား"

"တုတ်လိုက် ဆင်ကြီး"

ယမုံမို့မို့ခိုင်းသည့်အတိုင်း ဆင်ကြီး. . ဦးတိမ်ဘောကို ကြိုးဖြင့်တုတ်လိုက်လေသည်။

"ရေပုံးနဲ့ ရေလောင်းလိုက်"

"ဟုတ်ကဲ့. . ."

ဆင်ကြီး ရေပုံးကိုယူကာ. . ဦးတိမ်ဘောကို ခေါင်းမှလောင်းချလိုက်လေသည်။

"ဝုန်း. . ."

"ဟာ. . မင်း. . မင်းတို့"

သောက်ထားသော အရက်မူးအရှိန်တွေ ကြက်ပျောက်ငှက်ပျောက်ပင် ပျောက်သွားလေသည်။

"ရှင်. . မမှတ်မိဘူးလား"

"မင်း. . ဘယ်သူလဲ၊ ငါ့ကို. . ဘာလို့ဖမ်းထားတာလဲ ဆင်ကြီး. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် . . ဒီမှာရှိတယ်"

"သစ္စာဖောက်"

"ကျုပ်က ဘယ်တုန်းကခင်ဗျားကို သစ္စာခံထားလို့ . . သစ္စာဖောက်ဖြစ်ရတာလဲ ဦးတိမ်ဘော . . ကျုပ်ယမုံမို့မို့ သစ္စာခံဗျ၊ ခင်ဗျားဆီကို တမင်တပည့်ခံပြီးဝင်လုပ်နေတာ"

"ဘာ . . ."

ဦးတိမ်ဘော . . မယုံကြည်နိုင်အောင်ဖြစ်သွားသည်။

"ကျွန်မ ဘယ်သူဆိုတာ . . ရှင့်ခေါင်းထဲရောက်လောက်ပြီထင်ပါတယ်"

"မင်း . . မသေ . . မသေဘူးလား"

"ဟား . . ဟား . . ဟား . . ဦးတိမ်ဘောရယ်၊ ရှင်တို့ သတ်ခဲ့ပြီး မီးရှို့ခဲ့တဲ့ ယမုံမို့မို့ မသေလို့တွေ့နေရတာပေါ့"

"ငါ . . ငါ့ကို . . ဘာ . . ဘာလုပ်မှာလဲ"

"ဘာလုပ်ရမှာလဲ . . ကျွန်မကိုသတ်ခဲ့စဉ်ကလိုပဲ . . ပြန်သတ်ရမှာပေါ့"

"ဟာ . . မင်း . . မလုပ်ပါနဲ့ကွာ၊ မင်းလိုချင်တာ ပေးပါ့မယ် . . ဒီတုန်းက ဦးစကြာခေါင် ခေါ်လို့လိုက်ခဲ့ရတာပါ"

"ယောကျ်ားတန်မဲ့သေရမှာကို ကြောက်နေသိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ရှင်. . မသေချင်ရင်. . ဦးစကြာခေါင်၊ ဦးမိုးစည်၊ ဦးဒေါင်းနင်း တို့ ဘယ်မှာနေတယ်ဆိုတာကိုပြောရင်. . ရှင့်အသက်ကို ရှင်ခွင့်ပေးမယ်"

"ပြော. . ပြောပါ့မယ်၊ ဦးစကြာခေါင်က အင်းလေးမှာနေတယ်... လိပ်စာ (+ × + × - + - +)၊ ဦးမိုးစည်က မိုးကုတ်ဘက်မှာနေတယ်. . ဦးဒေါင်းနင်းကတော့ ဦးစကြာခေါင်နဲ့အတူတူနေထိုင်ပါတယ်"

"သေချာတယ်နော်"

"သိပ်သေချာပါတယ်"

"ဒါဖြင့်လည်း ရော့. . ."

"အား. . မင်း. . မင်း. . ."

ဦးတိမ်ဘော. . နှလုံးတည့်တည့်သို့ ဓားမြှောင်စိုက်သွင်းပြီး၊ အေးစက်သောအပြုံးနှင့် ပြုံးကာ. . .

"ရှင့်အတွက် ဘဝအဆက်ဆက် ယမုံမှိုမှိုဆိုတဲ့သူရဲ့ လက်စားချေမှုကို အရသာခံပေတော့ ဦးတိမ်ဘောရေ. . ."

"မှို... ဘာဆက်ပြီးလုပ်မလဲ"

"လူသူကင်းတဲ့နေရာမှာ ပစ်သာထားလိုက်. . ခြောက်ဓာတ်ဆီလောင်းပြီး မီးပါရှို့ပစ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . ."

သွေးစွန်းနေသော ဓားမြှောင်ကိုကြည့်ပြီးနောက်. . .

"ဦးစကြာခေါင် ရှင်လည်းလွတ်အောင်သာပြေးပေဦးတော့. . ကျွန်မ အစ်ကိုနဲ့ကျွန်မအတွက် ရှင်တို့အသက်တွေကို ရအောင် နုတ်ယူမယ်. . ဟား. . ဟား. . ဟား. . စုတ်တံကိုင်တဲ့ ကျွန်မလက်တွေ ခုတော့ရှင်တို့ကြောင့် လူသတ်လက်နက်ကို ကိုင်နေပြီ. . ကိုင်နေရပြီ"

သူမ မျက်လုံးအိမ်တွင် နာကျင်ခြင်း၊ ကြေကွဲခြင်းတွေ ကပ်တွယ်လျက်ပင်. . .

ဆင်ကြီးက. . ဦးတိမ်ဘောအလောင်းကို ကားပေါ်သို့ တင်နေစဉ်. . .

"ဆင်ကြီး. . ငါပါလိုက်မယ်"

"မို့ရာ. . နင်နေခဲ့ပါ၊ ငါ့ဘာသာ ငါရှင်းလိုက်ပါ့မယ်"

"ငါကိုယ်တိုင်. . ဒင်းကို ဓာတ်ဆီလောင်းပြီး၊ မီးရှို့ပြန် သတ်ချင်နေတာ"

သူမ ကားပေါ်သို့တက်သွားပြီဖြစ်သောကြောင့်. . ဆင်ကြီးဆက်မပြောဘဲ ကားကိုမောင်းထွက်ခဲ့တော့သည်။

"မို့. . နောက်ပစ်မှတ်က ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မိုးကုတ်က. . ဦးမိုးစည်"

"ဒါဆို မနက်ဖြန်. . ခရီးတစ်ခါတည်း ထွက်ကြမယ်လေ"

"ဆင်ကြီး. . နင်ပဲစီစဉ်လိုက်တော့. . ဒီည ဒင်းကိုလက်စားချေခဲ့တဲ့အရသာကို ငါအရသာခံပြီးအိပ်မယ်"

ကားလေးမှာ လူသူကင်းမဲ့သောနေရာလေးတစ်ခုသို့ မောင်းထွက်လာခဲ့နေလေပြီ. . .။

www.burmeseclassic.com

www.burmeseclassic.com

"ရှင်ကဘယ်သူလဲ. . ဘာကိစ္စနဲ့ ကျွန်မကိုတွေ့ချင်တာလဲ"

ကေသွယ်မိုင်. . နီဗယ်(လ်)မိုးကို ကြည့်ပြီး မေးနေလေသည်။

"ကျွန်မအမည်က နီဗယ်(လ်)မိုးပါ. . ရှင့်ကိုတွေ့ချင်ရတဲ့ကိစ္စက ဒိုးလေးဆိုတဲ့လူနဲ့ပတ်သက်ပြီးတွေ့ချင်တာ"

"ဘာရှင့်. . ."

ဒိုးလေးအမည်ကို ကြားလိုက်သည်နှင့် ကေသွယ်မိုင် တုန်လှုပ်ချောက်ချားသွားသည်။

"ဒိုးလေးနဲ့ ရှင်က ဘယ်လိုပတ်သက်လဲ. . ."

"ကျွန်မက ဒိုးလေးရဲ့ညီမလေ"

"ဟာင်. . ."

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအစ်ကို အသတ်ခံရတာကို. . သိချင်လို့လာ

မေးတာပါ"

"ရှင့်အစ်ကို အသတ်ခံရတာ. . ကျွန်မနဲ့ဘာမှမသ

ဆိုင်ဘူး. . အို. . ဘာမှမသိဘူး. . မသိဘူး"

ကေသွယ်မိုင်. . နားကိုပိတ်ပြီး အော်ဟစ်နေသည်။

"ရှင့်ကိုကြည့်ရတာ. . စိတ်တွေလှုပ်ရှားနေသလို

ကေသွယ်မိုင်. . ရှင့်ပယောဂမပါဘူးဆိုရင် လူတစ်ယောက်

တွေ့လိုက်ပါ"

"ဘယ်သူနဲ့တွေ့ရမှာလဲ. . ."

"ကြယ်စင်ကောင်းကင်"

"ဟင်. . ."

"သူ့ဆီမှာ ရှင်ဗိုးလေးနဲ့ နောက်ဆုံးတွေ့ခဲ့တဲ့အကြော

ရင်း ခိုင်ခိုင်လုံလုံရှိထားတယ်"

"ဘာ. . ."

"တကယ်လို့. . ရှင်သူနဲ့ မတွေ့ဘူးဆိုရင် သက်ဆိုင်

ကို သူကထုတ်ပြီးပြောပြလိမ့်မယ်"

"ရှင်. . လာပြီး ခြိမ်းခြောက်နေတာလား"

"ကေသွယ်မိုင်. . စိတ်ထင်လို့ပါ၊ စဉ်းစားပါဦးလေ



www.burmeseclassic.com

www.burmeseclassic.com



နှင့်ကို ကျွန်မ(၁၀)မိနစ်အချိန်ပေးမယ်"

ကေသွယ်မိုင်. . စကားသံတိတ်ဆိတ်စွာဖြင့် ငြိမ်သက်နေပြီး. . .

"ကြယ်စင်ကောင်းကင် ဘယ်မှာလဲ"

"ဟိုတယ်တစ်ခုမှာ ရှိနေပါတယ်"

"ကောင်းပြီ. . ငါလိုက်ခဲ့မယ်၊ ဒါပေမယ့်. . ငှလုံခြုံရေးအတွက် အဖော်ခေါ်ခဲ့မယ်. . မင်းတို့ရှိမယ့်နေရာကို ပြောခဲ့"

"ရှင့်ဘက်က ကတိတည်ပါ. . (+ × - + × -)ဟိုတယ်က စောင့်နေမယ်. . သွားခွင့်ပြုပါဦး"

ကေသွယ်မိုင်ကို နှုတ်ဆက်ပြီးထွက်ခဲ့တော့သည်။

အိမ်အပြင်ဘက်တွင် အသင့်စောင့်နေသော. . . ကြယ်စင်ကောင်းကင်မှ. . .

"ဘယ်လိုလဲ. . နိုဗယ်(လ်)"

"သူလာခဲ့မယ်တဲ့. . ဟိုတယ်ကပဲသွားပြီး စောင့်တာ. . ."

"ကျေးဇူးပဲ"

"မလိုအပ်တဲ့စကားလုံးတွေပါ. . ကြယ်စင်"

နှစ်ယောက်သား ချိန်းဆိုထားသော ဟိုတယ်ဆီသို့

www.burmeseclassic.com



ပြန်လာခဲ့ကြသည်။

ကြယ်စင်တို့ ဟိုတယ်သို့ရောက်ပြီး. . နာရီဝက်လောက် အကြာတွင် ကေသွယ်မိုင်နှင့် လူတစ်ယောက်ရောက်လာသည်။

"ကြယ်စင်ကောင်းကင်"

"ထိုင်ပါ. . ကေသွယ်မိုင်၊ ငါ့ကို ဘယ်လိုပဲမတွေ့အောင် ရှောင်ရှောင်. . အမည်ဘယ်လိုပဲပြောင်းပြောင်း. . မင်း ငါ့ဆီကို ရောက်လာရတာပဲလေ"

"ရှင်. . ဘာသိချင်တာလဲ"

"ဒိုးလေး. . ဘာကြောင့်အသတ်ခံရတာလဲ"

"ရှင့် အမေးစကားက ကျွန်မကိုစွပ်စွဲနေသလိုပဲ. . ဒိုးလေးအသတ်ခံရတာ. . ကျွန်မနဲ့ဘယ်လိုမှ မသက်ဆိုင်ဘူး"

"ဒိုးလေး အသတ်ခံရတဲ့နေ့က မင်းဆီကအပြန်မှာ မဟုတ်လား"

"ဟုတ်တယ်. . သူနဲ့ကျွန်မ လမ်းခွဲတဲ့နေ့ပဲ၊ အပြန်မှာ သူအသတ်ခံရတာ. . ကျွန်မနဲ့အဝေးကြီးပါ"

"ထားလိုက်ပါလေ. . မင်း ဘာကြောင့် ဒိုးလေးကို လမ်းခွဲရတာလဲ"

"ဒါကတော့ ရှင်းပါတယ်. . သဘောထားချင်းမတိုက်

www.burmeseclassic.com

www.burmeseclassic.com



ိုင်လို့ပေါ့"

"မင်းအကြောင်းပြချက်က. . မပြည့်စုံဘူး"

"ရှင့်စကားတွေက ကျွန်မပေါ်မှာသံသယတွေနဲ့ ပြော

နေပါလား"

"ကျုပ်သံသယဖြစ်ရတဲ့. . သက်သေရှိနေလို့ပါ"

"ဘာသံသယလဲ. . ."

"မင်းနဲ့ ဒိုးလေး. . လမ်းခွဲရတဲ့ အကြောင်းရင်းက မင်း

နှတောင်းဆိုမှုကို ဒိုးလေးက မလိုက်လျောခဲ့လို့ပဲ"

"ဘာ. . . ရှင့်. . ."

"မင်း. . ဘာတောင်းဆိုတယ်ဆိုတာကို ဒိုးလေးငါ့ကို

ပြောပြခဲ့ပြီးပါပြီ"

"ဟင်. . ."

ကြယ်စင်ကောင်းကင်. . တကယ်တော့ ကေသွယ်မိုင်

ဘာတောင်းဆိုသည်ကို လုံးလုံးမသိခဲ့ပါ. . .

"ရှင်. . သိရင်လည်း ပြီးတာပဲလေ၊ ဒါပေမယ့်. .

လေး အသတ်ခံရတာ ကျွန်မတောင်းဆိုမှုနဲ့မသက်ဆိုင်ဘူး၊

စ်ခိုးသမားတွေက လုပ်ကြံတာပဲဖြစ်မယ်"

သူမ. . သံသယပစ်မှတ်ကို လမ်းလွှဲနေခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတဲ့ လူသတ်တရားခံက မင်းလောက်မသေချာဘူး. . ."

"ကြယ်စင်ကောင်းကင်. . ရှင့်စကား လွန်ပြီနော်"

"ဒီမှာ မိမိန်းမချော. . လူတစ်ယောက်ကို ထင်ကြေးနဲ့စွပ်စွဲတာမျိုးမလုပ်ပါနဲ့. . သက်သေခိုင်လုံရင် လာဖမ်းလှည့်. . မိုင်သွားမယ်"

ထိုလူက. . ကေသွယ်မိုင်ကို လက်ဆွဲပြီးထွက်သွားလေသည်။

"ကြယ်စင်. . ဘယ်လိုဆက်လုပ်မလဲ"

"ဒီးလေး အသတ်ခံရတာ ကေသွယ်မိုင်ပယောဂ မကင်းဘူးဆိုတာတော့ ရာနှုန်းပြည့်ပဲ၊ ဒါပေမယ့်. . သက်သေတွေက သိပ်ပြီးမခိုင်လုံသေးဘူး၊ ခိုင်လုံအောင်ထပ်ပြီး ကြိုးစားဦးမယ်"

"ကျွန်မသဘောပြောရရင်. . ရှင့်သူငယ်ချင်း ဘာကြောင့်အသတ်ခံရတာလဲ ဆိုတာကို. . အရင်သိအောင်လုပ်ရင် သတ်တဲ့တရားခံကို ဖော်ထုတ်ပြီးသားဖြစ်လိမ့်မယ်"

"ဟုတ်တယ်. . ကျုပ်လည်း ဒါကိုပဲစဉ်းစားနေတာပါ နိုဗယ်(လ်)ကရော ကျုပ်နဲ့အတူ. . အင်းလေးမှာနေဦးမှာလား"

"ပထမတော့. . ကျွန်မကိစ္စပြီးရင် ပြန်မလို့ပဲ၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ရှင့်အတွက် ကျွန်မကူညီပေးချင်သေးတယ်. . ရှင်ခွင့်ပြုရင်ပေါ့၊ ဘယ်လိုလဲ ကိုကြယ်စင်"

"မင်းဆီက. . အကူအညီကို ယူရဦးမှာဆိုတော့"

"ကောင်းပြီ. . ဒါလောက်ဆို ကျွန်မသဘောပေါက်တယ်. . ခု လောလောဆယ် အပြင်ကိုသွားကြရအောင်"

"နိုဗယ်(လ်)ကိစ္စရှိလို့လား"

"ကျွန်မ မိတ်ဆွေတစ်ယောက်ဆီကို သွားချင်လို့. . ရှင်လိုက်ခဲ့ပေးပါလား"

"လိုက်ရမှာပေါ့. . ခုချိန်မှာနှစ်ယောက်က ရဲဘော်ရဲဘက်တွေ ဖြစ်နေတယ်မဟုတ်လား"

"သေတူ. . ရှင်မကွာကိုလည်း ထည့်ပြီးပြောပါဦး"

သူမစကားကြောင့် ကြယ်စင်ကောင်းကင်. . ရင်ခုန်သံလေးမြန်သွားသလို. . သူမကတော့ သူပြောသည့်စကားပေါ်မှာ တုန်လှုပ်ခြင်းမရှိသလို တည်တည်ငြိမ်ငြိမ်ပင် ထွက်လာခဲ့ကြလေသည်။

ကားကို မောင်းလာပြီး. . လမ်းအချိုးကွေ့လေးနားသို့ ရောက်တော့. . .

"ဟာ. . ."

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ရှေ့မှ နွားပေါက်လေးတစ်ကောင် ဖြတ်ပြေးသဖြင့်. . အားကိုဘေးဘက်သို့ ကွေ့မောင်းချလိုက်စဉ်. . .

"ဖောင်း. . ."

"ချွင်. . ."

ကြယ်စင်ကောင်းကင် ကားမှန်ကို သေနတ်ကျည်ဆံ ထိမှန်သွားခဲ့လေသည်။

ကားပေါ်မှ. . နှစ်ယောက်လုံးဘာမှ မဖြစ်ပေမယ့်၊ ကားအောက်သို့ ဆင်းခဲ့ကြသည်။

"နိုဗယ်(လ်)ဒီကိုလာ"

"ဖောင်း. . ဖြောင်း. . ချွင်. . ."

သေနတ်ကျည်ဆံတွေက ဆက်တိုက်ကိုလာလေသည်။

ကျည်ဆံလာရာလမ်းကြောင်းကို လှမ်းပြီးကြည့်တော့ အဝေးတစ်နေရာမှ ပစ်ခတ်နေခြင်းဖြစ်သည်။

"ဝူး. . ကျွီ"

ရဲကားတစ်စီး. . ရောက်လာသောကြောင့် ပစ်ခတ်မှု ရပ်သွားပြီး. . ကြယ်စင်ကောင်းကင်တို့နှစ်ယောက်ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ရဲကျော်စွာ"

"ကြယ်စင်. . ဘာတွေဖြစ်တာလဲ"

"ငါတို့ကို လုပ်ကြံတာကွ"

ရဲကျော်စွာ. . ကားကိုသေချာစွာကြည့်ပြီး. . .

"အဝေးက စနိုက်ပါနဲ့ပစ်တာပဲ. . ဒီမှန်ပေါက်က မင်းဖူးတည့်တည့်ပဲ. . မင်း ဘာမှမဖြစ်ပါလား"

"နွားကယ်လို့ကွ. . ဒီကောင်လှမ်းပြီးပစ်တဲ့အချိန်. . နွားလေးက ဖြတ်ပြီးအပြေး ကားကလေးကိုထိုးချလို့ ကျည်ဆံက တပ်ပြီးလွဲသွားတာ. . ."

"ဒါနဲ့. . မင်းက ဒီနယ်ကိုဘယ်လိုလုပ်ပြီး ရောက်လာတာလဲ"

"ငါ ကိစ္စတစ်ခုခုနဲ့လာတာ. . မင်းကားကို တွေ့လို့"

"ရဲကျော်စွာ. . မင်း ခုလုပ်ကြံတဲ့သူက ဒိုးလေးကိုလုပ်ကြံခဲ့တဲ့သူမဖြစ်နိုင်ဘူးလား"

"တစ်ယောက်တည်းပဲ ဆိုရမယ်ကြယ်စင်. . ဒိုးလေးကိုလည်း ခုလိုပစ်ပြီးလုပ်ကြံခဲ့တာ. . မင်းတို့သတိထားတော့"

"ဘာကြောင့်လုပ်ကြံတယ်လို့ မင်းထင်သလဲ. . ."

"ဒိုးလေးနဲ့ပတ်သက်ပြီး မင်းလိုက်စုံစမ်းနေတာကို

www.burmeseclassic.com

www.burmeseclassic.com



သိသွားလို့နေမှာပေါ့"

"ဒါဆိုရင်. . အနီးစပ်ဆုံးအဖြေတစ်ခုကို ငါရထားပြီ၊ ရဲကျော်စွာ"

"ဘာများလဲ. . ."

"ငါ့ကိုလုပ်ကြံတဲ့သူဟာ. . ဦးလေးချစ်သူ ကေသွယ်မိုင်နဲ့ ပတ်သက်နေတယ်"

"မင်း. . ဘာကြောင့်ပြောနိုင်တာလဲ ကြယ်စင်"

"ခိုင်ခိုင်လုံလုံတော့ မဟုတ်ဘူး. . ငါ ဦးလေးအသတ်ခံရတာနဲ့ပတ်သက်ပြီး စုံစမ်းနေတာကို. . ပထမဆုံးသိသူက ကေသွယ်မိုင်ပဲ. . မင်းကို ငါပြည့်ပြည့်စုံစုံပြောနိုင်အောင်ကြိုးစားဦးမယ်. . ."

"ကြယ်စင်. . ငါပြောသလို ဥပဒေအပြင်ဘက်ကိုတော့ မရောက်စေနဲ့ကွာ. . ကဲ မင်းငါတို့ကားနဲ့ လိုက်ခဲ့၊ မင်းကားကို ငါ့ရဲဘော်လေးတစ်ဦး မောင်းခဲ့လိမ့်မယ်"

"အေး. . ."

နိုဗယ်(လ်)နှင့် ကြယ်စင်ကောင်းကင်တို့ ရဲကျော်စွာကားပေါ်သို့ တက်ခဲ့ကြလေသည်။

"နိုဗယ်(လ်). . ."

www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ. . ကြယ်စင်"

"အန္တရာယ်တွေက အနီးကိုရောက်နေပြီ၊ ကျုပ်ဘေးမှာ နေရဲသေးရဲ့လား. . ."

"ဆုံးဖြတ်ပြီးရင်. . ကျွန်မက မပြင်တတ်ဘူး ကြယ်စင်၊ ရှင့်ကိုပြောခဲ့ပြီးပြီပဲ. . သေတူ ရှင်မကွာ စကားလေးက အလွတ်ရလို့ ပြောလိုက်တာမဟုတ်ပါဘူး ရှင်ရယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဆရာ အပြင်မှာ. . မိန်းကလေးတစ်ဦးက ဆရာ့ကို
တွေ့ချင်လို့တဲ့"

"ဟော. . ဘယ်သူလဲ"

"မသိဘူး ဆရာ"

ဦးမိုးစည်ကို. . တပည့်ဖြစ်သူက ပြောလိုက်သော
ကြောင့် ထိုင်နေရာမှထကာ. . .

"ဘယ်မှာလဲ. . ."

"အပြင်. . ဖြိုဝမှာ"

"တစ်ယောက်တည်းလား"

"ဟုတ်ကဲ့"

"ပုံပန်း သဏ္ဍာန်က ဘယ်လိုလဲ. . ."

"ဟဲ. . ဟဲ. . ဆရာ့အကြိုက်လေးပဲ. . ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



တောဆန်တယ်"

"ဘယ်လိုပဲဖြစ်ဖြစ်ကွာ. . ခေါ်ခဲ့စမ်း. . ဟိုကောင်ဗိုက်လေး ပို့လိုက်တာဖြစ်မယ်"

တပည့်ဖြစ်သူ အောက်ကိုထွက်သွားပြီးသိပ်မကြာ. . တောနယ်အရပ်မှလာသော မိန်းကလေးတစ်ဦးကို ခေါ်လာလေသည်။

"ကဲ. . တူမလေး ဘာကိစ္စ"

"ဟို. . ဟို. . ကိုဗိုက်ကလေးက၊ အန်ကယ့်ဆီမှာအိမ်ဖော် လူလိုချင်တယ်ဆိုလို့. . ကျွန်မလာခဲ့တာပါ"

တပည့်ဖြစ်သူ ဗိုက်ကလေးဆရာ့အတွက် အကွက်ဆင်ပေးလိုက်သည်ကို ဦးမိုးစည်သဘောပေါက်လိုက်သည်။

"ဟုတ်တယ်ကွဲ့. . မင်း ထမင်းဟင်းကောင်းကောင်းချက်တတ်မှာပေါ့"

"ချက်တတ်ပါတယ်. . အန်ကယ်"

"အန်ကယ်က ဟင်းကောင်းကောင်းကြိုက်တာနော်၊ ဆက်ရာရောကောင်းရဲ့လား. . ."

"ကျွန်မ ထမင်းဆိုင်မှာချက်ခဲ့ဖူးပါတယ်"

"အင်း. . ဒါဆိုရင် မဆိုးဘူး၊ ဪ. . နာမည်လေးက

www.burmeseclassic.com

www.burmeseclassic.com



ရော. . ."

"စံပယ်ပါ အန်ကယ်"

"လူနဲ့ နာမည်လေးက လိုက်ဖက်သားပဲ. . ဒီနေ့ကစပြီ
အလုပ်ဝင်လို့ရပြီ၊ အိမ်မှာက အန်ကယ်တစ်ယောက်တည်းနေ
တာ. . တပည့်တွေချက်တာကို စားနေရတာ ခံတွင်းမတွေ့
ဘူးကွာ"

"အောင်ကို. . သူ့အတွက် အခန်းလုပ်ပေးလိုက်"

"ဟုတ်ကဲ့ ဆရာ"

"စံပယ်. . လိုက်သွားလိုက်"

"ကျေးဇူးတင်ပါတယ် အန်ကယ်"

"ရပါတယ်ကွာ. . ."

ဦးမိုးစည်အတွက် သားကောင်တစ်ကောင်. . ပစ်ကွင်း
ထဲသို့စတင်ပြီးရောက်ရှိလေပြီမဟုတ်လား. . ."

စံပယ့်ကိုယ်လုံးလေးကို နောက်ကနေကြည့်ပြီး၊ ...
နပ်စွာဖြင့်ပြုံးနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"အန်ကယ်. . ဇက်ကြောတွေတက်ရင် စံပယ်နှိပ်ပေးမယ်လေ"

"ဟုတ်တယ်. . ခုရက်ပိုင်း ကျောက်ကိစ္စတွေနဲ့ အလုပ်များပြီး စိတ်ပန်းလူပန်းဖြစ်နေတယ်. . ဇက်ကြောတွေထိုးကာတော့ မပြောပါနဲ့ကွာ. . ဟိုကောင်တွေနှိပ်ခိုင်းလည်း အသုံးမကျဘူး. . နာတာပဲရှိတယ်"

စံပယ်က ဦးမိုးစည်ဇက်ကြောလေးကို နှိပ်ပေးရင်း. . ထိတထိ အထိအတွေ့တွေကြောင့် ဦးမိုးစည်စိတ်မှာကြွလာနေသည်။

"အို. . အန်ကယ်"

"စံပယ်လေးကို အန်ကယ်ကအတည်ယူမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးစည် အတင်းဆွဲဖက်မည်အပြု. . စံပယ်ကရုန်းထွက်ပြီး. .

"အန်ကယ်ရယ်. . စံပယ်ကဆင်းရဲတယ်၊ အန်ကယ်တို့လို ချမ်းသာကြွယ်ဝတဲ့သူနဲ့ မထိုက်တန်ပါဘူး"

"စံပယ်လေးရယ်. . ဒါတွေပြောမနေပါနဲ့ အန်ကယ့်ကို လက်ထပ်ရင် စံပယ်လည်းချမ်းသာသွားမှာပေါ့. . ဟဲ. . ဟဲ"

စံပယ်အနားသို့ အတင်းကိုးကပ်မည်အပြု. . .

"အန်ကယ်. . စံပယ့်ကို တကယ်လက်ထပ်မှာလား"

"တကယ်ပြောတာပေါ့ ကလေးရယ်"

"ကောင်းပြီ. . စံပယ့်ကိုခုတော့ သည်းခံပါနော်၊ ညကျ. . အစ်ကိုကြီး စံပယ့်အခန်းကိုလာခဲ့ပါ"

ဦးမိုးစည်နားက စံပယ်ပြေးထွက်သွားသည်။

ဦးမိုးစည်အတွက်တော့ ကျေနပ်စွာဖြင့်ပြုံးနေလေသည်။

"ဟိုကောင်. . အောင်ကို"

"ဗျာ. . ဆရာ"

"မင်းတို့ကောင်တွေ. . ဒီည စိတ်ကြိုက်မူးပမ်းပေ့"

"ဘာဖြစ်လို့လဲ. . ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"စံပယ်လေးနဲ့ငါ ပြေလည်သွားပြီ"

"ငါ့ဆရာက တယ်ဟုတ်ပါလား. . ."

"လောကမှာ. . ဒါက လိုရာကိုပြည့်စေတယ်လေ"

ဦးမိုးစည် လက်ကလေးကို ဝိုင်းပြလိုက်သည်။

"ဆရာတပည့်တို့ဆီမှာ ဆရာပြောတဲ့အဝိုင်းလေးက မြှတ်နေပြီ. . အရက်ဝယ်ဖို့လေး မ,စပါဦး"

"ဖြစ်စေရမယ်. . ရော့. . ယူသွား"

အိတ်ကပ်ထဲမှ ငွေတစ်ထောင်တန်တစ်ထပ်ကို ထုတ်ပေးလိုက်ပြီး. . .

"ဆရာ့အတွက်ရော. . ."

"ပါရမှာပေါ့ကွာ. . ယမကာလေးနဲ့ ပိုမြီလေးတို့နှစ်ပါးသွားကရမယ့်ညလေးပေါ့ကွာ. . ဟား. . ဟား. . ဟား"

ရမ္မက်မုဆိုးကြီးရဲ့ အောင်မြင်သောရယ်မောသံကြီးမှာ ဆိတ်ထဲတွင် ပဲ့တင်ရိုက်ခတ်သွားခဲ့လေသည်။

လက်မှ နာရီကိုဆွဲလှည့်ပြီး. . ညကိုချက်ချင်းပြောင်းလဲချင်နေလေပြီ. . .။

www.burmeseclassic.com

www.burmeseclassic.com

နံရံပေါ်တွင် ရွေ့လျားနေသော. . နာရီသံလေးက
တဖြည်းဖြည်း အချိန်ကုန်ဆုံးမှုကို ဖေါ်ဆောင်သွားနေသလို
ပင်. . ဦးမိုးစည်၏ တပည့်ကျော် အောင်ကိုလည်း အရက်ပုလင်း
များကြားတွင် ခေါင်းမထောင်နိုင်တော့ပေ။ ထိုအချိန်တွင်
ဗိုက်ကလေးမှာ အရက်ပုလင်းကိုဆွဲကာ ခြံထဲသို့ဆင်းသွားပြီး
ဆက်သောက်နေသည်။

ဦးမိုးစည်. . မူးအောင်မသောက်ဘဲ၊ ခပ်ဖွဖွဖြေး
ဖြင့် စံပယ်အခန်းရှိရာသို့ လျှောက်လာခဲ့သည်။

"ဒေါက်. . ဒေါက်. . ."

"အန်ကယ်လား. . ."

"ဟုတ်တယ်. . ."

"တံခါးကို စေ့ထားတာ တွန်းပြီးဝင်ပိုက်. . ."

www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးစည် တံခါးကိုတွန်းပြီးအခန်းထဲကို ဝင်လိုက်သည်။

"စံပယ်လေးက တကယ်လှတာပဲ"

စံပယ်ကို ခြေမှခေါင်းထိ မျက်လုံးကျွတ်ကျမတတ်ကြည့်ပြီး. . သဘောတွေ့နေလေသည်။ စိတ်ကိုချုပ်တည်း၍ မရဘဲ ပြေးပြီးဖက်မည်အပြု. . .

"အန်ကယ်. . တံခါး ပြန်ပြီးပိတ်လိုက်လေ"

"ဆော. . ဆောရီး"

"ဂျိုင်း. . ."

တံခါးကိုပိတ်ပြီး. . စံပယ်ကိုခါးလေးမှ ပွေ့ဖက်ပြီး၊ ခုတင်ပေါ်သို့လှဲအချတွင်. . .

"ဒုတ်. . ."

"အိ"

ဦးမိုးစည်ခေါင်းကို. . ခပ်ဆတ်ဆတ်လေး ရိုက်ချလိုက်သောကြောင့် အမူးပင်ပြေသလို ဖြစ်သွားသည်။

"မင်း. . ဘယ်သူလဲ. . ဟော့ကောင်တွေ"

"ခင်ဗျားကောင်တွေကို လှမ်းပြီးတ,မနေနဲ့. . ခုလောက်ဆို အိပ်ကောင်းကောင်းနဲ့အိပ်နေပြီ"

"မင်း. . ဘာကောင်လည်း ဘာလာလုပ်တာလဲ. . ."

www.burmeseclassic.com

www.burmeseclassic.com



ဆင်ကြီး. . ဦးမိုးစည်မျက်နှာကိုကြည့်ပြီး. . .

"ကျုပ်ဘာကောင်လဲဆိုတာ ခင်ဗျားကိုပြောစရာမလို ဘူး. . ဘာလာလုပ်သလဲဆိုတာ သူ့ကိုမေးကြည့်"

"မင်း. . ."

"ရှင်. . ကျွန်မမျက်နှာကို သေသေချာချာကြည့်ပါဦး"

မျက်နှာတွင်ကပ်ထားသော အရည်ခွံလွှာကိုခွာပြလိုက် သည်။ ဦးမိုးစည်. . ထိုမျက်နှာကို သေချာစွာကြည့်ကာ. . .

"မင်း. . ယမုံ. . မို့. . မို့"

"ရှင်. . မှတ်ဉာဏ်တွေ မပျက်စီးသေးဘူးပဲ"

"မင်း. . သေပြီလေ"

"ဟုတ်တယ်. . သရဲဘဝနဲ့ ရှင်တို့ကိုပြန်လာပြီး လက် စားချေတာ"

"မ. . မ. . လုပ်. . ပါနဲ့"

ဦးမိုးစည် ကြောက်လန့်ချောက်ချားစွာဖြင့် ပြေးရန်ကြိုး စားသည်နှင့်. . ဆင်ကြီးက ဦးမိုးစည်ခြေကောက်ကို သိမ်းပြီး ရိုက်ချလိုက်သဖြင့် ဒူးထောက်ကျသွားသည်။

"ငါ. . ငါ့ကို မသတ်ပါနဲ့. . ဦးစကြာခေါ်တာ ငါတား ရက်နဲ့ သတ်ဖို့လုပ်ခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . သနားစရာ ကောင်းနေပြီ"

"မင်းတို့ငွေကို လိုချင်ရင်ကြိုက်သလောက်ယူပါကွာ . . အသက်ကိုတော့ ချမ်းသာပေးပါ"

"ရှင့်ဆီက ငွေလည်းယူမယ် . . လူကိုလည်းသတ်မယ်အဲ . . လိုကဲ့ဆိုသာတောင်းပေတော့ လူယုတ်မာကြီး"

"အား . . အု . . အု"

ဆင်ကြီးမှ ပါးစပ်ကိုပိတ်လိုက်သည်နှင့် ယမုံမို့မို့ . . နှလုံးအညွှတည့်ကိုဓားဖြင့် ထိုးချလိုက်လေသည်။

"ဆင်ကြီး သွားမယ် . . အပြင်မှာရော ပြင်ဆင်ထားသား"

"မို့ . . ငါ အားလုံးပြင်ဆင်ထားပြီးပြီ၊ ကားမောင်းထွက်မဲ့ . . ဒီအလောင်းကို ဒီအတိုင်းထားခဲ့မှာလား"

"ယုံးစံအတိုင်း မီးရှို့ခဲ့"

ဆင်ကြီး အဝတ်စတစ်ခုကို မီးရှို့ပြီး . . ဦးမိုးစည်အလောင်းပေါ်တွင် တင်ထားခဲ့လေတော့သည်။

ယမုံမို့မို့အတွက် . . ဒုတိယမြောက် လက်စားချေခြင်းကို အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဘာမှ အသုံးမကျတဲ့ကောင်တွေ. . မိန်းကလေးတစ်
ယောက်တောင် ရအောင်ခေါ်မလာနိုင်ဘူး. . ."

ဦးစကြာခေါင် ဒေါသတွေပေါက်ကွဲလုမတတ် ဖြစ်နေ
သည်။

"ကြယ်စင်ကောင်းကင်ဆိုတဲ့ ကောင်က. . ကြားကနေ
ဝင်ပါလာလို့ပါဆရာ"

"ကြယ်စင်ကောင်းကင်ဆိုတဲ့လူတစ်ယောက်ကို မင်းတို့
(၅)ယောက်က အပြတ်မရှင်းနိုင်ဘူးလား. . ပြောကြစမ်း"

"ရှင်းနိုင်ပါတယ် ဆရာ"

"ရှင်းနိုင်ရင် ဘာမှဆင်ခြေပေးမနေနဲ့ နောက်တစ်ခါဒီ
ယောက်လုံးကို ရှင်းပစ်၊ မရှင်းနိုင်လို့ကတော့ မင်းတို့ကိုငါရှင်း
မယ်. . သွားကြတော့"

www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို မောင်းထုတ်ပြီး ဆိုဖာတွင်ပြန်ပြီးထိုင်နေသည်။

"ယမုံမို့မို့..နင်အသက်ပြင်းတာကိုး..တောက်..ဒီလောက် မီးရှို့ထားခဲ့တာတောင် ဘယ်ကနေအသက်ရှင်လည်းမပြောတတ်ဘူး..ဒီတစ်ခါတော့ ပြာကျအောင်ငါကိုယ်တိုင်မီးရှို့မယ်"

ဦးစကြာခေါင်တစ်ယောက်တည်း ယမုံမို့မို့ကိုကြိမ်းဝါးနေလေသည်။

"ဒက်ဒီ..."

"သမီး"

ဦးစကြာခေါင်ဘေးတွင် ကေသွယ်မိုင်ဝင်ပြီးထိုင်ကာ-

"ဦးမိုးစည်တစ်ယောက်·အသတ်ခံရပြန်ပြီ"

"ဘာ..."

ဦးစကြာခေါင်အတွက် ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းသော သတင်းတစ်ခုပင်...

"ဘယ်သူသတ်တာလဲ"

"ယမုံမို့မို့များလား"

"မဖြစ်နိုင်ဘူး..ဒီကောင်မက အင်းလေးမှာရှိနေတာ"

www.burmeseclassic.com

“သမီးကြားတာက. . အိမ်ဖော်ကောင်မလေးက သတ်ပြီး ထွက်ပြေးတာတဲ့”

“ဒီကောင်က မိန်းမနဲ့ပက်သက်ရင်မ့ရဘူး. . ဒါကြောင့် အသတ်ခံရတာနေမှာပေါ့ကွာ”

“ဒက်ဒီ. . ကြယ်စင်ကောင်းကင်ကိစ္စကို အမြန်ဆုံးရှင်းတော့နော်. . နို့မို့ဆိုရင် ဒိုးလေးသတ်တဲ့ကိစ္စပေါ်တော့မယ်”

“ခွန်နောင်”

“ဆရာ. . .”

ဦးစကြာခေါင် ခေါ်သံကြောင့်အပြေးကလေး ရောက်လာသည်။

“မင်းလက်က. . ကျည်တစ်တောင့် လူတစ်ယောက်ဆိုခဲ့. . ကျည်(၃)တောင့်လောက်ပစ်တာတောင် မသေပါလား”

“ဒီကောင်တွေကို ဘုရားသခင်က. . အသက်ရှင်ခွင့်ပေးထားတာပါ၊ မကြာခင် ဆရာကြားချင်တဲ့သတင်း ကြားစေရပါ့မယ်”

“ဒီသတင်းကို ငါအမြန်ဆုံးကြားချင်တယ်. . ခေါ်င်းနင်းကို ငါ့ဆီလွှတ်လိုက်. . .”

“ဟုတ်ကဲ့”

www.burmeseclassic.com



လက်ဖြောင့် ကြေးစားလူသတ်နေသည့် ခွန်နောင်ထွက်ခွာသွားပြီးနောက်. . ဒေါင်းနင်းဝင်လာခဲ့သည်။

"ဆရာ. . ဘာကိစ္စရှိလို့လဲ"

"မင်းကို စုံစမ်းခိုင်းထားတဲ့ တောထဲကပစ္စည်းကိစ္စ ဘယ်လိုလဲ"

"ခုလောလောဆယ်. . သွားပြီးယူဖို့ခက်မယ်"

"ဘာဖြစ်လို့လဲ. . ."

"သစ်တောတွေကို သက်ဆိုင်ရာက ကြပ်ကြပ်မတ်မတ် လုံခြုံရေးချပြီးနေတော့. . ဝင်ဖို့မလွယ်ဘူး"

"ဟာကွာ. . ဒီပစ္စည်းတွေကိုအမြန်ဆုံးထုတ်ပြီး၊ ငါတို့ ခြေရာဖျောက်ရတော့မယ်. . ခုငါတို့နောက်ကို သက်ဆိုင်ရာက ခြေရာခံနေပြီကွ၊ တခြားနည်းလမ်းရှာကြစမ်း"

"ဝင်လို့ရတဲ့ နည်းလမ်းရှိတယ်"

"ဘယ်လိုလဲ ပြောစမ်း"

"တောရဲ့ အနောက်ဘက်ခြမ်းကဝင်ရင်တော့ ရမယ်၊ ဒါပေမယ့်. . ခရီးကကြမ်းတယ်ဆရာ"

"ဘယ်လောက်ကြမ်းကြမ်းကွာ. . ဝင်ပြီးသယ်မယ်"

"ကောင်းပြီဆရာ. . ကျွန်တော်စီစဉ်လိုက်မယ် ဆရာပါ



www.burmeseclassic.com

www.burmeseclassic.com



လိုက်မှာလား"

"ဒက်ဒီ လိုက်ကြရအောင် . . သမီးလည်းရောက်ဖူးချင်တယ်"

"သမီးလိုက်လို့မဖြစ်ပါဘူး . . တောကကြမ်းတယ်"

"ဟင့်အင်း . . လိုက်မှာပဲ"

"ကဲ ကဲ . . ဒီလောက်ဖြစ်နေရင်သွားရင်သမီးကိုခေါ်မယ် ဒေါ်ဝင်းနှင်း ငါပါလိုက်မှာ လူအင်အားကောင်းကောင်းစီစဉ်ထား"

"ဟုတ်ကဲ့"

"ဒက်ဒီ . . ဒီပစ္စည်းတွေသယ်ပြီးရင် တစ်ဖက်ကိုအပြီးကူးမှာလား"

"ကူးရမှာပေါ့ သမီးရယ်"

"ဒါဆို . . ကိုမင်းမင်းလတ်ကိုရော"

"ခေါ်သွားရမှာပေါ့ . . ဟိုကျမှ သမီးတို့မင်္ဂလာကိစ္စလုပ်ကြမယ်"

ဒိုးလေး အသတ်ခံရပြီးနောက် . . ဝေသွယ်မိုင်အတွက် ဒုတိယမြောက် ရွေးချယ်ခဲ့သောချစ်သူပင်ဖြစ်သည်။

မင်းမင်းလတ်က နယ်စပ်တွင်မှောင်ခိုလုပ်ငန်းဖြင့် . . ချမ်းသာကြွယ်ဝနေသောသူပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးကို ဒက်ဒီသတိပေးရဦးမယ်"

"ဘာများလဲ. . ဒက်ဒီ"

"ခုရက်ပိုင်းအတွင်း. . အပြင်သွားတာကို သိပ်ပြီးမလုပ်ပါနဲ့. . ရဲတွေက ဒက်ဒီတို့နဲ့အနီးဆုံးမှာ ခြေရာခံနေတယ်"

"စိတ်ချပါ. . အဲ. . ဒီနေ့ မင်းမင်းနဲ့ပါတီပွဲလေးတစ်ခုကို သွားမယ်နော်ဒက်ဒီ"

"သွားလေ. . မောင်မင်းမင်းလာပြီးခေါ်မှာလား"

"အင်း. . ဟို. . ဟို. . သမီးကို၊ ဒက်ဒီ့စိန်လည်ဆွဲလေးဆွဲသွားချင်တယ်"

"သမီး. . ဒီပစ္စည်းက ဟိုးနှစ်ပေါင်းများစွာက ပစ္စည်းနော်. . အဖိုးကမနည်းဘူး၊ ဟိုကောင်တိမ်ဘောကို ပေးလိုက်တာအတု. . အစစ်က ဒက်ဒီဆီမှာ၊ တော်သေးတာပေါ့ ဒီကောင်အသတ်ခံရလို့. . ."

"ဒက်ဒီ. . ခုဆိုရင် ဝေစုပေးရမယ့်သူက တစ်ယောက်ပဲရှိတော့တယ်နော်"

"ဟုတ်တယ်. . ဒေါ်င်းနင်းတစ်ယောက်ပဲ ရှိတော့တယ်၊ ဒီကောင်လည်း တောထဲမှာအပြတ်ရှင်းခဲ့ရမှာ"

www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံသို့ကြယ်စင်ကောင်းကင်နှင့် နိုဗယ်(လ်)တို့နှစ်ဦး ရောက်လာခဲ့သည်။ ဆေးရုံသို့အဝင်. . .

"နိုဗယ်(လ်). . ဒီလူက ဦးစကြာခေါင်နဲ့ဘယ်လို ပတ်သက်လဲ"

"ဦးကျင်ဆောင်က ဦးစကြာခေါင်ဆီမှာ ဒရိုင်ဘာလုပ် ဖူးတယ်လေ"

"ဘာလို့ ဆက်ပြီးမလုပ်တာလဲ"

"ဦးကျင့်ဆောင်က ရိုးသားတယ်. . မကောင်းမှုကို တွေကိုရှောင်တယ်. . ပထမဦးစကြာခေါင်ဆီမှာ လခကောင်း တယ်ဆိုပြီး ကားဝင်မောင်းနေတာ၊ နောက်တော့ ဦးစကြာခေါင် ဟာ ကျောက်အရောင်းအဝယ်ကိုအယောင်ပြပြီး၊ ဒုစရိုက်လုပ်

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

www.burmeseclassic.com



. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

င်န်းတွေကို လုပ်ကိုင်နေတာကိုသိလာပြီး . . အလုပ်ကထွက် သိုက်တာပါ"

"ဒါကို . . ဦးစကြာခေါင်က လွယ်လွယ်ခွင့်ပြုခဲ့လား"

"ခွင့်ပြုခဲ့တယ် . . ခွင့်ပြုတာကလည်း ဦးကျင်ဆောင်က ဦးစကြာခေါင်လုပ်နေတာတွေကို မသိချင်ယောင်ဆောင်ပြီးနေခဲ့ သို့ပါ"

"ဪ . . ."

"သိခဲ့ရင်မတော့ အပြုတ်ရှင်းမှာပဲ ကြယ်စင် . . ခု သူ့ အစာအိမ်ရောဂါကြောင့် ဆေးရုံမှာခွဲစိတ်ကုသခံနေတာ"

"နိုဗယ်(လ်)နဲ့ ဦးကျင်ဆောင်က ဘယ်လိုသိကျွမ်းခဲ့တာ လဲ . . ."

"ဦးကျင်ဆောင်ကို နိုဗယ်(လ်)က ကူညီပေးခဲ့ဖူးတယ်၊ တုန်းက ဦးကျင်ဆောင် ဗိုက်အရမ်းအောင့်ပြီး၊ လမ်းပေါ်မှာ နေတာကို . . ကျွန်မပဲ ဆေးရုံပို့ပေးခဲ့တာပါ"

"ဪ . . ."

"နောက်မှ စကားစပ်မိရင်း . . ဦးစကြာခေါင်နဲ့ပတ်သက် တယ်ဆိုတာကို သိခဲ့ရတာ . . ကြယ်စင်အတွက် အကျိုးရှိမယ် င်လို့ခေါ်လာတာ"

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

www.burmeseclassic.com

www.burmeseclassic.com



"အင်း. . ဦးကျင်ဆောင်ဆီက ကိုယ်လိုချင်တဲ့သတင်း ရှိနိုင်ပါ့မလား"

"ရှိနိုင်မယ်လို့ ကျွန်မယုံတယ်. . ဟိုခုတင်ပေါ်က လူနာပဲ"

သူမလှမ်းပြီးပြသော ခုတင်သို့လာခဲ့ကြပြီး. . .

"အန်ကယ်နေကောင်းလား. . ."

"ဪ. . သမီးလေးတိုင်ကွယ်၊ နေကောင်းပါတယ်. . ခွဲထားတယ်ဆိုတော့ သိပ်ပြီးလှုပ်လှုပ်ရှားရှားတော့နေလို့မရဘူး"

"ဘာတွေ လိုအပ်သေးလဲ အန်ကယ်"

"ပြည့်စုံပါတယ် သမီးရယ်. . သမီးလေးကိုလည်း ကျေးဇူးတင်ပါတယ်၊ ဒီကျေးဇူးကို ဘယ်တော့မှမမေ့ပါဘူး"

"ရပါတယ် အန်ကယ်. . သမီးမိတ်ဆက်ပေးရဦးမယ် သူက. . သမီးချစ်သူ ကိုကြယ်စင်ကောင်းကင်တဲ့"

"ဪ"

နီ(ဗယ်လ်)က ဦးကျင်ဆောင်သို့အပေါ် ယုံကြည်အောင်ပြောလိုက်သော စကားဖြစ်ပေမယ့် ထိုစကားသော သည်. . ကြယ်စင်ကောင်းကင်ရင်ကို ကြည်နူးလေးတစ်ခု ဖြစ်စေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ့်ကို သမီးအကူအညီတစ်ခုတောင်းချင်လို့"

"သမီးရယ်. . ခွင့်တောင်းစရာမလိုပါဘူး. . သမီးကို အန်ကယ်ဘာအကူအညီပေးရမလဲ. . ပြောပါ"

"တခြားမဟုတ်ပါဘူး. . ဦးစကြာခေါင်နဲ့ပတ်သက်ပြီး သိချင်တာလေးတစ်ခုရှိလို့"

"ဘာများလဲကွယ်"

"ဦးစကြာခေါင် တောထဲမှာ. . ဘာတွေတွေ့ထားလဲ၊ ဒါမှမဟုတ် တစ်ခုခုကိုလုပ်နေသလားဆိုတာကို အန်ကယ် ဘာများသိထားလဲလို့ပါ"

"ဦးစကြာခေါင်တို့(၄)ယောက် တောထဲမှာရှေးဟောင်း ဘာနာသိုက်တစ်ခုကို တွေ့ရှိခဲ့တယ်လို့ အန်ကယ်ကြားဖူးတယ်၊ ဒါလည်း ဟို. . ဦးမိုးစည်ဆိုတဲ့လူနဲ့ ဒေါင်းနင်းစကားများတုန်း က အမှတ်မထင်ကြားလိုက်ရတာ. . ဒီတုန်းက ဝေစုခွဲတာ နည်း တယ်များတယ်ဆိုပြီး ပြောနေကြတာကို အန်ကယ်အမှတ်မထင် ကြားလိုက်ရတာလေ. . ပစ္စည်းသုံးပုံတစ်ပုံလောက်ကိုတောင် ယူသယ်ပြီးကြပြီလို့ ပြောတာပဲ"

ကြယ်စင်ကောင်းကင်. . ဒိုးလေးကို ဦးစကြာခေါင် သတ်ရသောအခြေခံအကြောင်းရင်းကို သိလာခဲ့လေပြီ. . .

www.burmeseclassic.com

www.burmeseclassic.com



"နောက်. . ဘာများသိချင်သေးလဲကွယ်၊ ဪ. . ပြောရဦးမယ်၊ သူတို့ရတနာသိုက်ကိုတွေ့ခဲ့စဉ်က သစ်တော အရာရှိတစ်ယောက်က ဓာတ်ပုံရိုက်ယူသွားလို့ အဲဒီအရာရှိကို တောင် ရှင်းပစ်ခဲ့တယ်လို့ ပြောသေးတယ်"

"ဟင်. . ."

"ဟာ"

ဒိုးလေးကို သတ်ခဲ့သောသူကို နိုင်နိုင်မာမာသိခဲ့ရပြီ ဒါပေမယ့်. . ခိုင်လုံသည့်သက်သေအထောက်အထားရဖို့ ရှာ ဦးမည်။

ကြယ်စင်ကောင်းကင်. . ဦးကျင်ဆောင်ကျန်းမာရေး ကြောင့် ဆက်ပြီးမမေးတော့ဘဲ ပြန်လာခဲ့ကြသည်။

"ကြယ်စင့်သူငယ်ချင်းကို သတ်တာ. . ဘယ်သူလဲ တာရှင်းနေပြီ. . ကြယ်စင် ဘာဆက်ပြီးလုပ်မလဲ. . ."

"သိတာပဲရှိသေးတယ်. . ခိုင်လုံတဲ့သက်သေက မ သေးဘူးလေ၊ ရအောင်ဆက်ပြီးရှာရမယ်. . နောက်တစ်ခု ဦးစကြာခေါင်တို့တွေ့ထားတဲ့ ရတနာသိုက်ကို အချိန်မီပြန်ပြီ ယူနိုင်အောင်လည်း လုပ်သင့်တယ်. . ခက်နေတာက ရတနာ သိုက်ဘယ်မှာရှိတယ်ဆိုတာကို မသိသေးဘူး. . ."

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံဝန်းထဲမှ ကားကိုမောင်းထွက်လာစဉ်. .

"ဟင်. . "

"ကြယ်စင်. . ဘာဖြစ်တာလဲ"

"ကားဘရိတ်မမိတော့ဘူး"

"ရှင်"

ကားမှာ ကုန်းမြင့်ပေါ်မှအောက်သို့ ဆင်းနေချိန်ဖြစ်သည်။ ကြယ်စင်ကောင်းကင် ဂီယာဖြုတ်ချိန်းပြီး ဘရိတ်ကိုဖမ်းပေမယ့် မရ. . ကားအရှိန်က မြန်နေလေသည်။

"နိုဗယ်(လ်). . "

"ကြယ်စင်"

"ကားပေါ်က ခုန်ဆင်းဖို့ပြင်ထားပါ"

"ကြယ်စင်ကရော. . "

"နိုဗယ်(လ်)ဆင်းပြီးတာနဲ့ ဆင်းမယ်၊ ရှေ့နားကချိုင့်ရောက်ရင် ခုန်ဆင်းလိုက်တော့ ကားအရှိန်ပိုပြီးမြန်နေပြီ"

သူမ ကားတံခါးကိုဖွင့်ပြီးခုန်ဆင်းရန် ကြောက်ရွံ့နေ၍ ကြယ်စင်ကောင်းကင် သူမကိုဖက်ပြီး၊ လမ်းဘေးချိုင့်ဆီသို့ ခုန်ချလိုက်လေသည်။

"ဝုန်း. . "

www.burmeseclassic.com

www.burmeseclassic.com



"ဒုတ်"

"ကြယ်စင်"

မြေပြင်ပေါ်တွင် နှစ်ယောက်သားလှိမ့်ဆင်းသွားပြီး . . သစ်ပင်နှင့် ကြယ်စင်ကောင်းကင်ခေါင်း ဆောင့်မိပြီး . . သွေးများထွက်လာလေသည်။ ကြယ်စင်ကောင်းကင်၏ ကားကတော့ တစ်ဖက်သစ်ပင်ကြီးနဲ့ အရှိန်ပြင်းစွာဝင်ပြီးတိုက်ကာ ရပ်သွားလေတော့သည်။

"နိုဗယ်(လ်)ဘာဖြစ်သေးလဲ"

"ကျွန်မ ဘာမှမဖြစ်ဘူး . . ကြယ်စင့်ခေါင်းမှာသွေးတွေ"

"ရပါတယ် . . ဘာမှမဖြစ်လောက်ပါဘူး"

သူမ အင်္ကျီစကိုဖြဲဆုတ်ပြီး . . ကြယ်စင်ကောင်းကင်ခေါင်းတွင်စည်းထားလိုက်လေသည်။

"ဆေးရုံကိုသွားမှဖြစ်မယ် . . သွေးတွေက အရမ်းထွက်နေတယ်"

ကားလမ်းပေါ်သို့ နှစ်ယောက်သားပြန်တက်လာပြီး . . ကားကြုံကိုစောင့်နေသည်။ ကိုယ်ပိုင်ကားတစ်စီးလာနေသည်ကိုတားပြီး . . ဆေးရုံသို့ပို့ပေးရန် အကူအညီတောင်းပြီး ဆေးရုံသို့လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းက ဒဏ်ရာမှာ သွေးထွက်များပြီး. . . ကြယ်စင်ကောင်းကင်မှာ ဆေးရုံအရောက်တွင် သတိလစ်သွားလေသည်။

"လူနာရှင်နဲ့တူကာယ်"

"ဟုတ်ပါတယ် ဒေါက်တာ. . ဘယ်လိုအခြေအနေရှိသဲရှင်. . ."

"သိပ်ပြီး မစိုးရိမ်ရပါဘူး. . ခေါင်းကိုသစ်ပင်နဲ့ရိုက်မိတဲ့ဒဏ်ရာကြောင့် သွေးထွက်လွန်ပြီးသတိလစ်သွားတာပါ. . ကြာခင် သတိရလာပါလိမ့်မယ်"

"ဟုတ်ကဲ့"

နိုဗယ်(လ်). . ကြယ်စင်ကောင်းကင် ခုတင်ဘေးတွင်ထိုင်ကာ. . ကြယ်စင်ကောင်းကင်မျက်နှာမှ သွေးစလေးတွေကိုရေအေးဖြင့်သုတ်ပေးနေသည်။

"အား. . ကျွတ်. . ကျွတ်"

"ကြယ်စင်. . . သတိရပြီလား"

"ဟုတ်တယ်. . ဘယ်လိုဖြစ်သွားသလဲမသိပါဘူး၊ ခုဘယ်ရောက်နေသလဲဟင်"

"ကြယ်စင် ဆေးရုံကိုရောက်နေတာပါ. . ခေါင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



(၃)ချက်လောက် ချုပ်လိုက်ရတယ်. . သွေးထွက်ကများလို့ သတိလစ်သွားခဲ့တာပါ"

"တော်သေးတာပေါ့ဗျာ. . ကျုပ်က နိုဗယ်(လ်)တစ်ခုခုဖြစ်သွားမှာစိုးရိမ်နေတာ"

"ကျွန်မက ပွန်းရှရုံလောက်ပါပဲ"

"ကြယ်စင်. . ."

"ဟာ. . ရဲကျော်စွာ. . မင်း ဘယ်လိုလုပ်ပြီးရောက်လာတာလဲ"

"ဆေးရုံမှာ တရားခံတစ်ဦးအတွက် သက်သေကိုလာတွေ့ရင်း. . မင်းကို အရေးပေါ်ခန်းထဲခေါ်သွားတာကို မြင်လိုက်ရလို့ လာခဲ့တာ. . ဘယ်လိုဖြစ်ရပြန်တာလဲ ကြယ်စင်"

"လုပ်ကြံခံရတာပဲ"

"ဟင်. . ဘယ်လိုလုပ်ကြံတာလဲ"

"ငါ့ကားဘရိတ်ကို ဖမ်းလို့မရအောင်လုပ်ထားတာ. . အချိန်မီကားပေါ်က ခုန်ဆင်းနိုင်လို့အသက်မသေတာ"

"ကြယ်စင်. . မင်းအတွက် အရမ်းကိုအန္တရာယ်တွေများနေပြီနော်"

"မင်းနဲ့တွေ့တာ အတော်ပဲ ရဲကျော်စွာ. . ငါ ဒိုးဟေ

www.burmeseclassic.com



နဲ့ပတ်သက်ပြီးရထားတဲ့သတင်းတွေကို ပြောပြချင်နေတာ"

ရဲကျော်စွာကို ကြယ်စင်ကောင်းကင်သိသမျှတွေကို ပြောပြလိုက်သည်။

"ကျေးဇူးပဲ ကြယ်စင်. . ငါတို့လည်း ဒိုးလေးအသတ်ခံရတဲ့အမှုနဲ့ပတ်သက်ပြီး ကေသွယ်မိုင်ကို. . သံသယပစ်မှတ်ထဲမှာထားခဲ့ပေမယ့် သိပ်ပြီးခိုင်လုံမှုက မရှိသေးလို့ လွှတ်ထားတာ"

"ခု. . သိရတဲ့သတင်းနဲ့ ဖမ်းလို့မရသေးဘူးလား"

နို့ဗယ်(လ်)အမေးစကားကို ရဲကျော်စွာမှ. . .

"မရသေးဘူး. . ခုဟာက သိထားတာပဲရှိတော့ သူ့ဘက်က ရှောင်လို့ရနိုင်သေးတယ်. . ဒီထက်ခိုင်လုံတဲ့သက်သေကို ဖော်ထုတ်ရှာဖွေပြီးမှ ဖမ်းမယ်. . နောက်ကွင်းဆက်တစ်ခုက ယမုံမို့မို့သတင်းနဲ့ပတ်သက်ပြီး. . နောက်ဆုံးသိထားတာက ယမုံမို့မို့ မသေဘူးဆိုတာပဲ"

"ဟင်. . ."

"ရဲကျော်စွာ. . မင်းကိုထပ်ပြီးပြောရဦးမယ်၊ ယမုံမို့မို့နဲ့ တူပြီး နို့ဗယ်(လ်)ကို ဦးစကြာခေါင်တို့က လိုက်ပြီးဖမ်းနေတယ်"

"ငါလည်း ဒါကိုပြောမလို့. . ရော့ဒီဓာတ်ပုံကိုကြည့်စမ်း"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . ."

ရဲကျော်စွာထုတ်ပြသော ဓာတ်ပုံမှာ နီဗယ်(လ်)နှင့်ခွဲမ
အောင်တူသော မိန်းကလေးဓာတ်ပုံပင်ဖြစ်နေသည်။

"အံ့ဩစရာပဲနော်"

"မျက်လုံးအစိမ်းသက်သက်နဲ့ ကြည့်မယ်ဆိုရင် တစ်
ယောက်တည်းလို့ထင်ရပေမယ့်. . ငါတို့ရဲမျက်လုံးနဲ့ကြည့်ရင်
ကွဲလွဲနေတာတွေရှိတယ်"

"ဘာတွေ ကွဲလွဲလို့လဲ. . ငါ့မျက်လုံးထဲမှာတော့ တစ်
ယောက်တည်းပဲ"

"ပထမကွဲလွဲတာက. . ဆံပင်ပုံစံပဲ၊ နီဗယ်(လ်)ဆံပင်က
ရှည်ပြီးမကောင်းဘူး. .ယမုံမို့မို့ဆံပင်က တိုပြီးကောင်းတယ်"

"ဒါက. . ဆံပင်ကို ပြောင်းလဲလို့ရတာပဲလေ"

"ဟုတ်ပါတယ်. . ဒီတစ်ခုတည်းတင်မကဘူး၊ ဒုတိယ
ကွဲလွဲတာက နှုတ်ခမ်းပဲ. . ယမုံမို့မို့နှုတ်ခမ်းက ခပ်ထူထူလေး
ရှိုးပြီး. . နီဗယ်(လ်)နှုတ်ခမ်းက ပါးလွှာတယ်"

ရဲကျော်စွာပြောမှ ဓာတ်ပုံနှင့်သေသေချာချာကြည့်သည်။

"တတိယကွဲလွဲချက်က. . လက်ချောင်းလေးတွေပဲ၊
ယမုံမို့မို့လက်ချောင်းတွေက သွယ်ပေမယ့်. . လက်ဆစ်ပိုင်းလေး



www.burmeseclassic.com

www.burmeseclassic.com



တွေကတုတ်တယ်. . နိုဗယ်(လ်)ကျတော့တဖြောင့်တည်းသွယ်တယ်. . ဒီကွဲလွဲချက်တွေကြောင့် နိုဗယ်(လ်)နဲ့ယမုံမို့မို့ကို ခွဲလို့ရတာ. . ဟိုတစ်ခေါက်က မင်းနဲ့ နိုဗယ်(လ်)ကိုတွေ့တုန်းက ငါတောင် အမှတ်တမဲ့မှားသွားခဲ့တယ်. . နောက်မှသေသေချာချာကို စိစစ်နိုင်အောင် နိုဗယ်(လ်)ကိုဓာတ်ပုံရိုက်ပြီး. . ကွန်ပျူတာနဲ့စစ်ခဲ့ကြရတယ်. . . ”

“အေးကွာ. . ယမုံမို့မို့မသေဘူးဆိုတာကို မင်းကဘယ်လို သတင်းရခဲ့တာလဲ ရဲကျော်စွာ”

“မိုးကုတ်လူသတ်မှု တစ်ခုကပဲအသတ်ခံရတဲ့. . ဦးမိုးစည်ဟာ အိမ်မီးလောင်တဲ့ထဲက. . မားဒဏ်ရာနဲ့ရအောင်ထွက်ပြီး ဆေးရုံမှာနာရီဝက်လောက်ခံခဲ့တယ်လေ. . သူ့ဆီက နောက်ဆုံးပြောသွားတဲ့ ထွက်ဆိုချက်ထဲမှာ ယမုံမို့မို့သူ့ကို သတ်တာလို့ပြောခဲ့တယ်”

“ယမုံမို့မို့ ဘာကြောင့်သတ်တယ်လို့ မင်းထင်လဲ”

“ငါတို့ထင်မြင်ချက်ကတော့ လက်စားချေမှုတစ်ခုပဲလို့ ယူဆထားတယ် ကြယ်စင်”

“ဒါဆိုရင်. . ဦးစကြာခေါင်နဲ့ပတ်သက်နေမှာပေါ့”

“သေချာတယ်. . ဦးမိုးစည်ဟာ ဦးစကြာခေါင်နဲ့အပေါ

www.burmeseclassic.com



တူ စီးပွားရေးလုပ်ကိုင်ခဲ့ကြတဲ့သူတွေဆိုတာကို စုံစမ်းလို့သိခဲ့ပြီးပြီ"

"အင်း. . ယမုံမို့မို့ဆက်ပြီးလက်စားချေမှာပေါ့"

"သေချာတယ် ကြယ်စင်. . ဦးစကြာခေါင်နဲ့ပတ်သက်ခဲ့ဘူးတဲ့ လူနှစ်ယောက်တော့ အသတ်ခံလိုက်ရပြီ"

"နောက်တစ်ယောက် ဘယ်သူလဲ"

BURMESE CLASSIC

"ဦးတိမ်ဘော ဆိုတဲ့လူပဲ. . ဒါကြောင့် ဦးစကြာခေါင်နေတဲ့ အင်းလေးမှာ. . ငါတို့စုံစမ်းရေးတပ်ဖွဲ့တွေကို အနီးကပ်လွှတ်ထားတယ်. . ခု မင်းတို့နှစ်ယောက်အတွက်ပါ ကာကွယ်ပေးနိုင်ဖို့ စီစဉ်ပေးရတော့မယ်"

"ကျေးဇူးပါပဲကွာ"

"မလိုပါဘူး. . ကြယ်စင်ရာ၊ မင်းသာသိပ်ပြီး အတင့်မရဲနဲ့နော်"

"စိတ်ချ"

www.burmeseclassic.com

www.burmeseclassic.com

"သမီးအဖြစ်မှ စွန့်လွှတ်ခြင်း"

"ကျွန်တော်၊ ကျွန်မတို့၏ သမီးဖြစ်သူ နိုဗယ်(လ်)မိုး သည် မိဘများစီမံသည်ကိုဆန့်ကျင်ပြီး၊အိမ်ပေါ်မှ ၎င်း သဘောဆန္ဒအတိုင်း ဆင်းသွားခဲ့ခြင်းကြောင့် ယနေ့မှ စ၍ နိုဗယ်(လ်)မိုး၊ မှတ်ပုံတင်အမှတ်( - × - + ) နှင့် ပတ်သက်ပြီးလုံးဝတာဝန်မယူပါကြောင်းသတိပေး အပ်ပါသည်။

(ဦးကျင်ခိုင်+ဒေါ်မေသူ)

"ဟင်. . ."

ကြယ်စင်ကောင်းကင် သတင်းစာကိုဖတ်ပြီး. . အံ့အား သင့်သွားသည်။ နိုဗယ်(လ်)မိုးဟာ မိဘကိုဆန့်ကျင်ပြီးအိမ်ပေါ်မှ ဆင်းခဲ့သော မိန်းကလေးတစ်ဦးဖြစ်နေလေပြီ. . .

"ကြယ်စင်"



www.burmeseclassic.com

www.burmeseclassic.com



"နိုဗယ်(လ်). . ."

"ကြယ်စင် သတင်းစာကိုဖတ်ပြီး အံ့ဩနေတာလား"

"ဟုတ်တယ်. . နိုဗယ်(လ်) ဘာကြောင့်မိဘတွေဆီက ဆင်းခဲ့ရတာလဲ"

သူမ ကြယ်စင်ကောင်းကင်ဘေးတွင် ဝင်ထိုင်ပြီးနောက်. . .

"ကျွန်မမိဘဆိုတာ တစ်ယောက်တည်းပါ"

"ဟင်. . ဘယ်လိုကြောင့် တစ်ယောက်တည်းလဲ နိုဗယ(လ်)"

"ကျွန်တစ်ယောက်က မိထွေးလေ"

"ဩော်. . ."

"ဘာ့ကြောင့် နိုဗယ်(လ်)အိမ်ပေါ်ကဆင်းရသလဲဆိုရင် မိထွေးစီစဉ်တဲ့ယောက်ျားကို မယူချင်လို့ဆင်းခဲ့တာ နိုဗယ်(လ်) မှာချစ်သူရှိတယ်လေ. . သူ့ဆီကိုလာခဲ့တာပါ"

"ဟင်. . ."

သူမထံမှ "ချစ်သူရှိတယ်"ဆိုသောစကားလေးသည်. . ကြယ်စင်ကောင်းကင် နှလုံးသားကိုစူးရှစေလေသည်။

"ဒါပေမယ့်. . ကျွန်မအတွက် ကံမကောင်းခဲ့ပါဘူး"

"ဘယ်လိုဖြစ်ခဲ့လို့လဲ. . နိုဗယ်(လ်)"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သူ့ဆီကိုလာခဲ့ပေမယ့် . . လမ်းမှာတစ်ညအိပ်ပြီး မနက်မှအင်းလေးကို ရောက်တော့ သူ့ကိုမတွေ့ခဲ့ရဘူး . . ဒါနဲ့ သူရှိတဲ့နေရာကိုလိုက်သွားတော့ သူဟာအိမ်ထောင်သည်တစ်ဦးဖြစ်နေခဲ့တာကို သိခဲ့ရတယ်"

"နိုဗယ်(လ်)က . . အစက မသိခဲ့ဘူးပေါ့"

"ဟုတ်တယ် ကြယ်စင် . . ရန်ကုန်မှာသူနဲ့ဆုံခဲ့စဉ်က သူပြောသမျှကို ကျွန်မယုံစားပြီး ချစ်ခဲ့မိတာပါ . . ခုတော့ ကျွန်မဟာ လှည့်စားခြင်းခံရတဲ့လူတစ်ယောက်ဖြစ်ခဲ့ပါပြီ"

"စိတ်မကောင်းပါဘူး . . နိုဗယ်(လ်)"

"ဘာတတ်နိုင်မလဲ . . ကိုကြယ်စင်ရယ်၊ ကံကြမ္မာပေးတဲ့ဆုလာဘ်ပဲပေါ့"

"ခု . . နိုဗယ်(လ်)ဘာဆက်ပြီးလုပ်မလဲ"

"ဘာကို ယုံကြည်မှုအပြည့်နဲ့ဆက်ပြီးလျှောက်တော့မယ်လေ . . မန္တလေးက သူငယ်ချင်းတစ်ယောက်ဆီမှာနေပြီး၊ အလုပ်လုပ်မယ်လို့ စဉ်းစားထားတယ်"

"နိုဗယ်(လ်)မန္တလေးကို ဘယ်တော့ပြန်မှာလဲ"

"ကြယ်စင့်အတွက် မလိုအပ်တော့ရင် . . ကျွန်မပြန်မယ်"

"ဟင် . . "

www.burmeseclassic.com

www.burmeseclassic.com



သူမကို ကြယ်စင်ကောင်းကင် ခုချိန်မှာပြန်ပြီး လွှတ်မပေးချင်ပေ. . ဦးစကြာခေါင်တို့က ယမုံမို့မို့အမှတ်နှင့် အန္တရာယ်ပြုနေခြင်းဖြစ်သည်။

"နိုဗယ်(လ်)"

"ကြယ်စင်. . ပြောပါ"

"ဒို့. . မင်းကို မပြန်စေချင်သေးဘူး၊ ဘာလို့လဲဆိုတော့ ဒို့. . စိတ်မချနိုင်လို့ပဲ"

"ကျွန်မလည်း ကြယ်စင်ဘေးကနေ မသွားချင်သေးပါ ဘူး. . ကြယ်စင်နဲ့အတူ စွန့်စားမှုလေးတွေကို လုပ်ချင်တယ်"

"ဒို့. . ရင်ဆိုင်ရမယ့်ကိစ္စတွေက အန္တရာယ်ကြီးပါတယ်"

"ကြယ်စင်ရှိနေရင်. . ကျွန်မကြောက်တာတွေ မရှိသည် ပဲ. . ."

သူမမျက်လုံးအိမ်ထဲတွင် သံယောဇဉ်၏ တိမ်ရိပ်တော တွေ လွင့်မျောနေဆဲပင်. . .

"ကိုကြယ်စင်ကောင်းကင်ဆိုတာ. . ခင်ဗျားလား"

"ဟင်. . ."

"ဟယ်"

ကြယ်စင်ကောင်းကင်တို့နားသို့ အသားညိုညိုလူတစ် ယောက် လျှောက်လာပြီး၊ မေးလိုက်သဖြင့်. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"ဒီဘူးလေးနဲ့ စာကို ယူထားလိုက်ပါ"

ထိုလူလှမ်းပေးသော ဘူးရှည်လေးနှင့်စာကို ယူထားလိုက်သည်။

"သွားခွင့်ပြုပါဦး"

"နေပါဦး. . ခင်ဗျားအမည်ကလေး သိပါရစေ"

"ကျုပ်နာမည်ကို သိတော့လည်း. . ခင်ဗျားအတွက် အာမှုမထူးခြားပါဘူး၊ မသိချင်ပါနဲ့ဗျာ"

ထိုလူ လက်ကလေးပြပြီး. . ဟိုတယ်ဝင်းထဲမှ ခပ်သွက်သွက်လေးထွက်သွားလေသည်။

ဘူးကို မဖွင့်သေးဘဲ. . စာခေါက်လေးကိုအရင်ဖွင့်ပြီး ဖတ်ကြည့်သည်။

"ကြယ်စင်ကောင်းကင်

ရှင်က ကျွန်မကိုမတွေ့ဘူးပေမယ့်. . ရှင့်ကိုကျွန်မက တွေ့ဖူးနေခဲ့ပါတယ်. . အပြင်မှာတော့မဟုတ်ဘူး၊ ဓာတ်ပုံထဲမှာပါ. . .

ကျွန်မဟာ အစ်ကိုဒိုးလေးရဲ့ညီမ ယမုံမို့မို့ဆိုတာကို တော့ ကိုကြယ်စင်ကောင်းကင်သိနေမှာပါ. . ခုအင်း လေးမှာ မမျှော်လင့်ဘဲတွေ့လိုက်ရပြီး၊ အစ်ကိုဒိုးလေး

www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့တဲ့ . . ပစ္စည်းတွေကို ပြန်ပြီးပေးလိုက်တာပါ"

ယမုံမို့မို့"

ကြယ်စင်ကောင်းကင်စာကို သိမ်းပြီး . . ဘူးဖုံးလေးကို ဖွင့်ကြည့်တော့ . . စက္ကူဖြင့်ရေးဆွဲထားသော မြေပုံတစ်ခုနှင့် ဖလင်လိပ်ကလေးကို တွေ့လိုက်ရသည်။

"မြေပုံတစ်ခုပဲ . . ."

"ဟုတ်တယ် . . တောတစ်ခုရဲ့မြေပုံပဲ နိုဗယ်(လ်)"

"ဟို . . ဦးကျင်ဆောင်ပြောတဲ့ ရတနာတွေရှိတဲ့နေရာ များလားမသိဘူး"

"ဖြစ်ဖို့များတယ် . . ဖလင်ကို ဓာတ်ပုံကူးလိုက်ရင်တော့ အဖြေတစ်ခုတော့ ထွက်မှာပဲနိုဗ(လ်)"

"ကြယ်စင် . . အမြန်ဆုံးသွားကူးသင့်တယ်"

"အင်း . . ခုပဲသွားကြမယ်၊ ပြီးရင် . . ရဲကျော်စွာကိုဆက်သွယ်ပြီးပေးရမယ်"

နှစ်ယောက်သား ဖလင်ကိုကူးရန်အပြင်သို့ထွက်ခဲ့ကြသည်။

"ယမုံမို့မို့ အင်းလေးကိုရောက်နေတာ . . လိုက်စားချေဖို့ထင်တယ်"

"သေချာသလောက်ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"တကယ့် အငြိုးကြီးတဲ့အမျိုးသမီးပဲနော်. . ."

"သူ့ဘက်ကကြည့်ရင် အစ်ကိုကိုလည်းသတ်. . သူ့ကို
ည်းသတ်ခဲ့တာဆိုတော့ သူ့ရင်ထဲမှာအမုန်းတွေပြည့်နှက်နေ
ာပေါ့"

"ယမုံမို့မို့က. . နိုင်ငံခြားသူဆို"

"နိုင်ငံခြားသူမဟုတ်ပါဘူး. . ငယ်ငယ်လေးတည်းက
ိုင်ငံခြားမှာနေခဲ့တာ"

"အနုပညာသည်လို့ပြောတယ်. . ဟုတ်လား"

"ဟုတ်တယ် နိုဗယ်(လ်). . သူကပန်းချီဆရာမ"

"အနုပညာရှင် လက်ချောင်းတွေက သွေးစွန်းတဲ့လက်
တွေဖြစ်နေရပြီနော်"

"ဥုး. . ."

"နိုဗယ်(လ်). . သတိထား"

ဆိုင်ကယ်နှစ်စီး. . အရှိန်ပြင်းစွာမောင်းလာပြီး. .
ကြယ်စင်ကောင်းကင်တို့ကို ဝင်ပြီးတိုက်လိုက်သောကြောင့်. .
ဘားဘက်သို့နှစ်ယောက်သား လဲ့ချလိုက်ရသည်။

ဆိုင်ကယ်မှာ ပြန်ကွေ့လာပြီး၊ ကြယ်စင်ကောင်းကင်
ဆီပြန်အလာတွင်. . .

"ဥုး. . . ကျွီ"



www.burmeseclassic.com

www.burmeseclassic.com



"တင်. . ."

ကားတစ်စီးမောင်းဝင်လာပြီး. . ဆိုင်ကယ်ကိုပိတ်ရပ်လိုက်သည်။ ဆိုင်ကယ်သမား နောက်သို့ပြန်ကွေ့မည်အပြု. . နောက်ကျသွားလေပြီ. . တစ်ဖက်မှကားတစ်စီးကလည်း ပိတ်ပြီးရပ်ထားသည် ဆိုင်ကယ်နှစ်စီးလုံး ပြေးလမ်းမရှိတော့ပဲ. . ခြေလျှင်ဆင်းပြီးပြေးမည်အပြု. . .

"ဟော့. . ရပ်လိုက်"

သက်ဆိုင်ရာအဖွဲ့တွေမှ သေနတ်ဖြင့်ချိန်ရွယ်ထားလိုက်လေသည်။

"ဒီနှစ်ကောင်ကိုခေါ်သွားကြဟေ့၊ကိုကြယ်စင်ကောင်းကင်တို့ ဘာဖြစ်ကြသေးလဲ"

"ဘာမှမဖြစ်ပါဘူး. . ကျေးဇူးတင်ပါတယ်"

"ဆရာရဲ့ကျော်စွာတာဝန်ပေးထားလို့. . ခင်ဗျားတို့ နားမှာအနီးကပ်စောင့်ကြည့်နေတာပါ၊ ဒီနှစ်ကောင်မိလိုက်တာ နောက်ဆက်တွဲ အများကြီးကိုဖော်ထုတ်လို့ရပြီဗျာ. . ."

www.burmeseclassic.com

www.burmeseclassic.com

ဦးစကြာခေါင်နှင့် ကေသွယ်မိုင်တို့သားအဖနှစ်ယောက်
..ရာဇဝတ်ဘေးမှလွတ်မြောက်နေဆဲပေ...

"ရာဇဝတ်ဘေးက ပြေးမလွတ်နိုင်ပါဘူး ကြယ်စင်ရာ၊
တို့ဘယ်လောက်ထိပြေးနိုင်မလဲ စောင့်ကြည့်ရတာပေါ့"

"ဒီသားအဖ နယ်စပ်ဘက်ကိုထွက်သွားနိုင်တယ်..
ကျော်စွာ"

"နယ်စပ်ကိုသွားရင် တောလမ်းဘက်က ထွက်ဖို့ပဲရှိ
ယ်..မြို့ဝင်လမ်းကြောင်းတွေတော့ ပိတ်ဆို့ထားပြီးပြီ"

"ကျွန်မ..တစ်ခုလောက်ပြောချင်တယ်"

"ပြောပါ..နီဗယ်(လ်)"

"ဦးစကြာတို့တောထဲက ပစ္စည်းတွေကိုတော့ရအောင်

www.burmeseclassic.com

www.burmeseclassic.com



ယူပြီးမှ သွားမှာပဲ"

"အင်း. . . နိုဗယ်(လ်)ပြောတာဖြစ်နိုင်တယ်"

"ဒါဆိုရင် မြေပုံအတိုင်းလိုက်ရင်ရော မကောင်းဘူး

လား"

"ဒီအတိုင်းပဲစီစဉ်ရမှာပေါ့ကွာ. . ကဲ ကြယ်စင်၊ မင်းတို့

ဘာဆက်ပြီးလုပ်မလဲ"

"ဦးစကြာကိစ္စ. . မင်းတို့သက်ဆိုင်ရာအဖွဲ့နဲ့ပဲ ဆက်ပြီး

လုပ်ကိုင်ရမှာဆိုတော့. . ငါ့ဘက်ကစုံစမ်းစရာ ကုန်နေပြီလေ"

"မင်းတို့ အင်းလေးကနေပြန်မယ်ပေါ့"

"ဒီလိုပဲ. . စဉ်းစားထားတယ်"

"ကောင်းပြီ ကြယ်စင်. . နောက်မှပဲပြန်ဆုံကြတာပေါ့

ကွာ"

ရဲကျော်စွာနှင့် လမ်းခွဲပြီးထွက်လာခဲ့ကြသည်။

"နိုဗယ်(လ်). . ."

"ကြယ်စင်"

နိုဗယ်(လ်)မျက်နှာလေး နွမ်းနေသည်ကို မြင်လိုက်ရ

သည်။

"နိုဗယ်(လ်). . စိတ်မကောင်းစရာ ရှိနေလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပြောရမလဲ. . ကြယ်စင်ရယ်၊ ခွဲခွာခြင်းဆိုတာ ကြီးကို နိုဗယ်(လ်)အရမ်းကြောက်နေမိတယ်"

"ဒို့လည်း မခွဲခွာချင်ပါဘူး. . ဒါပေမယ့်"

ကြယ်စင်ကောင်းကင် နှုတ်ဖျားတွင်ထွက်ပြီး ပြောစရာ စကားလုံးရှာမတွေ့နိုင်အောင် ဖြစ်နေလေသည်။

ကြယ်စင်ကောင်းကင်. . နိုဗယ်(လ်)ကို ဖွင့်ပြောချင်ပေ မယ့်. . ခုချိန်မှ ဘယ်လိုမှပြောမထွက်ပေ. . .

"နိုဗယ်(လ်). . ."

"ကြယ်စင်. . ဘာပြောချင်လဲပြောပါ"

ကြယ်စင်ကောင်းကင်. . အားတင်းကာ ပြောဖို့ကြံလိုက် သည်။

"ကိုကြယ်စင်ကောင်းကင်"

"ဟင်. . မင်း. . ယမုံမို့မို့"

သူတို့နှစ်ယောက်နားသို့ ကားတစ်စီးထိုးရပ်လာပြီး. . ခေါ်လိုက်ခြင်းဖြစ်သည်။

"ကားပေါ်ကို. . ခဏလောက်တက်ပြီးလိုက်ခဲ့ပါ"

"ကောင်းပြီ"

နိုဗယ်(လ်)နှင့်အတူ ကားပေါ်သို့တက်ကာ. . ယမုံမို့မို့



www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ လိုက်ခဲ့သည်။ အဝေးတစ်နေရာရောက်မှ ကားကို ရပ်နိုင်းပြီး ဆင်းခဲ့ကြသည်။

ယမုံမို့မို့နှင့်အတူ . . ကြယ်စင်ကောင်းကင်ကို စာလာပြ ပေးသော လူကိုပါတွေ့လိုက်ရသည်။

"ရှင် . . အင်းလေးက စွန့်ခွာတော့မှာလား"

"ဟုတ်ပါတယ် . . ဒိုးလေးကိုသတ်တဲ့အမှုကို ဖော်ထုတ် နိုင်ခဲ့ပြီလေ"

"ဖော်ထုတ်တာပဲ ရှိသေးတယ် . . မိမှမမိသေးတာ"

"သူတို့ပြေးမလွတ်ပါဘူး"

"ကျွန်မကတော့ အစ်ကို့အတွက် ကိုယ်တိုင်သတ်ရ ကျေနပ်နိုင်မယ်"

"ယမုံမို့မို့ရယ် . . ဥပဒေဘောင်ထဲက လက်စားချေ

"နောက်ကျသွားပြီ . . ကိုကြယ်စင်ကောင်းကင် ကျွန်မ လက်တွေက သွေးစွန်းနေပြီ . . ကဲပါလေ ဒါတွေကိုထားလိုက် ပါ . ခု ကိုကြယ်စင်ကောင်းကင်ကို လာပြီးတွေ့တာ . . ကျွန်မ အတူ ဦးစကြာခေါင်ကို သတ်နိုင်ဖို့ရယ် . . ရတနာသိုက်ကို လက်ဦးမှုရအောင်သွားမလို့ လာပြီးပြောတာပါ"

"ရတနာသိုက်ကို သက်ဆိုင်ရာက လိုက်တော့မှာ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့လိုက်ချိန်ဟာ အရမ်းကိုနောက်ကျလိမ့်မယ်. . ဦးစကြာခေါင်တို့က(၂)ရက်လောက် စောနေတယ်. . ဖြတ်လမ်း အမလိုက်ရင် မမီနိုင်တော့ဘူး"

"ဟင်"

ဦးစကြာခေါင်တို့ လွတ်မြောက်သွားတာကို ဘယ်နည်းနဲ့မှ အဖြစ်မခံနိုင်. . .

"မင်း. . ဘယ်လိုစီစဉ်ထားလဲ"

"ဒီတောကို အရမ်းကျွမ်းကျင်တဲ့မုဆိုးတစ်ဦးကို ငှားထားတယ်. . လိုက်မယ်ဆိုရင် ဖိတ်ခေါ်ပါတယ်"

ကြယ်စင်ကောင်းကင် ခဏမျှစဉ်းစားလိုက်သည်။

ယမုံမို့မို့က ဦးစကြာခေါင်ကိုသတ်မည့်သူ. . . ကြယ်စင်ကောင်းကင် ဒါမျိုးအဖြစ်မခံနိုင်ပေ. . .

"နိုဗ(လ်)"

"ကြယ်စင်လိုက်မယ်ဆိုရင် နိုဗယ်(လ်)ပါ လိုက်ပါရစေ"

"နိုဗယ်(လ်). . တောခရီးကကြမ်းတယ်"

"ဘယ်လောက်ပဲ ကြမ်းကြမ်း. . ခရောင်းလမ်းဖြစ်ပါစေ နိုဗယ်(လ်)ကို လိုက်ခွင့်ပြုပါ"

ကြယ်စင်ကောင်းကင် ဆက်ပြီးမငြင်းလိုက်သော

www.burmeseclassic.com



ကြောင့် . . .

"လိုက်ခဲ့တော့ နိုဗယ်(လ်)ရယ်. .ယမုံမို့မို့တို့ ဘယ်ရေ
ခရီးစပြီးထွက်မှာလဲ"

"ဒီနေ့ညပဲ. . လိုက်မယ်လို့ဆုံးဖြတ်ပြီးရင်၊ ည(၆း၀၀
နာရီ၊ (+ - × - +)ကို အရောက်လာခဲ့ပါ"

"ကောင်းပြီ. . လာခဲ့မယ်"

ယမုံမို့မို့တို့ ထွက်သွားပြီးနောက် ကြယ်စင်ကောင်းကင်
နှင့် နိုဗယ်(လ်)တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လိုက်
မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ကြယ်စင်ကောင်းကင်တို့ ကားလေးမှာ တောင်ကြော လမ်းလေးဆီသို့ မောင်းနေလေပြီ. . လိုက်ပါလာသူစုစုပေါင်း (၆)ယောက်ပင်. . .

"ခုသွားမယ့်တောခရီးက. . အရမ်းကို ကြမ်းတယ်နော်၊ အားလုံးကျုပ်စကားကို နားထောင်ပြီး၊ လိုက်ခဲ့ကြပါ. . တောထဲမှာ အနည်းဆုံး(၅)ညလောက်နေပြီးမှ ရောက်မယ်"

"ပုံမှန်လမ်းကသွားရင်ရော. . ဘယ်လောက် ကြာမလဲ ဂျူး. . ."

"မြေပုံထဲကအတိုင်းသွားမယ်ဆိုရင် (၈)ရက်နဲ့(၁၀)ရက် ကြားမှာရှိမယ်. . ."

"အင်း. . သူတို့ကိုမီနိုင်မှာပါ"

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

www.burmeseclassic.com

www.burmeseclassic.com



ယမုံမို့မို့..ဦးစကြာခေါင်တို့ကို မမီမှာကိုစိုးရိမ်နေသည်။

"ဆင်ကြီး..."

"ဘာများလဲ..မို့"

"လက်နက်တွေရော..စုံရဲ့လား"

"ကြွယ်စင်ကောင်းကင်အတွက်ပါ ပိုပြီးယူလာတယ်"

"လက်နက်ထက် ဆေးဝါးတွေကပိုအရေးကြီးတယ်"

"စိတ်ချ..အားလုံးပြည့်ပြည့်စုံစုံပါတယ်၊ ရိက္ခာအတွက်ဂျူး..ဘယ်လိုစီစဉ်မလဲ"

"ကောင်မလေး မှာထားတဲ့အတိုင်း အထမ်းသမားနှစ်ယောက်နဲ့ တောစပ်စခန်းတစ်ခုမှာ စောင့်နိုင်းထားတယ်..သူတို့ဆီမှာ ရိက္ခာတွေကိုထည့်ပေးလိုက်တယ်၊ မြို့ပေါ်မှာလိုတော့ စားရမှာမဟုတ်ဘူး..တောထဲမှာကြုံသလိုဖြစ်သလို စားရမယ်"

"နိုဗယ်(လ်)ကြားလား"

"အင်း နိုဗယ်(လ်)အတွက် မစိုးရိမ်ပါနဲ့ကြွယ်စင်ရယ်"

တစ်ယောက်မျက်ဝန်းတွင် တစ်ယောက်မြင်နာမှုပုံရိပ်တွေက ထင်ဟပ်နေဆဲ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ယမုံမှိုမှို. . ဦးစကြာခေါင်တို့သတ်တာကို ဘယ်လိုလွတ်မြောက်ခဲ့တာလဲ"

"ဒီလို ကိုကြယ်စင်ကောင်းကင်. . ဦးစကြာခေါင်တို့က ကျွန်မကိုသေပြီဆိုပြီး အိမ်ကိုမီးရှို့ခဲ့ကြတယ်လေ. . ကျွန်မအိမ်အောက်မှာ လျှို့ဝှက်အခန်းရှိတာကို သူတို့မသိဘူး. . ဒါကလည်း ကျွန်မကြိုတင်ပြင်ဆင်ခဲ့တာပါ. . ဒဏ်ရာနဲ့မြေအောက်အခန်းကိုဖွင့်ပြီး ဝင်နေခဲ့လို့မသေခဲ့တာပါ"

"ကိုဆင်ကြီးနဲ့ ယမုံမှိုမှိုတို့က မြန်မာပြည်ရောက်မှဆုံကြတာလား"

"ဟုတ်တယ်. . အိမ်ပြာကျပြီး သက်ဆိုင်ရာကမရောက်ခင် ကျွန်မမြေအောက်ခန်းက အပြင်ကိုအထွက်မှာ ကိုဆင်ကြီးကတွေ့ပြီး. . ကျွန်မကိုကယ်ခဲ့တာပါ၊ ကျွန်မပြန်ပြီးကောင်းလာတော့ ကျွန်မကိုသတ်သွားတဲ့သူတွေကို ပြန်ပြီးလက်စားချေဖို့အတွက်. . ကိုဆင်ကြီးအကူအညီနဲ့ ရှာဖွေခဲ့တာပါ၊ ခုကိစ္စပြီးပြတ်ရင် ကျွန်မနဲ့အတူ. . ပြည်ပကိုထွက်သွားကြမှာပါ၊ အစ်ကိုအသက်ပေးခဲ့ရတဲ့ ရတနာတွေကို ယူသင့်သလောက်ယူရမှာပဲ၊ ဒင်းတို့ကိုလည်း သတ်မယ်"

ယမုံမှိုမှို ခံစားချက်နှင့် ကြယ်စင်ကောင်းကင်တို့ခံစား



www.burmeseclassic.com

www.burmeseclassic.com



ချက်က ကွဲလွဲနေပေမယ့်. . ထုတ်၍မပြောပေ။

"ရှေ့နားက ချောင်းစပ်နားမှာကားရပ်တော့"

ဆင်ကြီး ကားကိုရပ်လိုက်ပြီး၊ အထုပ်အပိုးများနှင့်ဆင်းခဲ့ကြသည်။

"ကားကို ဒီအတိုင်းထားခဲ့တော့ ဆင်ကြီး. . သူ့ပိုင်ရှင်ပြန်တွေ့တော့လည်း ယူသွားပေါ့"

ယမုံမို့မို့တို့ ထိုကားကို လခနှင့်ငှားစီးခဲ့ခြင်းဖြစ်သည်။

"ဂျူး. . စက်လှေနဲ့သွားကြမှာလား"

"စက်လှေက တောစပ်စခန်းထိပဲ. . သွားလို့ရမှာလေဟိုရောက်ရင် ဖောင်လုပ်ပြီးခရီးဆက်ရမယ်"

ချောင်းစပ်တွင် အသင့်တွေ့ရသောစက်လှေကို ငှားပြီးခရီးဆက်ခဲ့ကြရပြန်သည်။

"နိုဗယ်(လ်). . အရမ်းအေးလာတယ်၊ အနွေးအကျီဝတ်ထားလေ"

"ကြယ်စင်လည်း. . ဝတ်လေ"

"အင်း. . ."

အနွေးအကျီကို ကိုယ်စီဝတ်လိုက်ကြသည်။

ယမုံမို့မို့နှင့် ဆင်ကြီး. . စက်လှေဦးပွင့်ထိုင်လျက်. .



www.burmeseclassic.com

www.burmeseclassic.com



သူတို့နောက်တွင် ကြယ်စင်တို့နှစ်ယောက်ထိုင်နေလေသည်။ မုဆိုးကြီးဂျူးက ပဲ့ပိုင်းတွင်ဆေးလိပ်ဖွာရင်း စက်လှေသမားနှင့် စကားပြောပြီး လိုက်ပါလာသည်။

"ဖူတောင်"

"ဗျာ. . ဂျူး"

"ဒီမှာ. . ဘာအခြေအနေတွေထူးလဲ"

"ထူခြားတယ်ဂျူး. . ခုရက်ပိုင်း ဟိုသူပုန်တွေ တောစပ်ထိဆင်းပြီးဆက်ကြေးတောင်းနေလို့ သစ်ခုတ်သမားတွေ တောထဲကိုအလုပ်မဆင်းရဲကြဘူး"

"ဒီကောင်တွေ အတင့်ရဲလှချည်လား"

"ဟုတ်တယ်ဗျာ. . စစ်ကြောင်းတွေ အတင်းချေမှုန်းနေတော့ ဒီကောင်တွေ စခန်းပျောက်ပြီး၊ ကြုံသလိုလုပ်စားနေကြတာ. . ဂျူးတို့သွားရင် သတိတော့ရှိနော်"

"အေးပါကွာ"

ညဘက်တဖြည်းဖြည်းရောက်ရှိလာသလို. . အအေးဓာတ်က ပို၍လွှမ်းကဲလာနေလေသည်။

"ဟင်း..လက်ဖျားတွေအေးစက်နေပါလားနိုဗယ်(လ်)"

လက်ဖဝါးလေးကို ဆုပ်ကိုင်နေသော နိုဗယ်(လ်)လက်ကို

www.burmeseclassic.com

www.burmeseclassic.com



စမ်းကြည့်တော့ အေးစက်နေသည်ကိုတွေ့လိုက်ရသည်။

ကြယ်စင်ကောင်းကင်. . ခွင့်မတောင်းဘဲ နိုဗယ်(လ်) လက်သွယ်လေးများကို ဆုပ်ကိုင်ထားသည်ကို နိုဗယ်(လ်)တစ်ယောက် မငြင်းမိချေ. . .

တိုးဝှေ့နေသည့် လေစိမ်းများကြောင့်. . အေးစက်လာမှုကို နိုဗ(လ်)တစ်ယောက်ခံနိုင်ရည်မရှိတော့သဖြင့်. . ခေါင်းလေးကို ကြယ်စင်ကောင်းကင်ရင်ခွင်ထဲသို့ တိုးဝင်လိုက်သည်။

"ကောင်လေးတွေ. . အဖျင်းပြေသောက်ဦးမလား"

"မသောက်တော့ဘူး ဂျူး"

"အေးပေါ့ကွာ. . မင်းတို့က အချမ်းဒဏ်ကိုကာကွယ်နိုင်မှာပေါ့. . ဟား. . . ဟား. . . ဟား"

ဂျူးစကားကြောင့် နှစ်ယောက်သားပြုံးနေမိသည်။

"နောက်ထပ်နာရီဝက်လောက် မောင်းရဦးမှာနော်. . နွေးနွေးထွေးထွေးနေကြပေါ့. . ငါကတော့ ခေါင်အရက်နဲ့ပဲ အချမ်းဒဏ်ကိုကာကွယ်ရမှာပဲ"

ချောင်းကွေ့များကို စက်လှေကလေးဖြတ်သန်းမောင်းနေဆဲ. . ကြယ်စင်ကောင်းကင်နှင့် နိုဗယ်(လ်)တို့ယမုံမှိုမှိုနှင့် ဆင်ကြီးတို့ကတော့ စကားသံတိတ်ဆိတ်စွာ လိုက်ပါလာခဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

"နိုဗ(လ်). . အိပ်ချင်ရင်အိပ်လေ"

"ပြောတာတောင်နောက်ကျနေပြီ. . နိုဗ(လ်)က အိပ်ပြီး လိုက်လာတာ"

မျက်လုံးလေးမှိတ်ပြီး၊ ပခုံးထက်ပေါ်မှာအိပ်နေသော နိုဗယ်(လ်)ပခုံးလေးကို ဆုပ်ကိုင်ပြီး ထိန်းထားလိုက်တော့သည်။

ချစ်သူများမဟုတ်ပေမယ့်. . ချစ်သူဘဝလေးဆီသို့ ရောက်လုလုဖြစ်နေခဲ့ပြီမဟုတ်လား. . .

စက်လှေစက်ရပ်သံကြောင့် ကြည့်လိုက်တော့ တဲအိမ် လေးပေါ်မှ မီးတုတ်လေးနှင့် လူတစ်ယောက်ဆင်းလာသည်။

"ဆရာဂျူး. . ."

"ဟေ. . ထော်နီ၊ ဟိုကောင်. . ကျော်စံရော"

"ရှိတယ်ဆရာ. . ဆရာဂျူးတို့လာရင်စားဖို့ ဟင်းစား ဆုပ်နေတယ်"

"တယ်ဟုတ်ပါလား. . ဘာကောင်တွေရထားလို့လဲ"

"ယုန်နှစ်ကောင်ရထားတယ်. . ကြီးမှကြီးပဲ"

"ကောင်းတာပေါ့ကွာ. . ဗိုက်ကဆာနေတာ၊ ကဲ သွား ကြပေါ့"

www.burmeseclassic.com

www.burmeseclassic.com



တဲအိမ်လေးပေါ်သို့ အားလုံးတက်ခဲ့ကြသည်။

"ဒီညတော့ ဒီမှာအိပ်ပြီး၊ မနက်အလင်းမရောက်ခင်. . ခရီးထွက်မယ်. . ကျော်စံ. . ဖောင်ကိစ္စကရော"

"ဆရာဂျုံး. . လုပ်ပြီးသွားပြီ"

"ငါ့တပည့်တွေက စိတ်ချရသားပဲ"

ထိုညခင်းလေးကို ယုန်သားဟင်းနှင့် မြိန်ရှက်စွာစားကြပြီး. . တဲထဲတွင်အိပ်ခဲ့ကြလေသည်။

ထော်နီ၊ ကျော်စံနှင့် မုဆိုးကြီးဂျုံးက ဖောင်ပေါ်တွင် ပြင်ဆင်စရာများကို ပြင်ဆင်ရင်း. . ဆင်းအိပ်ကြသည်။

တဲပေါ်မှာ ကြယ်စင်ကောင်းကင်တို့(၄)ယောက်သာ အိပ်စက်ကြသည်။

"ဟီ. . . အိ. . အိ"

"အရမ်းချမ်းနေလား. . နိုဗယ်(လ်)"

"အင်း. . စောင်ခြုံတာတောင် အအေးကဖောက်ဝင်နေတယ်"

"ကျောချင်းကပ်ပြီး အိပ်လေ. . လူ့ကိုယ်ငွေ့နဲ့ဆိုတော့ အချမ်းသက်သာတာပေါ့"

တစ်ယောက်နှင့်တစ်ယောက် ကျောချင်းကပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အိပ်လိုက်ကြသည်။ တစ်ဖက်တွင်အိပ်နေသော. . ယမုံတို့နှစ်ယောက်ကတော့ စကားသံတိတ်ပြီး၊ အိပ်ပျော်နေပေမယ့်. . ကြယ်စင်ကောင်းကင်တို့ကတော့ အိပ်မပျော်နိုင်ကြပေ. . .

"ဝုန်း. . ."

"အမေ့"

"ဟာ. . ."

တဲနောက်ဘက်မှ သတ္တဝါတစ်ကောင်၏ခုန်ချသံကြောင့် နိုဗယ်(လ်)တစ်ယောက် ကြယ်စင်ကောင်းကင်ရင်ခွင်ထဲသို့ အတင်းတိုးဝင်ပြီး ဖက်ထားလေသည်။

ပါလာသောဓာတ်မီးဖြင့် ထိုးကြည့်သောအခါ တောကြက်တစ်ကောင် ပြန်ထွက်သွားသည်ကိုတွေ့လိုက်ရသည်။

"မရှိတော့ပါဘူး"

ကြယ်စင်ကောင်းကင်မှ "မရှိတော့ဘူး"ပြောပေမယ့်၊ နိုဗယ်(လ်)တစ်ယောက် သူ့ရင်ခွင်ထဲကမခွာပေ . . . ကြယ်စင်ကောင်းကင်လည်း အလိုက်သင့်လေးပြန်ပြီးဖက်ကာ၊ ဆံနွယ်ညလေးကို ရင်ဖိုစွာဖြင့် အိပ်စက်ခဲ့လေတော့သည်။

သူမကလေးငယ်တစ်ယောက်လို ကြယ်စင်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်ထဲတွင် အိပ်ပျော်သွားပေမယ့် . . ဘဝမှာတစ်ခါမှ မခံစားဘူးသော ရင်ခုန်မှုဝေဒနာတွေကြောင့် . . ကြယ်စင်ကောင်းကင် အိပ်စက်၍မရနိုင်ချေ . . . ။

www.burmeseclassic.com

www.burmeseclassic.com

နံနက်ခင်းအလင်းရောင်က နှင်းများကိုထိုးမဖောက်နိုင်အောင်ပင်. . .

"ဆရာဂျုံး. . ဝါးဖောင်ကိုချတော့မလား"

"ခဏနေဦးဟေ့. . ရေစီးကအရှမ်းကိုစီးနေတယ်၊ ပြီးတော့ အဲ့ရှေ့လေကိုစောင့်ပြီးမှချကြမယ်"

ဖောင်ကို ချည်နှောင်ထားသောကြိုးများကို အသင့်အနေအထားပြင်လိုက်ပြီး စောင့်နေကြသည်။

နှင်းတွေက ခေါင်းခဲမတတ်အေးနေလေသည်။

"နိုဗယ်(လ်). . ."

"ကြယ်စင်"

www.burmeseclassic.com

www.burmeseclassic.com



"နှင်းတွေအရမ်းကျနေတယ်. . တဲထဲမှာနေလေ၊ ဟိုမှာယမုံရှိနေတာပဲ၊ ခေါင်းကိုလုံခြုံအောင်ထားနော်"

"အင်း"

သူမ ခေါင်းလေးညိတ်ပြီး တဲထဲသို့ပြန်သွားလေသည်။

"ကိုကြယ်စင်"

"ဘာများလဲ ကိုဆင်ကြီး"

"ခင်ဗျားတို့နှစ်ယောက်က ချစ်သူတွေဖြစ်ကြပြီလား"

"မဖြစ်သေးပါဘူး. . ဘာဖြစ်လို့လဲ"

"ချစ်သူသာမဟုတ်တယ်. . ချစ်သူတွေထက်တောင် ကြင်နာနေကြသေးတယ်. . ဖွင့်ရောပြောပြီးပြီလား"

"မပြောရသေးပါဘူး. . ဒါပေမယ့် နှစ်ယောက်စလုံးရဲ့ နှလုံးသားမှာ နားလည်မှုလေးတွေတော့ရှိနေပါတယ်. . ကျုပ်ကို တော့မေးပြီး ခင်ဗျားရော"

"အင်း. . ခင်ဗျားတို့လိုပဲ၊ ပြောရမှာပေ့ါဗျာ. . ကျုပ်လို တောသားတစ်ယောက်ကို ယမုံပြန်ပြီးမချစ်မှာကို ကြောက်လို့ ဖွင့်မပြောတာ"

"ကျုပ်အမြင်ပြောရရင် ယမုံ. . ခင်ဗျားပေါ်မှာတော့



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်ရှိတဲ့ပုံပဲ. . ."

"ကျုပ်လည်း ဒါလေးနဲ့ကျေနပ်နေရတာ. . အရှင်းဆုံး ပြောရရင် ယမုံအတွက်ဆိုရင်. . ကျုပ်အသက်ကိုတောင် စွန့်ဖို့ ဝန်မလေးဘူး"

"ကျုပ်ယုံပါတယ်ဗျာ. . ခင်ဗျားယမုံနဲ့အတူပြည်ပကို တစ်ခါတည်းလိုက်မှာလား. . ကိုဆင်ကြီး"

"ကျုပ်ဘဝမှာက တွယ်တာစရာဆိုလို့ ယမုံတစ်ယောက်ပဲ ရှိခဲ့တာလေ. . ယမုံရဲ့ပြည်သွားလည်း လိုက်မှာပဲဗျို့"

"အရှေ့လေလာပြီဟေ့..ဖောင်ကြိုးတွေကို ဖြုတ်တော့"

မုဆိုးကြီးဂျူး. . အော်လိုက်သည်နှင့် ဖောင်ကြိုးများကို မြှင်တူဖြုတ်ချလိုက်သည်။

"ဝုန်း"

ဖောင်ကြီးမှာ ချောင်းထဲကျသွားသည်။ စီးနေသည့်ရေ စီးကြောင့် ယိမ်းထိုးသွားလေသည်။

"အားလုံးတက်ကြတော့. . ."

ဖောင်ပေါ်သို့လူစုံသည်နှင့်. . ကမ်းမှစတင်ပြီး ခွာလ တော့သည်။ ဝါးကြီးများကို နှစ်ထပ်ခိုင်ခိုင်မာမာလုပ်ထား သော

www.burmeseclassic.com

www.burmeseclassic.com



ဖောင်ကြီးဖြစ်သလို လူခုနှစ်ယောက်ကျယ်ကျယ်ဝန်းဝန်း နေထိုင်ရှိရသည်။

သိုးမွှေးခေါင်းစွပ်လေးနှင့် နိုဗယ်(လ်)...ကြယ်စင်ကောင်းကင်ဘောတွင် ဝင်ထိုင်သလို မုဆိုးဂျူး၏တပည့်နှစ်ယောက်ကတော့ ထိုးဝါးတစ်ချောင်းစီဖြင့် ဖောင်ကိုထိန်းကျောင်းနေလေသည်။

"ဆင်ကြီး..လက်နက်အိတ်ကိုဖွင့်ပြီး၊ လက်နက်ဝေပေးထားတော့"

ဆင်ကြီး မှော်ခိုဈေးကွက်မှခိုးပြီးဝယ်ခဲ့သော သေနတ်များကို တစ်လက်ချင်းထုတ်ကာ ပေးနေသည်။

"နိုဗယ်(လ်)မှ သေနတ်မပစ်တတ်တာ"

"မပစ်တတ်လည်း ယူထားလေ..ပြီးရင် ဒို့သင်ပေးမယ်"

မုဆိုးကြီးဂျူးကတော့ သူ့ဒူးလေးနှင့်မြားပါ ရယ်...တားမြှောင်တစ်ချောင်းရယ်ကလွဲပြီး ဘာမှမယူပေ

"ကျည်ရော..လုံလုံလောက်လောက်ပါရဲ့လား"

"ပါတယ်မို့..ကျည်ဆံအိတ်ရယ်၊ မဖောက်ခဲ့ရသေးပစ္စည်း

www.burmeseclassic.com



တွေကို ဟိုအိတ်ထဲမှာထည့်ထားတယ်"

ချောင်းကွေ့လေးတစ်ခုဆီသို့ ဖောင်လေးရောက်လာစဉ်. . ထော်နီမှ. . .

"ဆရာဂျုံး. . နဂါးမှုတ်ကွေ့ကိုရောက်ပြီ"

"အေး. . . အားလုံး ဖောင်ကိုမြဲမြဲကိုင်ထားကြပေ့"

ဆရာဂျုံးက သတိလှမ်းပေးလိုက်သောကြောင့်. . ဖောင်ကိုဆုပ်ကိုင်လိုက်ကြတော့သည်။

"ဝုန်း. . ."

"အမေ့"

"အယ်. . . ဟာ. . . ဟင်"

ဖောင်ကြီးမှာ သိမ့်သိမ့်ခါသွားပြီး ဘေးဘက်သို့ထိုးကာပ်သွားသည်။

"ထော်နီနဲ့ ကျော်စံရေလယ်ဘက်ကို မရောက်စေနဲ့"

"ဟုတ်ကဲ့"

"ဖွူး. . ."

"ဟာ. . ."

ချောင်းထဲမှ ရေတွေအပေါ်သို့ပန်းတက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာဂျူး . . နဂါးဆိုးကြီး"

ဆရာဂျူး ဒူးလေးကိုအသင့်ပြင်ကာ ရေတွေပန်းထွက်

သောနေရာသို့ ချိန်ရွယ်ကာပစ်လိုက်သည်။

"ဝှီး"

"ဒုတ်"

"ဖူး. . ."

"ဖြောင်း"

ချောင်းထဲမှရေလှိုင်းတွေ ထလာပြီး၊ ဖောင်ပေါ်သို့ရေ

တွေတက်လာလေတော့သည်။

"ဖြောင်း. . . ဖြောင်း"

"ကြွယ်စင်"

"ဆင်ကြီး"

"ဟင်. . ."

ကြီးမားသော အမြီးကြီးတစ်ခု ဖောင်ပေါ်သို့ဝဲကျလာ

သဖြင့် အားလုံးဝပ်နေရလေသည်။

လွန်စွာကြီးမားသော မြွေကြီးတစ်ကောင်၏ဦးခေါင်း

နှင့်အစွယ်တို့ကို အနီးကပ်တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆင်ကြီး"

"မွှဲ"

ယမုံတစ်ယောက် ဖောင်ကိုကိုင်ထားရာမှ ဘေးဘက်သို့လွှင့်စင်ပြီး . . မြွေကြီးပါးစပ်နားသို့ရောက်သွားသည်။ ဆင်ကြီးယမုံ့ဆီကိုလှိမ့်ပြီးလက်ကိုလှမ်းဆွဲပေမယ့် ဖောင်မှာလှုပ်ခါနေသဖြင့် နှစ်ယောက်လုံးကို မြွေကြီးကကိုက်ရန် ပြင်ချိန်တွင် . .

"ဒိုင်း . . . ဒိုင်း"

"ဖူး . . ဝုန်း"

ကြယ်စင်ကောင်းကင်လက်ထဲမှ ခြောက်လုံးပြူးဖြင့် နှစ်ချက်ဆက်တိုက်ပစ်ချလိုက်သည်။

ရေပေါ်တွင် သွေးကွက်များပေါ်ထွက်လာပြီး၊ မြွေကြီးရေအောက်သို့ ငုပ်လျှိုးသွားလေတော့သည်။

"ယမုံ . . ."

"ဆင်ကြီး"

"ဟူး"

"တော်ပါသေးရဲ့ကွာ . . ကျုပ်တော့သွားပြီထင်လိုက်တာ . . ကိုကြယ်စင်ကယ်လိုက်လို့"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာဂျူး. . မြွေကြီးကကြီးလိုက်တာ ဘာမြွေလဲ"

"စပါးအုံးလို့ ခေါ်ရမှာပေါ့. . နှစ်ချို့မြွေကြီးတစ်ကောင်လေ. . သူ့ကို မုဆိုးတွေက နဂါးလို့ခေါ်ကြတယ်၊ အန္တရာယ်ပေးနေတာကြာပြီ"

"ဘယ်သူမှ ခုချိန်ထိ မသတ်ပစ်နိုင်ဘူး. . ဒီမြွေက တစ်ခါလောက်အန္တရာယ်ပြုပြီးရင် တစ်နှစ်လောက်ပျောက်နေပြန်ရောကွ. . ."

"ရေထဲမှာပဲ နေတာလား"

"ကုန်းပေါ်မှာလည်း နေတဲ့အခါနေတယ်. . ဒီနေ့ကွေ့ရောက်ရင် ဒီကောင်ကြီးရန်ကို အမြဲသတိထားနေရတယ် ကောင်လေးပစ်လိုက်တဲ့ပစ်ချက်ကတော့ ဒီကောင်ကြီးအထိနာသွားတယ်"

"ကျွန်တော်က မျက်လုံးကိုရွေးပြီး ပစ်တာပါ. . ဘယ်ထိသွားလည်း မပြောတတ်ပါဘူး"

"အင်း. . မျက်လုံးတည့်တည့်ပဲကွ၊ ဒါဟာကံကောင်းတာ. . တခြားနေရာကိုမှန်ရင် ဒီကောင်ကြီး အရေခွံကိုကျည်မတိုးဘူး၊ ငါပစ်တဲ့မြားတောင်ပြန်ပြီးကန်ထွက်လာတာပဲ.



www.burmeseclassic.com

www.burmeseclassic.com



အရေခွံအမာစားကြီးဖြစ်နေပြီလား မသိပါဘူး၊ ကောင်လေးက လက်ဖြောင့်သားပဲ"

ကြယ်စင်ကောင်းကင် တက္ကသိုလ်သေနက်ပစ်လက်ရွေး စဉ်တစ်ဦးဖြစ်ခဲ့ဘူးသလို အားသည့်အချိန်များတွင်လည်း သေနတ်ပစ်လေ့ကျင့်နေတာကြောင့် လက်ကသေနတ်နှင့် သိပ် မစိမ်း. . .

"ဂျူး. . ဖောင်နဲ့ခရီးဘယ်လောက်သွားရမှာလဲ"

"(၂)ရက်နဲ့တစ်ည"

"ဒါဆိုရင် ဖောင်ပေါ်မှာအိပ်. . ဖောင်ပေါ်မှာစားပေါ့ ဟုတ်လား"

"ဟုတ်တယ်. . ဖောင်ပေါ်စားဆိုလို့ မနက်စာအတွက် စားဖို့ချက်ပြုတ်ရမယ်"

"ဒီအတွက် ကျွန်မတို့နှစ်ယောက် တာဝန်ထားပါ"

နိုဗယ်(လ်)နှင့် ယမုံက. . နေ့လည်စာအတွက်ချက်ပြုတ် န်ပြင်ဆင်သလို ဆင်ကြီးနှင့် ကြယ်စင်ကောင်းကင်က ထော်နီ၊ ဘျော်စံတို့ကို ဝိုင်းကူပြီး. . ဖောင်ကိုမျှောလာကြသည်။

နေ့လယ်ခင်းကို ရောက်ပေမယ့်. . နှင်းကကွဲသေး

www.burmeseclassic.com

www.burmeseclassic.com



ပေ. . .

"ကဲ. . ရေနွေးလေး သောက်ကြဦးဟေ့"

မုဆိုးကြီးဂျုံးဘေးတွင် ကြယ်စင်ကောင်းကင်နှင့်ကျော်စံ ဝင်ထိုင်လိုက်သည်။ ဆင်ကြီးနှင့် ထော်နီက ဝါးလုံးရှည်ဖြင့် ဖောင်ကိုထိန်းပေးနေလေသည်။

"ထမင်းစားရင် ရပြီနော်"

"အေး. . စားကြမယ်ဟေ့"

ယမုံက လှမ်းပြီးပြောလိုက်သောကြောင့် နေလယ် ထမင်းစာရန်ပြင်ကြလေသည်။

"ဆင်ကြီးနဲ့ ကျော်စံ. . ဒီရေစီးနဲ့ ဖောင်ကိုလွှတ်ထား လိုက် ရေစီးကငြိမ်တယ်"

"ဟုတ်ကဲ့"

အားလုံးစုံစုံညီညီနှင့် ထမင်းစားကြလေသည်။ အမဲ ခြောက်ကို ဖုတ်ပြီး. . ငါးသေတ္တာကိုပြန်ပြီးချက်ထားသည့် ထမင်းဝိုင်းသည် တကယ်စားကောင်းသော ထမင်းတနပ်ပင်။

"ဆန်ကို ချွေတာပေ့. . ဟင်းလျာက ချွေကြဲပြီးစားလို့ ရတယ်. . ."

www.burmeseclassic.com

www.burmeseclassic.com



"ဆရာဂျုံးရယ်. . ထမင်းမရှိလည်း ဟင်းခြောက်နဲ့ ဝမ်းဖြည့်တာပေါ့"

"မင်းတို့ကတော့ ဟုတ်တာပေါ့. . ဒီကမြို့သူတွေ စားနိုင်မှာမဟုတ်ဘူး"

"ရပါတယ်. . ကြုံလာရင် ကြုံသလိုပေါ့"

ရာသီဥတုက သာသာယာယာပင်ရှိနေဆဲ. . .။

www.burmeseclassic.com

www.burmeseclassic.com

"ဖျပ် . . ဖျပ် . . ဖျပ်"

"ဟာ"

မုဆိုးကြီး အဝေးမှငှက်အုပ်ကြီး ပျံလာသည်ကိုလှမ်း ကြည့်ပြီး . . .

"အားလုံး . . လက်နက်ကိုယ်စီ ပြင်ထားကြပေ့"

"ဘာဖြစ်လို့လဲ ဂျူး"

"ဘာဖြစ်မလဲဆိုတာတော့ မပြောတတ်ဘူး . . မိတ်ဆွေ လား ရန်သူလား . . မသိရတဲ့သူတွေ ရှေ့မှာရှိနေပြီ"

နိုဗယ်(လ်) . . ကြယ်စင်ကောင်ကင်းဘေးတွင်အိပ်ပျော် နေလေသည်။

"တူ . . တူ . . တူ"

www.burmeseclassic.com

www.burmeseclassic.com



"ဂျူး. . ဒါ ချိုးသံလား"

"မဟုတ်ဘူး. . အချက်ပေးတဲ့အသံ၊ သတိရှိကြဟေ့"

ဖောင်လေးမှာ တရွေ့ရွေ့မျောလာရင်း. . .

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

သေနတ်ဖောက်သံနှင့်အတူ. . ကမ်းပေါ်မှလက်နက်ကိုင် လူတစ်စုကိုလှမ်းပြီးတွေ့လိုက်ကြရသည်။

ဖောင်ကို ကမ်းဘက်သို့ကပ်ခဲ့ရန် အော်ပြောနေသည်။

"ဂျူး. . ဒီကောင်တွေဘယ်ကလဲ"

"သူပုန်တွေ"

"ဟင်. . ."

"ဘယ်လို လုပ်မလဲ"

"ထော်နီ"

"ဗျာ. . ဆရာဂျူး"

"ရေစီးကြောင်းက ဘယ်ဘက်က သန်နေသလဲ"

"ဆရာဂျူး. . ညာဘက်က သန်တယ်၊ ဒါပေမယ့်. . ဘယ်ဘက်ကမူတွေတော့ ရှိတယ်"

"ကျောက်တမူက ပြဿနာမရှိဘူး. . ညာဘက်ကို

www.burmeseclassic.com

www.burmeseclassic.com



ဖောင်ရွှေ့ထားလိုက်"

"ဒိုင်း . . ဒိုင်း"

ဖောင်မကပ်မှန်းကို သိသည်နှင့် . . သေနတ်ဖြင့်လှမ်း ပစ်သည်။ ထိုနောက် စက်လှေတွေနှင့် လိုက်ရန်ပြင်လေသည်။

"သေချင်တဲ့ကောင်တွေ လိုက်လာပါစေ . . ကျော်စံ ငါယူလာခိုင်းတဲ့ သစ်စေ့ဆီတွေပါလား"

"ပါတယ် . . ဆရာဂျူး . . ပုံးနဲ့ကိုထည့်လာတာ"

"သွားယူကွာ . . ."

စက်လှေသုံးစင်း လူဆယ်ယောက် လက်နက်အပြည့် နှင့် လိုက်လာကြသည်။

"ရော့ . . ဆရာဂျူး"

စက်လှေတွေမှာ အနီးကပ်ဆုံးကိုရောက်ရှိလာနေ ပြီ . . မုဆိုးကြီးဂျူး . . ကျော်စံပေးသော ပုံးကိုဖွင့်ကာရေထဲသို့ လောင်းချလိုက်ပြီး မီးခြစ်ဖြင့်ရှို့လိုက်သည်နှင့် . . မီးခိုးများ တက်လာသည်။

"နှာခေါင်းတွေကို ခဏပိတ်ထားကြ"

ဂျူးပြောသည့်အတိုင်း . . နှာခေါင်းတွေကိုပိတ်ထား

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း မီးခိုးနံ့ကြောင့် ခေါင်းထဲနောက်ကျိသွားသည်။

"ရပြီဟေ့"

"ဝုန်း"

"ဒုန်း"

နောက်မှလိုက်လာသော စက်လှေတွေ ဘေးဘက်သို့ ဘက်သည့်စက်လှေကတက်ပြီး . . အချင်းချင်းပြန်ပြီးတိုက်ကာ နစ်မြုပ်ကုန်လေသည်။

"ဂျူး. . ဆီကတယ်ပြီးစွမ်းပါလား"

"ဟုတ်တယ်. . ဒီသစ်ဆီက တောထဲကအဆိပ်ပင် တစ်မျိုးကထွက်တဲ့အဆီပဲ. . မီးလောင်လွယ်တယ်၊ ရေပေါ်မှာ ဓာတ်ဆီတွေလို ရေနဲ့မရောဘူး. . ဒီအငွေ့ကိုရှူမိတာနဲ့ ခေါင်းထဲ မှာ မူးနောက်ပြီး ပစ်လဲတဲ့အထိဖြစ်တယ်. . ငါတို့သားကောင် တွေကို ပစ်တဲ့အခါမှာဒီအဆီကို အသုံးပြုတာ. . ယူလာခိုင်းတုန်း က သားကောင်ကြီးအန္တရာယ်ကိုကာကွယ်ဖို့ပါ. . ခုတော့ ဒီကောင်တွေအတွက် ဖြစ်သွားတာပေါ့"

"ဒုန်း. . ."

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



ဖောင်ကြီးမှာ ရှေ့ကိုမသွားတော့ဘဲ ရပ်တန့်သွားသည်။

"ဘာဖြစ်တာလဲ ဂျုံး"

"ကျောက်ကမူတွေနဲ့ ငြိပြီကွ"

"ဘယ်လို လုပ်ကြမလဲ"

"ရေထဲကို ဆင်းပြီးတွန်းရမှာပဲ မိန်းကလေးနှစ်ယောက် ကလွဲပြီး. . အားလုံးဆင်းကြမယ်. . ရေကတိမ်တယ် ရေစီးသန် တယ်. . သတိထားကြ"

ကြယ်စင်ကောင်းကင်တို့ အင်္ကျီချွတ် မည်အပြု. . .

"ကောင်လေး. . အင်္ကျီမချွတ်နဲ့"

"ဗျာ"

"ဒီရေက ရေခဲထက်. . အဆပေါင်းတစ်ရာလောက် အေးတယ်. . ကိုယ်လုံးသက်သက်ဆို မခံနိုင်ဘူး"

ကြယ်စင် အင်္ကျီမချွတ်တော့ဘဲ. . ရေထဲကိုဆင်းလိုက် သည်။

"ဟ. . ."

ဂျုံးပြောသလို တစ်ကိုယ်လုံး ကျင်စက်နေတို့လိုက်သ ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"တွန်းပေ့. . ပြိုင်တူအားစိုက်ပြီးတွန်း"

"တစ်. . နှစ်. . သုံး"

သုံးကြိမ်လောက် အားစိုက်တွန်းမှ ဖောင်ကြီး ကျောက်တုံးတွေနှင့် လွတ်သွားသည်။

"ဟီး. . . အိ. . . အိ"

ကြယ်စင်ကောင်းကင်. . ဖောင်ပေါ်ရောက်တော့ တုန်ယင်လေပြီ. . .

"ကြယ်စင်ရေ့. . ရေတွေသုတ်ပြီး အဝတ်လဲလိုက်တော့. . ."

နီဗယ်(လ်)ပေးသော တဘက်လေးကိုလှမ်းယူပြီး သုတ်ရှာ အဝတ်အစားလဲရတော့သည်။

"ကောင်လေးရေ့. . သောက်လိုက်"

ဖန်ခွက်လေးနှင့်ထည့်ထားသော ခေါင်အရက်ကို သောက်ချလိုက်တော့မှ ပြန်ပြီးနွေးထွေးသွားသည်။

"ဆရာဂျူး. . ဘယ်မှာညအိပ်မလဲ"

"ဘသောင်တောထိပ်မှာ အိပ်မယ် ထော်နီ"

"ကမ်းကပ်အိပ်မှာလား"

www.burmeseclassic.com

www.burmeseclassic.com



"ရေထဲမှာ အိပ်လို့တောင်ကျရေက စိတ်မချရဘူး. . ဒီနှင်းကျပုံက တောင်ကျရေစီးနိုင်တယ်"

ညနေခင်းဆီသို့ ဖောင်လေးဝင်ရောက်နေလေပြီ. .

"ကြယ်စင်"

"နိုဗယ်(ဂ်). . ဘာပြောချင်လို့လဲ"

"ခုလာတဲ့ခရီးက. . အန္တရာယ်အရမ်းကြီးလိုက်တာ"

"ဒါကြောင့်ဒို့က. . နိုဗယ်(လ်)ကို မလိုက်စေချင်တာ"

"နိုဗယ်(လ်)က. . ကြယ်စင်ကိုခွဲပြီးမှ မနေနိုင်တာ"

"ဟင်. . ."

အမှတ်မထင်ကြားလိုက်ရသော စကားကြောင့် နိုဗယ်(လ်) မျက်နှာလေးကို စိုက်ပြီးကြည့်မိလေသည်။

"ဒီစကားကိုပြောလို့. . နိုဗယ်(လ်)ကို ကြယ်စင်အထင် သေးသွားသလား"

"နိုဗယ်(လ်)ရယ်. . ဒို့ရင်ထဲမှာလည်း ဒီလိုခံစားချက် က ရှိနေခဲ့တာပါ"

"နိုဗယ်(လ်)ဘဝက. . ချစ်သူစွန့်ခြင်းခံရတဲ့ လူ ယောက်ပါ. . ."

www.burmeseclassic.com

www.burmeseclassic.com



"ပြီးလိုက်တဲ့အပေါ်မှာ မေ့လိုက်ကြရအောင်နိုဗယ်(လ်)
ီနေ့ဒီရက်ကစပြီး . . နှလုံးသားသစ်ဘဝသစ်နဲ့ပဲ ခရီးဆက်ချင်
ာယ်"

"ကြယ်စင် . . နိုဗယ်(လ်)ကိုချစ်တယ်ပေါ့"

"စပြီးတွေ့တဲ့နေ့ကတည်းက ချစ်ရနေတာ"

"ယုံရမှာလား . . ."

"ဘယ်လိုသက်သေပြရမလဲပြော . . ."

"ရင်ကိုခွဲပြီး အသဲကိုထုတ်ပြ . . ."

"ကောင်းပြီ . . ဒီမှာကြည့်"

"ကြယ်စင်"

ကြယ်စင်ကောင်းကင် . . အကျီကိုကြယ်သီးကိုဖြုတ်
ည်အပြု . . သူ့မလက်ကလေးက အတင်းဆွဲထားသည် . .
ကြယ်စင်ကောင်းကင်လည်း အလိုက်သင့်လေးဆုပ်ကိုင်လိုက်
ည်နှင့် . . .

"ယုံပါတယ် . . ကြယ်စင်ရယ်"

"ယုံတာတစ်ခုတည်းနဲ့ ပြီးသွားပြီလား . . ."

"နိုဗယ်(လ်)က . . ဘာတွေထပ်ပြီးပြောရဦးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နှုတ်ခမ်းထက်က. . စကားလေးတစ်ခွန်းကျန်သေးတယ်"

"ပြောဖို့လိုသေးလို့လား. . ."

"သိပ်ပြီးအရေးကြီးတဲ့စကားလေ"

"ကောင်းပါပြီရှင်. . ကြယ်စင်ကို အရှိမ်းချစ်ပါသတဲ့" ချောင်းရေစီးသံများကို ကြားနေရသဲပင်။

www.burmeseclassic.com

www.burmeseclassic.com

၈

ဖောင်ကို ကမ်းပေါ်ရှိသစ်ပင်ကြီးများနှင့် ခိုင်ခံ့စွာ
ည်နှောင်ပြီးသည်နှင့်. . .

"ပစ္စည်းတွေအားလုံးယူကြဟေ့. . ."

ဖောင်ပေါ်မှ ပစ္စည်းအားလုံးကို ယူဆောင်ပြီး၊ ကမ်း
ပေါ်သို့တက်ခဲ့ကြလေ၏။

ကမ်းနှင့် အတော်လေးဝေးသောနေရာလေးရောက်
သော့. . .

"ဆရာဂျူး. . ဘယ်မှာအိပ်ကြမလဲ"

"နေဦး. . ငါနေရာရှာလိုက်ဦးမယ်"

ကြယ်စင်ကောင်းကင်တို့ကိုထားခဲ့ပြီး. . ဂျူး နေရာရှာ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ဒီဘက်ကိုလာကြဟေ့"

အရှေ့ကုန်းမြင့်လေးပေါ်မှ လှမ်းပြီးခေါ်လိုက်သဖြင့် သွားခဲ့သည်။

ကုန်းမြင့်လေးပေါ်မှ လွန်စွာကြီးမားသောသစ်ပင်ကြီး၏ ကာလိုင်ပေါက်ကြီးကိုတွေ့လိုက်ရသည်. . ဂူတစ်ခုလိုဖြစ်နေလေသည်။

"ဘာသစ်ပင်ကြီးလဲ ကျူး. . ."

"သစ်ပုတ်ပင်ကြီးပဲ. . ဒီတောထဲမှာ နှစ်အကြာဆုံးသစ်ပင်ကြီးလို့တောင်ပြောနိုင်တယ်. . အမင်ကြီးကတော့ မရှိတော့ပါဘူး"

"ကာလိုင်ကြီးက လူတွေလုပ်ထားတာလား"

"အင်း. . လူတွေလုပ်ထားတာလည်းပါတယ်၊ သဘာဝအလျောက်ဖြစ်နေတာလည်း ပါတာပေါ့ကွယ်. . ဒီထဲမှာ လူ ယောက်လောက်က မအိပ်ပဲထိုင်နေမယ်ဆိုရင်. . အဆင်ကြီး ထိုင်လို့ရတယ်. . အိပ်ချင်တယ်ဆိုရင်လည်း ကွေးမှုပြီးအိပ်ကြ ပေါ့ကွာ. . အပြင်မှာအိပ်လို့ကတော့ မနက်ရောက်တာနဲ့ ရေ

www.burmeseclassic.com



ရိုက်ထားတာထက်ဆိုးမယ်"

"ဆရာဂျူး. . နှင်းမိုးရွာမယ့်လက္ခဏာပဲ"

"ဟုတ်တယ်. . မြောက်လေက ပြင်းပြင်းတိုက်နေတယ်"

"မီးမဖိုလို့ကတော့. . မရဘူးထင်တယ်"

"သစ်ခေါင်းကြီးအဝမှာ. . မီးဖိုရမယ်"

သစ်ခေါင်းကြီးထဲကိုဝင်ကြပြီး. . နေရာထိုင်ခင်းပြင်ကြသည်။

ထော်နီနှင့် ကျော်စံတောထဲသို့သွားပြီး ထင်းခြောက်များကိုရှာလေသည်။ ညက ရောက်ရှိနေပြီဖြစ်သည်။

ညစာကို ထမင်းမစားကြတော့ပဲ. . အသားခြောက်နှင့်ရေနွေးဖြင့် သောက်ကာနေလိုက်ကြသည်။

"ဝေါ. . ."

အနောက်ဘက်မှလေအော်သံကြီးနှင့် နှင်းစက်တွေကျလာသည်။ သစ်ခေါင်းကြီးအဝတွင် မွေးထားသောမီးဖိုလေးကြောင့် အနွေးဓာတ်ကိုရနေပေမယ့်. . အအေးက ပြင်းထန်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



"နိုဗယ်(လ်). . ဒီပေါင်ပေါ်မှာ ခေါင်းမြီးခြုံပြီးအိပ်လေ"

"ရတယ်. . ကြယ်စင်ရာ"

"ရတယ်လုပ်မနေနဲ့ အိပ်. . ဟိုမှာယမုံတောင်အိပ်နေပြီ"

ယမုံက ဆင်ကြီးပေါင်ပေါ်တွင် ခေါင်းပြု၍အိပ်နေသည်။

ဂျူး၊ ထော်နီနှင့် ကျော်စံတို့လည်း သစ်ခေါင်းကိုမှီကာ အိပ်နေကြလေပြီ. . .

နိုဗ(လ်). . ကြယ်စင်ကောင်းကင်စကားကို မငြင်းဆန်တော့ဘဲ ခေါင်းလေးပြုကာ အိပ်နေသည်။

"ဖျောက်. . ဖျောက်. . ဖျောက်"

အပြင်ဘက်တွင်. . နှင်းစက်ကျသံတွေက ကြားနေရသည်။

"ရှပ်. . ရှပ်. . ရှပ်"

နှင်းကျသံလိုလို ခြေသံလိုလိုကြားနေရသဖြင့်. . ကြယ်စင်ကောင်းကင် ခါးကြားမှသေနတ်ကိုအသင့်ဖြင့်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှူး"

မုဆိုးကြီးဂျုံးက သူ့ကိုလှည့်ကြည့်ပြီး . . အသံမထွက်ရန် အချက်ပေးလိုက်ကာ ဘေးမှထော်နီနှင့် ကျော်စံကိုလှုပ်နှိုးလိုက်သည်။

ဂျုံး . . ဒူးလေးမောင်းကို ကျွမ်းကျင်စွာဖြင့် ဆွဲတင်လိုက်ပြီး . . သစ်ခေါင်းဝဆီကို ချိန်ရွယ်ထားလိုက်သည်။

"ရှပ် . . ရှပ် . . ရှပ်"

"ဝှီ . . ."

"ဂူ"

မီးဖို အလင်းရောင်နှင့် မဲမဲသဏ္ဌာန်ကြီးကိုမြင်လိုက်သည်နှင့် ဂျုံး သူ့ဒူးလေးမောင်းကို ဖြုတ်ချလိုက်သည်။

"ဟာ . . ."

"ဂိ . . ဂါ"

ဒူးလေးမှန်သွားသော အကောင်ကြီးမှာ ကျားနာခဲခဲ ပြီး သစ်ခေါင်းထဲသို့ဝင်သည်နှင့် . . .

"ဒိုင်း"

ကြယ်စင်ကောင်းကင် သေနတ်ခလုတ်ကို ဖက်ညှိုး



www.burmeseclassic.com

www.burmeseclassic.com



လေးကွေးလိုက်သည်။ ဆင်ကြီး၊ ထော်နီနှင့် ကျော်စံတို့ထံမှလည်း သေနတ်သံတွေဆက်တိုက် ထွက်သွားလေသည်။

"ဖိုင်း"

အမဲကောင်ကြီး နောက်သို့လဲကျသွားတော့သည်။

"ဘာကောင်ကြီးလဲ. . ."

"ဝက်ဝံနက်. . သတ်ရတာနှမြောတယ်ကွာ"

"ဘာဖြစ်လို့လဲ ဂျူး"

"ဒီကောင်ကြီးတွေက ရှားပါးသတ္တဝါကြီးတွေဖြစ်နေပြီ မလွှဲသာလို့သတ်ရတာ. . ."

ထော်နီနှင့် ကျော်စံအပြင်ကိုထွက်ပြီး ကြည့်မည်အပြု. . .

"ဟိုကောင်နှစ်ကောင်. . နှင်းခါးမိုးမိပြီး ဖျားမယ်၊ မထွက်နဲ့"

ဂျူးစကားကြောင့် ပြန်ပြီးထိုင်နေကြသည်။

အိပ်ပျော်နေသော နီဗယ်(လ်)နှင့် ယမုံလည်းမျက်လုံး တွေကျယ်ပြီး ထိုင်နေကြလေသည်။

"ဒီနှင်းမိုးက ဖျားတယ်ဟုတ်လားဂျူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . ကောင်မလေး၊ ဒီနှင်းခါးမိုးကို ထိတာနဲ့ တောင်ငှက်ဖျားရောဂါကို ဝယ်ယူလိုက်သလိုပဲ . . အအေးဓာတ် သိပ်များတယ်"

အပြင်မှာ လေတိုးသံ၊ သစ်ရွက်သံတွေက ဆူညံပွက်လောရိုက်နေကြသည်။

"ဦးစကြာခေါင်တို့ ဒီတောထဲကိုလာရတာ . . အံ့ဩဖို့ကောင်းတယ်"

"သူတို့လည်း တောမကျွမ်းရင်တော့ လမ်းမှာသေကြမှာပဲ"

"ဒီရတနာတွေဟာ . . ဘယ်လိုပစ္စည်းတွေ ဖြစ်နိုင်မလဲ ကြယ်စင်"

"ဘုရားပစ္စည်းတွေလေ . . ဒါမှမဟုတ်ရင်၊ ရှေးဘုရင်တွေရဲ့ ပစ္စည်းတွေဖြစ်မလား . . ပြောလို့မရဘူး၊ ကျုံး ဘယ်လိုမြင်လဲ"

"ကျုပ်အမြင်ပြောရရင် . . ဒီရတနာပစ္စည်းတွေဟာ ဘုရားဌာပနာပစ္စည်းတွေဖြစ်ဖို့များတယ်"

"ရှင် . . "



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဘာကြောင့် ဒီလိုပြောနိုင်သလဲဆိုရင် ကျုပ်တို့ဘိုးဘွား တွေကပြောပြဖူးတယ်. . ဒီတောထဲမှာ အလွန်တရာချမ်းသာ တဲ့ ရှမ်းစော်ဘွားညီအစ်ကိုနှစ်ယောက်ဟာ သူတို့ဘိုးဘွားအ ဆက်ဆက်ပိုင်ဆိုင်တဲ့ပစ္စည်းတွေကို ဘုရားတစ်ဆူတည်ပြီး. . ဌာပနာထည့်ခဲ့ကြတယ်၊ လောကီလူ့ဘောင်ကို စိတ်ကုန်ပြီး ရဟန်းဘောင်ကိုဝင်ခဲ့ကြတယ်လို့ ပြောဖူးတယ်. . သူတို့ဟာ အဓိဋ္ဌာန်ပြုပြီး ဒီတောနက်ထဲမှာ စေတီလေးတစ်ဆူကို သူ့ကျေး ကျွန်တွေနဲ့တည်ပြီး. . သေဆုံးတဲ့အထိနေထိုင်ခဲ့ကြတယ်လို့ ကြားဘူးတယ်၊ နှစ်တွေရာချီပြီးကြာတော့ သူတို့တည်ခဲ့တဲ့ စေတီ လည်းဆွေးမြေ့ပြီး ပျက်စီးလို့တွေ့သွားခဲ့ကြတာဖြစ်မယ်"

"အင်း. . ဂျူးပြောတာဖြစ်နိုင်တယ်၊ ဒိုးလေးရိုက်ခဲ့တဲ့ ဓာတ်ပုံထဲမှာ ကျောင်းပျက်ကြီးလိုလို စေတီလိုလိုဓာတ်ပုံတွေ ပါတယ်. . သစ်ပင် နွယ်ပင်တွေနဲ့ဆိုတော့ ဝေခွဲလို့မရဘူးဖြ နေတာ၊ ခုတော့. . ဂျူးပြောတာနဲ့ဆိုရင် စေတီတစ်ဆူရဲ့ဌာပနာ ပစ္စည်းတွေဖြစ်နိုင်တယ်"

"ဘုရား. . ဘုရား. . ယမုံဟောင် ငရဲကျတော့မလို



www.burmeseclassic.com

www.burmeseclassic.com



မြစ်သွားကယ်"

"ဘာကြောင့်လဲ ယမုံ. . ."

"ယမုံ ပထမစိတ်ကူးထားတာက ဦးစကြာခေါင်တို့ကို လက်စားချေပြီးတာနဲ့ ရတနာတွေကိုသယ်နိုင်သလောက်သယ် ခဲ့မယ်လို့ စဉ်းစားထားတာ. . ခုတော့ စိတ်နဲ့တောင်မပြစ်မှားရဲ တော့ဘူး. . ဒါပေမယ့် ဦးစကြာခေါင်တို့လက်ထဲကိုတော့ အပါ ခံနိုင်ဘူး"

"ကောင်းတဲ့အလုပ်ပေါ့ကွာ. . ဗိုဓုဒ္ဓအမွေအနှစ်ရတ နာတွေကို မသမာတဲ့လူတွေလက်ထဲ မရောက်အောင်တားမြစ်ရ မှာပဲ၊ ကဲ. . ပြန်ပြီးအိပ်ချင်ရင် အိပ်ကြလေ"

"ဟင့်အင်း. . အိပ်ချင်စိတ်တောင်မရှိတော့ပါဘူး"

"ကောင်မလေးနှစ်ယောက်အတွက် ဝက်ဝံနက်အကျီ လေးကို ချုပ်ပေးရဦးမယ်ဟေ့"

"ကောင်းတာပေါ့ ဂျူးရာ. . တောကြီးရဲ့အမှတ်တရ သက်ဆောင်ပေါ့"

ချစ်သူတွေဖြစ်ခဲ့ကြပြီမို့ နှစ်ယောက်သားကြင်နာမှုလေး ကို နွေးထွေးစွာ ရှိနေခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင်ကောင်းကင် ရင်ခွင်ထဲသို့ခေါင်းလေးတိုးဝင်ပြီး မှီနေလေသည်။

"ဂျူး . . တောတွင်းဗဟုသုတတွေပြောပြပါလား"

ဂျူးစကားကို ခဏရပ်ပြီး စဉ်းစားကာ . . သူတွေ့ကြုံခဲ့ရသောတောကြီးရဲ့ ညတစ်ညအကြောင်းကို ပြောပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်အသက်(၁၈)နှစ်အရွယ်လောက်က ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်လေးတစ်ခု ကျုပ်အဖေ. . မုဆိုးကြီးဂျားလုခေါင် နဲ့အတူ တောထဲကိုအမဲပစ်လိုက်လာရင်း. . သားအဖနှစ် ယောက်ညနေစောင်းတာတောင် ဘာသားကောင်မှမရဘဲဖြစ် နေခဲ့တယ်. . ."

"တောစောင့်နတ်ကတော့လုပ်ပြီ၊ သူ့ကိုကောင်း ကောင်းမွန်မွန် ပူဇော်ပသခဲ့တာတောင် ခုထိသားကောင်ကိုမရှာ ပေးသေးဘူး. . ဘာမှမရဘဲ ပြန်ရလို့ကတော့ နတ်စင်ကိုမီးရှို့ မယ်. . ."

ကျုပ်ဖခင် ကြိမ်းဝါးပြီးသိပ်မကြာ ဆတ်အကြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်ကို ချောင်းစပ်တစ်ခုမှာတွေ့လိုက်တယ် . .

"လူလေးရေ . . နတ်ကတော့ ငါ့ကိုကြောက်ပြီးရှာမေ ပြီကွ . . မင်းဒီမှာနေခဲ့ အဘဒီကောင်ကြီးကိုအရသွားယူမယ်"

အဖေက ကျုပ်ကိုထားခဲ့ပြီး၊ ဆတ်ကြီးနားကိုသွားပြီး ပစ်ခဲ့တယ် . . ဆတ်ဟာချက်ကောင်းကိုထိပေမယ့် လဲကျမသွား ဘဲ . . ဆက်ပြီးပြေးခဲ့တယ်။

လောဘတက်နေတဲ့အဖေဟာ ဆတ်ကြီးနောက်ကို အတင်းလိုက်ရင်း ကျုပ်နဲ့လမ်းကွဲသွားတယ်ဆိုရမှာပေါ့ . . အဖေ့ကိုကျုပ်ကစောင့်ရင်း . . မိုးကချုပ်လာတယ်၊ ကျုပ်လည်း ဘာလုပ်ရမှန်း မသိတာနဲ့ ခြေဦးတည့်ရာကိုလျှောက်လာရင်း တောနက်ထဲကို ဘယ်လိုလုပ်ပြီးရောက်သွားခဲ့လဲ မသိပါဘူး . .

ဗိုက်ကလည်း ဆာ . . အိပ်ကလည်း အိပ်ချင်နေတာ နဲ့ သစ်ပင်တစ်ပင်ပေါ်ကို တက်ပြီးအိပ်နေလိုက်တယ် . . ည သန်းခေါင်လောက်ကျတော့ သစ်ပင်အောက်မှာ ခြေသံတွေ ကြားလို့ မျက်လုံးလေးဖွင့်ကြည့်တော့ မယုံနိုင်အောင်ဘဲ မြင်း ထားတစ်စီးနဲ့လူတွေကို တွေ့လိုက်ရတယ်၊ ရထားအနော မီးတုတ်တွေ လက်နက်တွေ နဲ့ဝိုင်းရံပြီးလာနေကြတာလေ . . သူတို့ဝတ်စားထား တဲ့ပုံတွေက ရှေးရှမ်းစော်ဘွားတွေရဲ့ ဝတ်စား



www.burmeseclassic.com

www.burmeseclassic.com



ဆင်ယင်မှုတွေနဲ့ . ကျုပ်လည်း အားတက်သွားပြီး သစ်ပင်ပေါ်ကနေဆင်းခဲ့ပြီး၊ သူတို့ဆီကိုပြေးပြီးလိုက်တော့ မားကိုင်ထားတဲ့လူနှစ်ယောက်က ကျုပ်ကိုရန်ပြုမယ်လုပ်တယ်. . .

"ခွန်စိုင်း. . မလုပ်နဲ့"

မြင်းရထားထဲက အလွန်ကြည်လင်ချိုသာတဲ့ စကားသံလေးကို ကျုပ်ကြားလိုက်ရတယ်. . လူကိုတော့မတွေ့ရသေးဘူး

"ဘာဖြစ်လာလဲလို့ မေးလိုက်. . ."

"ကျွန်တော့်အဖေနဲ့ကွဲပြီး လမ်းမှားနေလို့အကူအညီလာပြီးတောင်းတာပါ"

"ခွန်စိုင်း"

"ပြောပါ. . သခင်မ"

"သူ့ကိုခေါ်ခဲ့ကြ"

"မှန်ပါ့. . ကဲ. . ကျုပ်တို့နဲ့လိုက်ခဲ့"

"ဟုတ်ကဲ့"

သူတို့ခေါ်ဆောင်သွားတဲ့နောက်ကို ကျုပ်လိုက်သွားရင်းရွာကြီးတစ်ရွာသို့ရောက်ခဲ့တယ်. . ရွာဆိုပေမယ့် ကျုပ်တို့နေထိုင်တဲ့ရွာထက်အများကြီးသာတယ်. . အောက်လင်းမီးတွေထွန်းထိန်ပြီး ကခုန်နေကြတဲ့အဖွဲ့တွေတောင်တွေ့ခဲ့ရတယ်. . ပြီး

www.burmeseclassic.com



တော့ အရမ်းကိုခမ်းနားတဲ့အိမ်ကြီးရှေ့ကိုရောက်မှ . . မြင်ရထား ပေါ်က ပန်းနုရောင်ဝတ်စုံနဲ့ ရှမ်းမင်းသမီးလေးတစ်ယောက် ဆင်းလာတယ် . . လှလိုက်တာမှ ကျုပ်တွေ့ဘူးတဲ့မိန်းကလေး တွေထဲမှာ . . အချောဆုံးလို့တောင် ပြောလို့ရတယ် . . .

ကျုပ်ကိုခေါ်ပြီး . . စားကောင်းသောက်ဖွယ်တွေ ကျွေး တယ် . . .

"မင်း . . ဒီတစ်ညတော့ဒီမှာအိပ်ပါ . . မနက်ကျမှ ကျွန်မရဲမက်တွေကို ပို့ခိုင်းမယ်"

"ကျေးဇူးတင်ပါတယ်ဗျာ"

ကျုပ်လည်း သူတို့ကျွေးတာတွေကို ဗိုက်ဆာဆာနဲ့ စားပြီးအိပ်ချင်လာခဲ့တယ် . . .

"ခွန်စိုင်း . . သူ့ကိုအိပ်စက်ဖို့ပြင်ပေးလိုက်"

"မှန်ပါ့ . . ကဲ မောင်မင်းလိုက်ခဲ့ပါ"

သခင်မဆိုတဲ့သူကို နှုတ်ဆက်ပြီး . . ကျုပ် ရဲမက်နောက် ကို လိုက်ခဲ့တယ် . . ကျုပ်ကိုအိမ်ကြီးထဲကနေ အပြင်ခေါ်သွား တော့ တကယ်ပျော်ရွှင်စရာကောင်းတဲ့ မြင်ကွင်းတွေကိုမြင်နေ ရတယ် . . .

ရှမ်းမလေးတွေ သီချင်းဆိုကြ ကကြနှင့် . . ပြေးလွှား



www.burmeseclassic.com

www.burmeseclassic.com



ဆော့ကစားနေတာကိုမြင်နေရတယ်. . အားလုံးလိုလို သူ့ထက် ငါ အချောအလှတွေချည်းပဲဆိုတော့ ကျုပ်လည်းငေးမောနေခဲ့ ရတယ်. . .

' ကျုပ်အတွက် အိပ်ရမယ့်အခန်းတစ်ခန်းကို လိုက်ပို့ပေး ပြီး. . ရဲမက်က. . .

"မောင်မင်း. . အပြင်ကိုမထွက်ပါနဲ့"

"ဗျာ. . . ဘာလို့"

"ဘာကြောင့် ဆိုတာကို ကျုပ်မရှင်းပြနိုင်ဘူး. . မောင်မင်းလိုအပ်တယ်ဆိုရင် အခန်းထဲမှာ မောင်းလေးရှိတယ် တီးလိုက်ပါ. . ."

ရဲမက်ဆိုတဲ့လူက ပြောဆိုပြီး. . အခန်းတံခါးကိုအပြင် ဘက်နေ အခိုင်အမာပိတ်ပြီး ပြန်သွားတယ်. . ကျုပ်တံခါးကိုဖွင့်ဖို့ ကြိုးစားပေမယ့် မရဘူး။

ဒါနဲ့ လက်လျှော့ပြီး အိပ်ရာပေါ်မှာလှဲနေလိုက်တယ်၊ နောက်မှ ကျုပ်ဘေးမှာရှိနေတဲ့ ရွှေရောင်မောင်းကိုထုကြည့် လိုက်တယ်. . သိပ်မကြာဘူး. . တံခါးကိုဖွင့်ပြီး ရှမ်းမလေးတစ် ယောက်ရောက်လာတယ်. . .

"မောင်ကြီး. . ဘာအလိုရှိလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် . . ရေဆာလို့"

"ခဏစောင့်ပါ . . ရေကြည်တော်လာပြီးဆက်သပါမယ်"

ကျုပ်ကိုရေကြည်တော်ပေးပြီး၊ ထွက်မယ့်မိန်းကလေးမျက်နှာကိုမီးရောင်နဲ့ သေသေချာချာကြည့်တော့ ထူးခြားတာတစ်ခုတွေ့ရတယ် . . အဲဒါ ဘာလဲဆိုတော့ သူတို့မျက်လုံးတွေက ငြိမ်သက်ပြီးလှုပ်ရှားမှု မရှိဘူး . . မျက်တောင်မခတ်ဘူး . . .

ကျုပ်နည်းနည်း ကြောက်လာတယ် . . အခန်းထဲကနေ ဘယ်လိုထွက်ရမလဲဆိုတာကို ရှာပေမယ့်၊ ဘယ်လိုမှမရနိုင်တာနဲ့ လက်လျှော့ပြီးအိပ်ပစ်လိုက်တယ် . . ကျုပ်မှေးခနဲပျော်သွားတာ ဘယ်လောက်ကြာသလဲမသိဘူး . . တံခါးဖွင့်သံကြောင့်လှမ်းကြည့်တော့ သခင်မဆိုတဲ့သူရောက်လာတယ် . . .

"ရှင့်ကို မနက်ကျရင်လိုက်ပြီးပို့ပေးမယ် . . ဘာမှ စိတ်မနေပါနဲ့ . . ကျွန်မတို့ဆီကို ရှင်နောက်တစ်ခေါက်ပြန်လာချင်လည်း မရနိုင်ပါဘူး . . ကျွန်မတို့က အပြင်လူစိမ်းဆိုရင် တစ်ခါပဲဆုံတတ်တယ်"

"ဟင် . . ."

"ခု . . ရှင့်ကို ကျွန်မလာပြီးနှုတ်ဆက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘယ်သွားမှာလဲ"

"ကျွန်မ . . ခမည်းတော်နဲ့မယ်တော်ဆီကို ပြန်ရမှာ . . မှာက ခဏလာနေတာပါ . . ရော့ ရှင့်အတွက်လက်ဆောင်"

ရွှေဖြင့်ပြုလုပ်ထားသော ပန်းကလေးကိုလှမ်းပြီးပေး သာကြောင့် ကျုပ်လှမ်းယူတော့ . .

"ဟာ . . ."

သခင်မ လက်ကလေးနဲ့ထိမိသွားတယ် . . ပျော့ပျောင်း သယ့် အရမ်းကိုအေးစက်နေတယ်လေ . . .

သခင်မက ပြန်ပြီးသွားမည်အပြု . . .

"ခဏနေပါဦး . . ."

"ရှင် . . ဘာပြောချင်လို့လဲ"

"သခင်မနာမည်ကို သိပါရစေ"

"ကောင်းပြီ . . ကျွန်မပြောခဲ့မယ် . . နှင်းဒေဝီတဲ့"

"နှင်းဒေဝီ . . နှင်းဒေဝီ . . ."

ကျုပ်အခန်းထဲမှာ ပြန်ပြီးနေခဲ့ရပြန်တယ် . . သခင်မ ဒေဝီပေးတဲ့ ရွှေပန်းကလေးကိုဆုပ်ပြီး ကျုပ်အိပ်ပစ်လိုက် လေ . . .

"လူလေး . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . အဘ"

ကျုပ်ကို လှုပ်နိုးတာနဲ့နိုးပြီး. . မျက်လုံးဖွင့်ကြည့်တော့ ကျုပ်ညက အိပ်ခဲ့တဲ့နေရာမဟုတ်ဘဲ. . တောင်ကမူတစ်ခုပေါ် မှာ ရောက်နေခဲ့တယ်. . ကျုပ်ကိုယ်ကျုပ် မယုံနိုင်အောင်ဖြစ် သွားတယ်. . .

လက်ထဲကို ပြန်ကြည့်တော့ စံပယ်ပန်းခြောက်လေး တစ်ပွင့်ကိုဆုပ်ကိုင်ထားတယ်. . .

"အဘ ကျုပ်ဒီကိုဘယ်လိုလုပ်ပြီးပြန်ရောက်နေတာလဲ"

"အဘမသိဘူး. . အဘမင်းကိုလှမ်းတွေ့တော့ ဒီကမူ ပေါ်မှာ အိပ်ပျော်နေတာပဲတွေ့တယ်"

"ဒါနဲ့. . ကျုပ် ညကအဖြစ်အပျက်ကိုပြောပြတော့"

"လူလေး. . ဒါတောကြွက်ခြောက်တာပဲကွဲ့၊ ဒါမျိုး တွေက တောထဲမှာဖြစ်တတ်ပါတယ်. . ."

အဘကတော့ တောကြွက်ခြောက်တယ်လို့ပြောပေမယ့် ကျုပ်မျက်စိထဲမှာ ညကတကယ်ဖြစ်ပျက်ခဲ့တယ်လို့ ခုထိမြင်နေ တုန်းပဲ. . .

"အံ့သြစရာပဲနော်. . ."

စိတ်ဝင်စားဖွယ်ကောင်းသော ပုံပြင်ကြီးဂျူး၏ခေါ



www.burmeseclassic.com

www.burmeseclassic.com



ကြုတ်ခြောက်ခဲ့ရပုံကို နားထောင်ရင်း . . မိုးလင်းလုလုကို ရောက်ခဲ့ကြတော့သည်။

"ကျုပ်ဘဝမှာ အဲဒီတုန်းက တွေ့ကြုံခဲ့တဲ့ကိစ္စလေးကို ခုချိန်ထိအမှတ်ရနေတုန်းပဲလို့ ပြောရမှာပေါ့"

"တစ်ခါတစ်ခါ လူ့ဝန်းကျင်မှာမယုံနိုင်စရာကောင်းတဲ့ ကိစ္စတွေရှိနေတတ်တယ် . . အထူးသဖြင့် ပင်လယ်ထဲ တောထဲတွေမှာပိုပြီးတွေ့ကြုံရတတ်တယ်"

"ဂျူး . . နောက်တစ်ခါရော၊ ဒီလိုအဖြစ်မျိုးကြုံဖူးသေးလား"

"တစ်ခါမှ မကြုံခဲ့ဖူးတော့ဘူး . . နောက်ကြုံခဲ့တာတွေတော့ရှိပေမယ့် . . ခုလိုအိမ်မက်လိုလို တကယ်လိုလိုကိစ္စကတော့မကြုံတော့ပါဘူး၊ တောခြောက်တာတွေ မျက်စိမှောက်တာတွေကတော့ မကြာခဏဖြစ်တတ်ပေမယ့် . . တောထဲမှာ အမှတ်အသားနဲ့သတိကို ကပ်ပြီးသွားတာဆိုတော့ ကျော်လွှားနိုင်တယ်လေ"

"တောခြောက်တယ်ဆိုတာ ဘာကိုပြောတာလဲဟင်"

"ဒီလို ကောင်မလေးရဲ့ တောခြောက်တယ်ဆိုတာ . . လူသံတွေလိုလို တိရစ္ဆာန်သံတွေလိုလို ကြားနေရပြီး ဘာမှာတွေ

www.burmeseclassic.com



ရတဲ့ကိစ္စမျိုးတွေ. . တောနက်ထဲမှာ ဖြစ်တတ်တယ် ကိုယ့်နာမည်ကိုတစ်ယောက်ယောက်က ခေါ်လိုက်သလိုကြားနေရတယ်"

"တကယ်လို့ ထူးလိုက်ရင်ရော. . ဘာဖြစ်လဲဂျူး"

"ရှေးလူကြီးတွေကတော့ ဒီလိုခေါ်လိုက်လို့ပြန်ထူးလိုက်တာနဲ့ ကိုယ့်အသက်ကိုနှုတ်သွားတယ်ဆိုတာပဲ. . ကျုပ်က တောထဲမှာ ဘယ်တော့မှနာမည်အရင်းကို ခေါ်ခွင့်မပြုထားဘူးလေ. . ဒါကြောင့် တစ်ခါမှခေါ်သံမကြားရသလို ထူးလည်းမထူးမိဘူး"

"မျက်စိမှောက်တယ်ဆိုတာရော ဂျူး"

"မျက်စိမှောက်တယ်ဆိုတာ လမ်းသွားရင်း လမ်းပျောက်ပြီး တခြားလမ်းကိုရောက်သွားတာမျိုး. . သားကောင်ကိုလူမှတ်တာမျိုးတွေကိုပြောတာပါ"

"တောရဲ့လျှို့ဝှက်ချက်တွေက ကြောက်စရာကောင်းလိုက်တာနော်"

"ဒီ့ထက်ကြောက်စရာကောင်းတာတွေ ရှိသေးတယ်"

အပြင်တွင် နှင်းမိုးလေးကစဲသွားပြီး မနက်လင်းပိုင်းကိုရောက်ရှိနေပြီဖြစ်သည်။

"ထော်နီနဲ့ ကျော်စင်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . ဆရာဂျုံး"

"တောင်ပေါ်ရောက်မှပဲ တစ်ယောက်တစ်လှည့်အိပ်ကြပေါ့ကွာ . . ခုသွားရမယ့်ရေကြောင်းက အေးဆေးပါတယ်"

"ဂျုံး . . အပြင်ကိုထွက်တော့မလား"

"ခဏနေပြီးရင် ခရီးဆက်ကြမယ်ဟေ့ . . ပြင်စရာရှိတာတွေပြင်ထားကြ"

ကြယ်စင်ကောင်းကင်တို့ အထုပ်အပိုးများကို သပ်သပ်ချပ်ရပ်လုပ်လိုက်ကြပြီး၊ သစ်ခေါင်းကြီးအပြင်သို့ထွက်ခဲ့ကြသည်။

ဂျုံးကတော့ ဝက်ဝံနက်ကြီးကို ဓားနှင့်အရည်ခွံနှင့်သည်းခြေကိုထုတ်ယူနေလေသည်။

"ကြီးတွေဖြုတ်လိုက်တော့ . . "

ဖောင်ကြီးဖြင့် ဆက်လက်ပြီးခရီးဆက်ခဲ့ပြန်လေပြီ . . .

ဒီတစ်ခါတော့ အေးအေးငြိမ်ငြိမ်ပင် မျှောနေလေတော့သည်။ ညကအိပ်ရေးပျက်ခဲ့သဖြင့် နိုဗယ်(လ်)နှင့်ဃမုံတို့နှစ်ယောက်က ဖောင်ပေါ်တွင် အိပ်ကြလေတော့သည်။

ကြယ်စင်ကောင်းကင်ကတော့ ဘေးမှတောကြီးကို ငေးမောရင်းလိုက်ပါလာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ. . ."

"ဘာလဲ. . ဒေါင်းနင်း"

"ကျွန်တော်တို့လမ်းမှားပြီထင်တယ်"

"ဘာကွ. . ဒေါင်းနင်း သေချာရဲ့လား၊ ဒီလမ်းကို ငါ ကောင်းကောင်းမှတ်မိတယ်. . မင်းစိတ်ထင်လို့ဖြစ်မှာပါ"

ဒေါင်းနင်း ဘာမှဆက်ပြီးမပြောတော့ဘဲ ဦးစကြာခေါင် ဦးဆောင်ပြီးခေါ်ရာနောက်ကို လိုက်ခဲ့သည်။ ကေသွယ်မိုင်နှင့် မင်းမင်းလတ်တို့နှစ်ယောက်က တောထဲတွင်အပျော်ခရီးထွက် လာသလို ကျီစယ်လိုက် ရယ်မောလိုက်နှင့် လိုက်လာကြသည်။

"လတ်. . ."

"ဘာများလဲ. . မိုင်"



www.burmeseclassic.com

www.burmeseclassic.com



"သေနတ်ပစ်တာ လက်ဖြောင့်တယ်ဆို"

"လူကို တစ်လှမ်းအကွာလောက်ကတော့ ထိအောင်ပစ်နိုင်တယ်"

"ဒါတော့ လတ်ပြောမှလား. . မိုင်တောင်ပစ်နိုင်သေးတယ်"

"ကိုယ်ကစတာပါ. . မိုင် ဘာကိုပစ်ခိုင်းမလဲပြော"

"ဟို သစ်ပင်ပေါ်က ရှဉ့်လေးကိုမှန်အောင်ပစ်ပြ"

"ဒါလေးများ"

"မောင်ရင်. . မလုပ်ပါနဲ့"

"ဘာလဲဗျာ"

လမ်းပြမှုဆိုးက မင်းမင်းလတ်ကို မပစ်ရန်ပြောသည်။

"ဒီနေရာက သေနတ်သံပေးလို့မကောင်းဘူး. . ကိုယ့်အတွက် အန္တရာယ်ရှိတယ်"

"ခင်ဗျားက လမ်းပြအလုပ်ကလွဲပြီး တခြားကိစ္စကိုဝင်ပြီး မပြောနဲ့. . ကျုပ်ပစ်ချင်ပစ်မယ်"

လမ်းပြမှုဆိုးက ဘာမှမပြောတော့ဘဲ. . ရှေ့ဘက်သို့ မြန်လျှောက်သွားတော့သည်။

"ဒိုင်း. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း . . ဖြောင်း"

"ဟင် . . ."

"အမေ့"

သေနတ်သံနောက်ကွယ်တွင် အသံလှိုင်းကြီးရိုက်ခတ်ပြီး ဆူညံပွက်လောရိုက်သွားကြလေသည်။

"ဘာဖြစ်တာလဲ မုဆိုးကြီး"

"ကျုပ်ပြောသားပဲ . . ဒီနေရာမှာ သေနတ်သုံးလို့မရဘူးဆိုတာ . . ခုတော့ တကယ့်တောနက်ကိုရောက်မှဖြစ်ရတယ်လို့ ခုကြားနေရတာတွေက တောနက်ပွဲတင်သံတွေပဲ . . အားလုံးဆက်မသွားကြဘဲ နာရီဝက်လောက် သစ်ပင်ကွယ်မှာနေကြပါ"

မင်းမင်းလတ်နှင့် ကေသွယ်မိုင်တို့ကြောက်ပြီး . . သစ်ပင်ခြေရင်းတွင်ဝပ်နေပြီး သိပ်မကြာ . . .

"ဝုန်း . . ."

"ဖြောင်း"

သစ်ပင်များ ပြိုလဲသံကိုကြားလိုက်ရသည်။ ထိုစဉ် ဦးစကြာခေါင်တို့နှင့်အတူပါလာသော တပည့်တစ်ယောက်က မတ်တတ်ရပ်ပြီးထကြည့်စဉ် . . .

"ဗွိ"



www.burmeseclassic.com

www.burmeseclassic.com



"အား"

"ဟယ်. . ."

သစ်ပင်တစ်ပင်မှ နွယ်ကြိုးတစ်ခုက ရစ်ပတ်ပြီးခေါ် ဆောင်သွားသည်ကို အားလုံးတွေ့နေရပေမယ့် ဘယ်သူမှ မတတ်နိုင်ကြပေ။

အတော်ကြာမှ အသံတွေတိတ်ဆိတ်သွားသည်။

"သွားလို့ရပြီ"

"ကြွက်နီ. . ဘယ်ရောက်သွားတာလဲ"

"သစ်ပင်တစ်ပင်ပင်မှာ ချိတ်နေမှာပါ"

"ဟင်. . ."

"သွားပြီးကယ်ကြရအောင်"

"မရတော့ဘူး ဦးစကြာခေါင်. . ကြွက်နီအသက်ရှိတော့မှာ မဟုတ်ဘူး၊ သစ်ပင်တွေနဲ့ရိုက်မိပြီး အရိုးတွေကြေနေလောက်ပြီ. . ."

"ဘာ"

လမ်းပြမုဆိုးကြီးစကားကြောင့် အားလုံးထိတ်လန့်သွားသေးသည်။

"ဒီနယ်မြေက ပဲ့တင်သံအရမ်းမြန်ပြီး၊ အန္တရာယ်ကြီးတဲ့



www.burmeseclassic.com

www.burmeseclassic.com



နယ်မြေ. . ဘယ်မုဆိုးမှဒီနေရာမှာ သေနတ်ကိုမသုံးရဲဘူး. . သေနတ်ပဲ့တင်သံက ခုမြင်တဲ့အတိုင်းပဲအန္တရာယ်ပေးတယ်"

"မင်းမင်းလတ်"

"ဗျာ. . အန်ကယ်"

"နောက်တစ်ခါ ခုလိုအပြုအမူမျိုးမလုပ်ပါနဲ့"

"ဟုတ်ကဲ့"

မင်းမင်းလတ်နှင့် ကေသွယ်မိုင်တို့က အပြစ်ရှိကြသူများဖြစ်သဖြင့် ခပ်ကုပ်ကုပ်လေးပဲလိုက်ခဲ့ကြတော့သည်။

"ဒီညအိပ်ဖို့ ဘယ်နေရာကောင်းလဲ. . မုဆိုးထော်ပိုင်"

"ဒီနယ်တစ်ဝိုက်ကတော့ ညအိပ်ဖို့မကောင်းဘူး"

"ဒါဖြင့်. . ဘယ်မှာ ညအိပ်ကြမလဲ"

"ဒီကနေ နောက်ထပ်သုံးနာရီလောက် လျှောက်ရင်. . အင်ကြွင်းပိတ်ကိုရောက်မှ အိပ်စေချင်တယ်"

"ဒက်ဒီ. . သမီးဆက်ပြီး မလျှောက်နိုင်တော့ဘူး"

"ဟုတ်တယ် အန်ကယ်. . ခြေထောက်တွေက သေ တောင်မသယ်ချင်တော့ဘူး. . "

"ထော်ပိုင်. . ဒီမှာပဲညအိပ်ကြစို့ကွာ"

"ဦးစကြာခေါင် သဘောပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲဟေ့ . . ညအိပ်ဖို့ပြင်ကြတော့"

အားလုံးသယ်လာကြသော အထုပ်အပိုးတွေကို အောက်ကိုချပြီး၊ ညစာနှင့်ညအိပ်ရန်လုပ်ကိုင်နေချိန်တွင် . . မုဆိုးထော်ပိုင်မှာ မကြာခင်ကြုံရမည့်အန္တရာယ်ကို တွေးပြီးပူပန်နေသည်။

သူ့ဘက်က လမ်းပြတစ်ခုပဲဆိုတော့ တခြားကိစ္စတွေမှာ သူပြောဆိုသည်ကို နားမဝင်ကြသောကြောင့် ဘာမှမပြောတော့ပေ။

ညစာစားသောက်ပြီးသည်နှင့် အိပ်ရန်ပြင်ကြလေသည်။

မင်းမင်းလတ်နှင့် ကေသွယ်မိုင်က အတူတူအိပ်ပြီး . . ဦးစကြာခေါင်နှင့် ဒေါင်းနင်းက သစ်ပင်ခြေရင်းတွင်အိပ်လေသည်။ အစောင့်အဖြစ် နက်ကျော်နှင့် တုင်လှကိုအလှည့်ကျ တာဝန်ပေးထားပေမယ့် . . အရက်သောက်လိုက် ဟားတိုက်ရယ်လိုက်နှင့် ပတ်ဝန်းကျင်၏အန္တရာယ်ကို ဂရုမပြုကြပေ။

ညဦးပိုင်းမှ ညဉ့်နက်ပိုင်းသို့ရောက်ရှိချိန်မှာတော့ . .

"ဝူး . . အူ . . အူ"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



ခွေးအူသံကြီး စူးစူးရှရှထွက်ပေါ်လာပြီး၊ အားလုံးအိပ်နေရာမှ နိုးလာကြသည်။ ဒါပေမယ့် ခဏကြာတော့ပြန်ပြီးအိပ်ကာ အသံပျောက်သွားသည်။

"တောက်..အိပ်ရေးပျက်အောင်လာလုပ်တယ်"

"နက်ကျော်"

"ဗျာ..ဆရာ"

"အိပ်မနေနဲ့ဦး"

"စိတ်ချပါဆရာ..."

ထော်ပိုင် သိလိုက်သည်..မကြာခင် အန္တရာယ်ဆိုးတစ်ခုခုကို ရင်ဆိုင်ရတော့မည်ဆိုသည်ပင်...

အစောင့်ချထားသော နက်ကျော်တို့နှစ်ယောက်လည်း အရက်ရှိန်နှင့်မူးပြီး..သစ်ပင်ခြေရင်းတွင် အိပ်ပျော်နေလေပြီ။

"ဂိ..."

"အား"

နက်ကျော် အော်သံကြောင့် လှမ်းကြည့်လိုက်ရာ အမှောင်ထဲတွင် ကြောက်စရာကောင်းလှသော အကောင်ကြီးတစ်ကောင်က နက်ကျော့်ကိုဆွဲခေါ်သွားသည်။

"ပစ်..ပစ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း . . ဒိုင်း . . ဒိုင်း"

သေနတ်သံတွေ ဆူညံပွက်လောရိုက်သွားပေမယ့် . . ထိုသတ္တဝါကြီးမှာ တောထဲကိုဝင်ရင်းပျောက်ကွယ်သွားတော့သည်။

"ထော်ပိုင် . . ဘာကောင်လဲ"

"မျောက်ဝံဆိုးကြီးပဲ . . ဦးစကြာခေါင် ဒီကောင်ကြီးက လူသေွးကိုသောက်တယ်"

"အဲ . . ."

"ဒီနယ်တစ်ဝိုက်မှာ မျောက်ဘီလူးကြီးလို့ဖြစ်နေတာ သေနတ်မှန်လည်း မသေဘူး"

"မင်းအစောကြီးကတည်းက ပြောဖို့ကောင်းတယ်"

"ကျုပ်ပြောတာကို ခင်ဗျားတို့ကနားမှမဝင်ကြတာပဲ"

အားလုံး မအိပ်ရဲကြတော့ဘဲ သေနတ်ကိုယ်စီကိုင်ကာ ထိုင်နေလိုက်ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ရေစီးမှာ အရမ်းကြမ်းလာသည်ကို တွေ့လိုက်ရသည်။ ဝါးလုံးရှည်ကိုနှစ်ယောက်ထိန်းပြီး ကိုင်တာတောင် ဘယ်လိုမှ ထိန်း၍မရနိုင်အောင်ဖြစ်နေသည်။

"ဂျူး. . ."

"ထော်နီ ကမ်းကိုကပ်နိုင်အောင်လုပ်ကြတော့"

"ဂျူး. . ဘယ်လိုမှထိန်းလို့မရဘူး"

ဖောင်ပေါ်မှာ အားလုံးယိမ်းထိုးနေသည့်ဖောင်ကြိုးပေါ်မှ မကျအောင် ဆုပ်ကိုင်ထားပြီးနေကြရသည်။

"ဖြောင်း. . ."

"ဟာ"

ဖောင်ကိုချည်ထားသော ကြိုးများပြတ်တောက်သွားပြီ



www.burmeseclassic.com

www.burmeseclassic.com



ဖောင်ကြီးမှာ ရေလယ်ခေါင်တွင်ရပ်တန့်သွားသည်။

"အောက်က ကျောက်တုံးတွေနဲ့ငြိတာပဲ"

"ကျွိ . . ကျွိ"

ရေစီးကြောင့် ဖောင်ကြီးမှာကြိုးပြတ်တော့မည့် အခြေအနေကို ရောက်နေလေပြီ . .

"ဖောင်ပျက်တော့မယ်ဟေ့ . . "

"ဂျူး . . "

"ကျော်စံ . . မင်းကမ်းကို ရောက်အောင်သွားနိုင်မလား"

"သွားနိုင်တယ် ဆရာဂျူး"

"ဒါဆိုကြိုးစကိုကိုင်ပြီး . . ကမ်းကိုကူးသွားတော့"

"အင်း"

ကျော်စံ ရေထဲသို့ခုန်ချပြီး . . အံ့ရမ်းသန်နေသည့်ရေစီးကြောင်းကို ကျော်ဖြတ်ကာ ကမ်းဆီသို့ရောက်အောင်သွားသည်ကို . . ဖောင်ကြီးပေါ်မှ ရင်တမမနှင့်ကြည့်နေမိလေသည်။

ကျော်စံကမ်းပေါ်သို့ရောက်သည်နှင့် သစ်ပင်ကြီးတစ်ပင်တွင် ကြိုးကိုချည်လေသည်။

"ကောင်လေးတို့နှစ်ယောက် ကောင်မလေးတွေခေါ်ပြီး ကမ်းကိုသွားကြ . . ကြိုးကိုမြဲမြဲကိုင်ပြီးသွားနော်"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ပစ္စည်းတွေနဲ့ နောက်ကနေလိုက်ခဲ့မယ်"

ကြယ်စင်ကောင်းကင်နှင့် နီုဗ(လ်)တို့နှစ်ယောက်ရေထဲကို အရင်ဆင်းလိုက်ကြသည်။

"ကြယ်စင်"

"နီုဗယ်(လ်) ကြိုးကိုမလွှတ်စေနဲ့နော်. . ."

"အင်း. . ."

လက်တစ်ဖက်က ကြိုးကိုဆုပ်ကိုင်ပြီး၊ လက်တစ်ဖက်က နီုဗယ်(လ်)ကိုတွဲပြီး ကမ်းဆီသို့လာခဲ့ကြရသည်။

ရေက ခါးဝက်လောက်သာရှိပေမယ့်. . ရေစီးကြောင့် ခြေများထောက်လို့ပင် မရနိုင်အောင်ဖြစ်နေသည်။

"ကြယ်စင်"

"နီုဗယ်(လ်)"

ရေစီးကြောင့် နီုဗယ်(လ်)လက်ကကြိုးကိုင်ထားရာမှ လွှတ်ပြီးရေထဲမျောပါသလိုဖြစ်သွားသည်။

"လက်ကိုဆွဲထား"

ကြယ်စင်ကောင်းကင်. . သူ့လက်ကို[illegible]ပြီ ပတ်ကာ နီုဗယ်(လ်)ကိုဆွဲရတော့သည်။ ကြယ်စင်ကောင်းကင် အရေခွံများစုတ်ပြတ်သည်အထိဆွဲပြီးမှ နီုဗယ်(လ်)ကြိုးကိုပြန်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကိုင်နိုင်သည်။

ကမ်းသို့ရောက်တော့. .

"ဟင်. . ကြယ်စင့်လက်မှာ သွေးတွေ"

"ဘာမှမဖြစ်ပါဘူး. . အရည်ပြားစုတ်သွားတာပါ"

"ကြယ်စင်ရယ်"

ကြယ်စင်ကောင်းကင်လက်ကလေးကို စိတ်မကောင်း ဖြင့်ကိုင်တွယ်ပြီး နိုဗယ်(လ်)ကြည့်နေသည်။

နောက်မှလာကြသော ဆင်ကြီးနှင့် ယမုံတို့ကိုကူပြီး. . မ်းပေါ်သို့တွဲခေါ်ခဲ့ရသည်။ ထော်နီနှင့် ဂျူးတို့က ပစ္စည်းများ ကို ကျောတွင်လွယ်ပြီးကမ်းသို့ရောက်သည်နှင့်. . .

"ဖြောင်း"

"ဟာ"

ဖောင်ကြီးမှာ တစ်စစီဖြစ်သွားပြီးရေစီးထဲမျောပါသွား သတော့သည်။

"ဟူး. . တော်သေးတယ်၊ အချိန်မီလေးပဲဟေ့"

အားလုံးကမ်းပေါ်ရောက်မှ အနားယူကြရတော့သည်။

နိုဗယ်(လ်)က ကြယ်စင်ကောင်းကင်ကို ဆေးထည့်ပေး ပတ်တီးစည်းပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရေစိုတွေကိုလဲကြပော့. . ကျော်စံပြီးရင် ထင်းခြောက်တွေရှာပြီးမီးမွေးပြီး ရေနွေးတည်ကွာ. . ."

"ဟုတ်ကဲ့. . ဆရာဂျီး"

"ဂျီး. . ကျွန်မတို့ ခရီးဘယ်လိုဆက်မလဲ"

"ခြေလျင်ပဲ ဆက်ရတော့မှာပေါ့. . အင်း ကျုပ်တို့ရောက်နေတာက သွားရမယ့်နေရာရဲ့ တစ်ဖက်ကမ်းဖြစ်နေတာဆိုးတယ်"

"ဟိုဘက်ကမ်းကို ပြန်ကူးရမှာလားဂျီး"

"ပြန်တော့ကူးရမှာပဲ. . ဒီနေရာကကူးလို့တော့ရမှာမဟုတ်ဘူး. . ကျုပ်ကူးရမယ့်နေရာကိုရှာပါဦးမယ်၊ လောလောဆယ်ခဏနားပြီးမှ ဆက်ပြီးလုပ်ကြမယ်"

ရေစိုအဝတ်တွေကို အားလုံးလဲပြီး. . အမဲခြောက်တွေကို မီးကင်စားကြသည်။

"ဆင်ကြီး ဟိုမှာပွင့်နေတဲ့သစ်ခွလေးက လှလိုက်တာ"

"မို့. . လိုချင်လို့လား"

"အင်း"

"ဒါဆို. . ခဏစောင့် ကိုယ်တက်ပြီးခူးပေးမယ်"

ဆင်ကြီး. . သစ်ခွပန်းပွင့်နေသော သစ်ပင်ပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



တက်သွားစဉ်. . .

"ဆင်ကြီး. . ခုပြန်ပြီးဆင်းခဲ့စမ်း"

"ဟင်. . ဘာဖြစ်လို့လဲဂျုံး"

"ခက်တော့တာပဲ. . တောထဲမှာပန်းအလှမြင်တိုင်း မခူးနဲ့ကွ. . သေမင်းဆီရောက်သွားမယ်"

ဆင်ကြီးအောက်ကို ပြန်ဆင်းလာခဲ့သည်။

"ဒီပန်းက အဆိပ်ပြင်းတဲ့သစ်ခွတစ်မျိုး. . ကိုင်မိတာနဲ့အဆိပ်သင့်ပြီမှတ်"

"ဗျာ. . ."

"ရှင်"

"ပန်းဝတ်ဖတ်ပေါ်မှာ သေးမျှင်လှတဲ့အဆူးလေးတွေရှိတယ်. . အပ်စူးသလောက်တောင် မနာဘူး. . ဒါပေမယ့် ခန္ဓာကိုယ်ထဲကို မိနစ်ပိုင်းနဲ့ရောက်သွားပြီးသေတာပဲ"

"တော်သေးတာပေါ့ဗျာ"

"အားလုံး ဒီမှာနားနားနေနေ နေကြဦး. . ကျုပ်နဲ့ဘြယ်စင်ရှေ့နားကို လျှောက်သွားပြီး၊ ချောင်းကိုကူးနိုင်တဲ့လမ်းရှာရမယ်. . ကောင်လေးသွားကြရအောင်"

"ဟုတ်ကဲ့ ဂျုံး"

www.burmeseclassic.com



ကြယ်စင်ကောင်းကင်နှင့် ဂျူးထွက်သွားခဲ့သည်။

"ဆင်ကြီးရယ်. . ဒို့ကြောင့်သေရတော့မလို့နော်"

"တကယ်လို့ ဒို့သေခဲ့ရင်လည်း ကျေနပ်နေမှာပါ"

"ဆင်ကြီးက. . ဘာလို့ကျေနပ်ရတာလဲ"

"ဟို. . . ဟို. . ."

ဆင်ကြီးသူ့ရင်ထဲက နောက်ဆက်တွဲစကားလုံးကို ပြော မထွက်. . .

"ဆင်ကြီးရယ်. . ခုချိန်မှာ ဒို့နှစ်ယောက်ကြားမှာ ချန် ထား ရမယ့်စကားမရှိသင့်တော့ပါဘူး. . ဆင်ကြီးရင်ထဲမှာရှိတဲ့ စကားကို သတ္တိရှိရှိပြောပါ"

"ဒို့ကို စိတ်မဆိုးနဲ့. . မမုန်းနဲ့နော်"

"ကဲပါ. . ပြောမှာသာပြော"

"ဒို့. . မို့ကိုချစ်တယ်"

"ဒါလေးများ"

ယမုံ. . ဆင်ကြီးမျက်နှာလေးကို ပြုံးစစနှင့်ကြည့်ပြီး. .

"ဘယ်တုန်းက ချစ်တာလဲ. . ပြောကြည့်"

"မို့ကို ကယ်လာပြီးဆေးကုနေကတည်းက ချစ်ခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် . . တောသားတစ်ယောက်အတွက် မတန်တဲ့ကိစ္စကို မှန်းသလိုဖြစ်မှာစိုးလို့ မပြောဘဲနေခဲ့တာ"

"ဆင်ကြီးရယ် . . တောသားလည်းလူပဲ၊ မြို့သားလည်း လူပဲ . . အရေးကြီးတာက ကိုယ့်ပေါ်မှာတကယ်ချစ်တဲ့သူဖြစ်ဖို့ ပဲ အရေးကြီးတယ်"

"ဒို့ . . တကယ်ချစ်ခဲ့တာပါ မို့"

"ဒို့ယုံပါတယ် . . ဆင်ကြီးရယ်"

ဆင်ကြီးရင်ခွင်ထဲသို့ ခေါင်းလေးတိုးဝင်လိုက်တော့ သည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးစကြာခေါင်နှင့်ဒေါင်းနှင့်တို့ မြေပုံကိုထုတ်ကြည့်ကာ. . .

"ရောက်ဖို့က သိပ်ပြီးမလိုတော့ဘူး"

"ဟုတ်တယ် ဒေါင်းနင်း. . မြေပုံအရဆိုရင် ရှေ့တောင်ကုန်းကိုကျော်ရင် စေတီပျက်ကြီးနဲ့အနီးဆုံးကိုရောက်ပြီ. . ."

ထော်ပိုင်. . သစ်ပင်ကိုမှီပြီး၊ ဦးစကြာခေါင်တို့ ပြောဆိုနေသည်ကို နားထောင်နေသည်။ သူ့ကိုခေါ်လာတုန်းကတော့ တောထဲတွင် သစ်ခွပန်းသုတေသနပြုဖို့နှင့် နှစ်ပေါင်းရာချီသည့် သစ်ပင်ကြီးများကို လေ့လာဖို့ဆိုပြီးခေါ်လာခဲ့ခြင်းဖြစ်ပြီး. . ယခု ဦးစကြာခေါင်တို့ ပြောဆိုသံတွေက တစ်မျိုးဖြစ်နေသည်။ သုတေ သနကိစ္စကို တစ်ခွန်းမှမပြောကြ. . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com



"ပစ္စည်းတွေကို အကုန်သယ်သွားမှာလားဆရာ"

"ဒေါင်းနင်း . . အကုန်မသယ်လို့ ထားခဲ့ရမှာလားကွ၊ နောက်တစ်ခေါက်တောထဲပြန်လာဖို့ဆိုတာ လွယ်တာမဟုတ်ဘူး. . အရင်က လေးယောက်ဝေစုခွဲရမှာ ခုတော့(၂)ယောက်တည်းဆိုတော့ စိတ်မကောင်းဘူး"

ဦးစကြာခေါင်၊ ဒေါင်းနင်း၊ တိမ်ကော၊ မိုးစည်တို့ (၄)ဦး သစ်တောတွေခိုးခုတ်ဖို့ လာကြရင်း. . အစိုးရတပ်နှင့်တိုးကာ ပြေးခဲ့ကြရင်း. . စေတီပျက်ကြီးဆီကို ရောက်ခဲ့ကြခြင်းဖြစ်သည်။

စေတီပျက်ကြီးမှာ ဝင်နားရင်း. . မမျှော်လင့်ဘဲ၊ ဘုရားဌာပနာတိုက်ကို ပိတ်ထားသောအုတ်များပြိုပျက်ပြီး ရတနာတွေကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ထိုသို့ရတနာတွေကို တွေ့ပြီး. . သယ်ယူစဉ် သစ်တောအရာရှိ ဒိုးလေးမှဓာတ်ပုံရိုက်ယူသည်ကို တွေ့မြင်ခဲ့သဖြင့်. . ဒိုးလေးကို လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။

ဒိုးလေးနှင့် သမီးဖြစ်သူကေသွယ်မိုင်က ချစ်သူဖြစ်ခဲ့ကြသဖြင့်. . ဦးစကြာခေါင်က ဓာတ်ပုံတွေကိုပြန်ပေးဖို့ ဆွေးနွေးခဲ့ပေမယ့် ဒိုးလေးက ငြင်းဆန်ခဲ့ခြင်းပေါ်မှာ သမီးဖြစ်သူနှင့်ဖြားယောင်းကာ အပြန်တွင်လုပ်ကြံသတ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒိုးလေးဆီမှ ဓာတ်ပုံကိုမရခဲ့ဘဲ. . ကေသွယ်မိုင်ကို ဒိုးလေးမိတ်ဆက်ပေးဖူးသော ယမုံမှို့မှို့ထံသို့ ပန်းချီကားနှင့်အတူ ပို့ပေးလိုက်သည်ကို. . ဒိုးလေးတပည့်ဖြစ်သူ မောင်စိုးထံမှ သိရပြီး၊ ယမုံမှို့မှို့ကိုပါသတိဖြတ်ခဲ့ခြင်းဖြစ်သည်။

"ဦးစကြာခေါင်. . ."

"ဘာလဲ. . ထော်ပိုင်"

"ခင်ဗျားတို့ တောထဲကိုလာခဲ့ကြတာ ဘာလုပ်ဖို့လဲ"

"သုတေသနလုပ်ဖို့လေ"

"သုတေသနလုပ်မယ်ဆိုလို့သာ ပြောတယ်ဗျာ. . ကျုပ် ဘာတစ်ခုမှမတွေ့ရသေးပါလား"

"ခင်ဗျားတို့ပြောတဲ့နေရာကိုရောက်လို့ ကျော်လာနေပြီလေ"

ထော်ပိုင့်စကားကြောင့်. . ဦးစကြာခေါင်မျက်နှာပျက်သွားသည်။

"ထော်ပိုင်. . မင်းကိုငါတို့က ပိုက်ဆံပေးပြီးခေါ်လာတာပဲ. . မင်းပိုက်ဆံရရင်ပြီးရော မဟုတ်လား"

"ပိုက်ဆံရတာတော့ဟုတ်ပါတယ်. . ဒါပေမယ့် မဟုတ်တဲ့ကိစ္စအတွက်တော့ ကျုပ်မလုပ်နိုင်ဘူး. . ခင်ဗျားတို့

www.burmeseclassic.com

www.burmeseclassic.com



က စေတီ‌ဖျက်ထဲက ဌာပနာတွေကို ယူမလို့ကြံနေတာမဟုတ်လား. . ."

"ဟင်"

"မင်း. . မင်း. . ထော်ပိုင် မင်းကိုလည်းငါတို့ပေးမယ်ကွာ"

"တော်. . တော်ပါတော့ဗျာ. . မယူရဲပါဘူး၊ နဂိုထဲကမှ မုဆိုးဘဝနဲ့အကုသိုလ်ဖြစ်နေတာ. . ဘုရားပစ္စည်းပါယူမယ်ဆိုရင် ကျုပ်ဘဝ အဝီစိကနေလွတ်မှာမဟုတ်တော့ဘူး၊ ကဲ. . ကျုပ်ပို့ပေးရမယ့်နေရာကို ရောက်ခဲ့ပြီဆိုတော့ ကျုပ်ပြန်မယ်"

"ထော်ပိုင်"

ထော်ပိုင်. . ဦးစကြာခေါင်လှမ်းပြီးခေါ်သည့် အသံကိုဂရုမစိုက်ဘဲ ဆက်ပြီးလျှောက်သွားလေသည်။

"ဒေါင်းနင်း. . ရှင်းလိုက်တော့"

"ဒိုင်း. . ."

"အား. . ခင်. . ခင်. . ဗျား. . လူ. . ယုတ်မာ"

ထော်ပိုင် ရှေ့သို့စိုက်ကျသွားတော့သည်။

"ဆရာ. . အလောင်းကိုဘယ်လိုလုပ်မလဲ"

"ဘယ်လိုမှ လုပ်မနေနဲ့ ဒီအတိုင်းထားခဲ့ကွာ မိုးမချုပ်



www.burmeseclassic.com

www.burmeseclassic.com



ခင် ရွှေတောင်ကုန်းကို ရောက်အောင်သွားကြမယ်"

ဦးစကြာခေါင်အဖွဲ့တွင် လူက(၇)ယောက်လောက် ရှိသေးသည်။ လာခဲ့စဉ်က(၁၀)ယောက်ဖြစ်ပေမယ့်၊ လမ်းတွင် တစ်ယောက်ပြီးတစ်ယောက် သေဆုံးခဲ့ကြခြင်းဖြစ်သည်။

"ဒက်ဒီ"

"ဘာများလဲ. . သမီး"

"အပြန်ကျရင် ဘယ်လိုလုပ်မလဲ"

"သမီးရယ်. . လာကတည်းက လမ်းတွေကိုမြေပုံလုပ် ထားပြီးသားပါ၊ တောထဲက ပြန်ထွက်တာနဲ့ နယ်စပ်ကိုတစ်ခါ တည်းသွားနိုင်အောင်ပါ အားလုံးပြင်ဆင်ပြီးသား မင်းမင်းလတ်"

"ဗျာ. . အန်ကယ်"

"သမီးနဲ့ မင်းကိုတစ်ဖက်နိုင်ငံကို ရောက်မှပဲမင်္ဂလာ ကိစ္စစီစဉ်ပေးမယ်"

"အန်ကယ် ကောင်းသလိုလုပ်ပါ"

"ဆရာ. . "

"ဘာလဲ ဒေါင်းနင်း"

"ကျုပ်တို့(၄)ယောက်ပြေးခဲ့တဲ့လမ်းက တောင်ကုန်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ခုတွေ့ရတဲ့တောင်ကုန်းက ကွဲပြားနေတယ်"

"ဒေါင်းနှင်း မင်းလုပ်ပြန်ပြီ"

"ဟုတ်တယ်ဆရာ ကျွန်တော်တို့ပြေးခဲ့တဲ့ တောင်ကုန်းက သစ်ပင်မရှိဘူး. . ခုတောင်ကုန်းက သစ်ပင်တွေရှိတယ်"

"ဟင်"

ဒေါင်းနှင်းပြောမှ ဦးစကြာခေါင်သတိပြုမိလေသည်။

"ဟိုကောင်. . ထော်ပိုင်ပညာပြသွားပြီထင်တယ်"

"ဟုတ်မယ်ဆရာ"

"ဒက်ဒီ. . ဘယ်လိုလုပ်မလဲ"

တောင်ကုန်းပေါ်သို့ အားလုံးတက်ခဲ့ကြပြီး၊ ပတ်ဝန်းကျင်ကို လေ့လာတော့ ထူးခြားမှုမရှိခဲ့. . .

ညနေစောင်းပြီး မှောင်စပြုနေသောကြောင့်. . .

"မနက်မိုးလင်းမှ အဖြေရှာမယ်ဟေ့. . ဒီညတော့ ဒီတောင်ကုန်းမှာပဲ အိပ်ကြမယ်၊ ဟိုကောင်တွေ အရက်မသောက်နဲ့တော့ သတိအပြည့်နဲ့စောင့်ကြ. . ဒေါင်းနှင်းမင်းကိုယ်တိုင်စောင့်ကွာ"

"စိတ်ချ"

"ခွေးမသား မုဆိုး"



www.burmeseclassic.com

www.burmeseclassic.com



ဦးစကြာခေါင်. . မုဆိုးထော်ပိုင်ကို ဒေါသဖြစ်ကာ တောင်ကုန်းပေါ်တွင်လှဲချလိုက်သည်။ မင်းမင်းလတ်တစ် ယောက် အခြေအနေတွေကိုတွေးကြည့်ပြီး ချောက်ချားနေ လေသည်။

"လတ်တ. . ဘာဖြစ်နေကာလဲ"

"ဒို့အတွက် ပြန်လမ်းရှိပါ့မလား မိုင်"

"လတ်က ယောကျ်ားရင့်မကြီးဖြစ်ပြီး သွေးပျက်နေ ပြန်ပြီ"

"သွေးပျက်တာ မဟုတ်ဘူးမိုင်၊ အန်ကယ်. . ထော်ပိုင် ကိုသတ်ပစ်လိုက်တာ အရမ်းမှားသွားတယ်၊ သူရှိနေရင် တော ရဲ့အန္တရာယ်ကို သိနိုင်သေးတယ်. . ခုတော့ ဘာမှမသိရတော့ ဘူး"

"ကဲပါ. . ဒါတွေကိုတွေးပြီးပူမနေနဲ့ ဒင်္ဂါးတစ်ယောက် လုံးရှိနေတာပဲ. . အမိက,က ရတနာတွေကိုရပြီး ချမ်းချမ်းသာ သာနေနိုင်ဖို့ပဲ"

ကေသွယ်မိုင်က အားတက်သရောပြောနေပေမယ့် မင်းမင်းလတ်ကတော့ အားမရှိသလိုပင်ဖြစ်နေသည်။

"ဒေါင်းနင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . ဆရာ"

"ငါ. . လမ်းကိုတွေးလို့ရပြီ"

"ဟင်. . ဆရာ ဘာကိုတွေးမိလို့လဲ"

"ငါတို့ အခုရောက်နေတဲ့တောင်ကုန်းက စေတီကြီးရဲ့ အနောက်ဘက်က တောင်ကုန်းကွ. . ဘာကြောင့်လဲဆိုတော့ တိမ်ကောင်ငါ့ကိုပြောဖူးတယ်. . အဲဒီစေတီအနောက်ဘက်မှာ တောင်ကုန်းတစ်ခုရှိတယ်တဲ့ အရှေ့ဘက်ကတောင်ကုန်းနဲ့ တစ်ပုံစံတည်းပဲကွ. . ရှမ်းစော်ဘွားညီအစ်ကိုနှစ်ယောက် နေထိုင်တရားကျင့်ကြံခဲ့တဲ့ တောင်ကုန်းတွေတဲ့ ဟုတ်ပြီ. .ဟား ဟား. . ဟား. . ."

ဦးစကြာခေါင် အောင်မြင်သောလေသံဖြင့် ရယ်မောနေလေသည်။ တိမ်ကောက သစ်ပင်များကိုတောထဲတွင် မကြာခဏဝင်ပြီး ခိုးယူဖူးသောလူတစ်ယောက်ဖြစ်သဖြင့်. . တော၏အနေအထားကို သိနေသူဖြစ်သည်။

တိမ်ကော မသိသည်မှာ စေတီပျက်ထဲမှ ရတနာတော ပင်ဖြစ်သည်။ ဦးစကြာခေါင်တို့နှင့် စေတီပျက်ကိုရှာမှ ရတနာတွေရှိနေခဲ့သည်ကို သိခဲ့ရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ချောင်းကိုဖြတ်ကူးရန်ပြုလုပ်ထားသော ကြိုးတံတားဟောင်းကြီးတစ်ခုကို တွေ့လိုက်ရသည်။

"ကောင်လေး. . ဒီကြိုးတံတားကို ကျုပ်တစ်ခါမှမတွေ့ဖူးဘူး"

"ဂျုံး. . ဒီနေရာကို ရောက်ဖူးလို့လား"

"အင်း. . ကျုပ်ရောက်ဖူးတယ်၊ လွန်ခဲ့တဲ့(၁၀)နှစ်လောက်က. . ဒီတုန်းက ဒီနေရာမှာ ကြိုးတံတားမရှိဘူး၊ ဘယ်လိုပဲဖြစ်ဖြစ်ဖြတ်ကူးလို့ ရ,မရကို သွားကြည့်ရအောင်"

နှစ်ယောက်သား ကြိုးတံတားဆီသို့လျှောက်လာခဲ့ပြီး အခြေအနေကိုကြည့်တော့. . .

"ဂျုံး. . ကြိုးတွေက ကောင်းသေးတယ်၊ အခင်းတွေက

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

www.burmeseclassic.com

www.burmeseclassic.com



မရောက်ကောင်းတော့ဘူး”

“ကူးမယ်ဆိုရင် အုပ်စုလိုက်ကူးလို့ရမှာမဟုတ်ဘူး”

ဂျိုး . . ကြိုးတံတားပေါ်မှ တစ်ဖက်ဆီသို့ကူးသွားသည်။ တံတားတစ်ဝက်လောက်ကနေ ပြန်လှည့်လာပြီး . .

“ကောင်လေး . . ကူးလို့ရတယ်၊ အားလုံးကိုပြန်ခေါ်ပြီး ကူးကြရအောင်”

“ကောင်းတယ် ဂျိုး”

ကြယ်စင်ကောင်းကင်တို့ နောက်ကြောင်းကိုပြန်လှည့်ကာ အားလုံးကိုခေါ်ခဲ့လေသည်။

“ပစ္စည်းသမားတွေ အရင်ကူးဟေ့ . . ”

ထော်နီ အရင်ကူးသွားပြီး နောက်မှကျော်စံလိုက်ကူးသွားလေသည်။

“ယမုံတို့ အရင်ကူးမလား”

“အင်း . . ”

ယမုံက ခေါင်းညိတ်ပြီး၊ ဆင်ကြီးနှင့်ကူးသွားလေသည်။

“ဟေ့ . . ဆင်ကြီး၊ သိပ်ပြီးမရမ်းနဲ့ ဖြည်းဖြည်းချင်းကူး” ဂျိုး နောက်ကနေလှမ်းအော်ပြောချိန်မှာပဲ . .

“မွှီ . . ”



www.burmeseclassic.com

www.burmeseclassic.com



"ဆင်ကြီး"

"ဟာ. . ."

တံတားကြမ်းခင်းကျိုးကျသွားပြီး၊ ယမုံတစ်ယောက် အောက်သို့တန်းလန်းကျနေလေသည်။

ဆင်ကြီး. . ယမုံကိုဆွဲပြီးတင်ပေမယ့်၊ တစ်ယောက်အားနှင့် မရနိုင်အောင်ဖြစ်နေသောကြောင့် . . . ကြယ်စင်ကောင်းကင်ပါ တံတားပေါ်သို့ကူးသွားပြီး ဆင်ကြီးနဲ့အတူ. . ယမုံကိုဆွဲတင်ရလေသည်။

"ယမုံ. . သိပ်ပြီးမစိုးရိမ်နဲ့ စိတ်အေးအေးထားပြီး ကူးသွားပါ"

ဆင်ကြီး. . ယမုံကိုဖြည်းဖြည်းချင်းထိန်းကာ၊ တစ်ဖက်ကမ်းဆီသို့ ရောက်အောင်ကူးသွားနိုင်ခဲ့သည်။ ထိုနည်းတူစွာ နိုဗယ်(လ်)ကို ကြယ်စင်ကောင်းကင်ထိန်းပြီး ကူးခဲ့ရသည်။

အားလုံး တစ်ဖက်ကမ်းသို့ရောက်မှ သက်ပြင်းချနိုင်တော့သည်။

"ဒီကနေ ရှေ့ရိုးတစ်ခုကိုဖြတ်ကျော်ပြီး ႑င်တော. . ရောက်ပြီ"

"ဂျိုး. . ကျွန်မတို့အချိန်မီနိုင်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းငိပါတယ်. . အားလုံးကိုပြောထားမယ်၊ ခုဖြတ်ရ
သို့ရိုးက အဆိပ်ရှိသတ္တဝါတွေပေါတယ်နော်. . သတိရှိကြပါ"

ဂျုံး အားလုံးကိုသတိပေးပြီး၊ ရိုးဆီသို့လာခဲ့ကြတော့
သည်။

ရိုးစပ်နားသို့ရောက်သည်နှင့်. . .

"ရှူး. . ရှူး. . ရှူး"

"ဟင်"

အသံပဲကြားနေရပေမယ့်. . ဘာကောင်မှ မတွေ့ရပေ

"အားလုံးရပ်နေလိုက်ကြ"

ဂျုံးစကားကြောင့် ခြေလှမ်းတွေတောင် ရှေ့ကိုမတိုး
ဘဲ ရပ်တန့်သွားသည်။

"ဂျုံး. . ဘာကောင်လဲ"

"တောပျိုးမြွေပေါက် အစိမ်းကောင်ဖြစ်မယ်. . ဒီ
ကောင်တွေက သစ်ရွက်အရောင်နဲ့ရောပြီး မတွေ့ရဘူး. .
အနည်းဆုံး ဆယ်ကောင်ထက်မနည်းရှိမယ်"

"ရှင်. . .

"အဲ"

"ကြယ်စင် ကျည်ဆံတင်တောင့်ကိုထုတ်ပြီး ယမ်း



www.burmeseclassic.com

www.burmeseclassic.com



တွေကိုထုတ်လိုက်"

ဂျူး ခိုင်းသည့်အတိုင်း ကြယ်စင်သည်ကျည်ဆံထဲ ယမ်းတွေကိုထုတ်ပြီး ပေးလိုက်သည်။

ဂျူးက ယမ်းမှုန့်များကို အကျီစဖြုပြီးထုပ်ကာ. . မီး လေသည်။

"ရှူး. . ရှူး. . . ရှူး"

"အမလေး"

ယမ်းပုံပါးစပ်မှ ကြောက်လန့်ပြီးအော်လိုက်ရသည်အ ပါးပြင်းကြီးတွေထောင်ပြီးနေသော အစိမ်းရောင်တောကြီး ဟောက်ကြီးတွေကို ယမ်းငွေ့တွေကြားတွင် တွေ့လိုက်ရသည်

"သူတို့ကို ဘာမှသွားပြီးမလုပ်နဲ့. . ဟိုဘက်ကတေ သွားကြမယ်. . ဒီကောင်တွေ ဘယ်မှာရှိလဲဆိုတာပဲ သိချ တာ"

ဂျူး လမ်းပြသည့်ဘက်မှ အားလုံးအသက်ပင်မ အောင် လိုက်ခဲ့ကြလေသည်။

"ထော်နီ"

"ဘုန်း. . ."

ဂျူးက ထော်နီကိုနောက်ကနေ လှမ်းဆွဲပြီး၊ ဘေး

www.burmeseclassic.com



တွန်းချလိုက်သည်။

ဂျူးလုပ်ရပ်ကို အားလုံးနားမလည်စွာဖြင့် ကြည့်နေကြသည်။

"ကျော်စံ . . မင်းဆီကဓားရှည် ငါ့ကိုပေး"

ကျော်စံလက်ထဲမှ ဓားရှည်ကို ဂျူးလှမ်းယူပြီးရှေ့ကိုခြေလှမ်းတစ်လှမ်းချင်း လှမ်းကား . .

"ကဲကွာ"

"ဒွိ"

ဓားရှည်ကို လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်ပြီး မြေကြီးအောက်သို့ထိုးစိုက်လိုက်သည်နှင့် အညိုရောင်သွေးများမြေကြီးထဲမှထွက်လာသည်။

"ကျွိ . . ကျွိ"

အကောင်ကို မတွေ့ရသေးပေမယ့် . . အော်နေသည့်အသံက ကြွက်တစ်ကောင်၏အသံ . .

ဂျူး အတော်ကြာအောင်စိုက်ထားပြီးမှ ဓားကိုဆွဲနုတ်လိုက်သည်နှင့် . . ကြွက်ကြီးတစ်ကောင်ပါလာလေသည်။ ကြယ်စင်ကောင်းကင်တို့ မြင်ဖူးတွေ့ဖူးသော ကြွက်နှင့်မတူဘဲ . . ခေါင်းကြီးကြီး ကိုယ်လုံးသေးသော ကြွက်ကြီးတိုတွေ့

www.burmeseclassic.com

www.burmeseclassic.com



မြင်ရသည်။

"ဒီကွက်ကိုက်မိလို့တော့ ဆေးမမီဘူး.. အဆိပ်သိပ် ပြင်းတဲ့ကောင်ကွ၊ တခြားကြွက်တွေလို တွင်းနဲ့နေတာမဟုတ် ဘူး.. မြေလွှာပါးပါးအောက်မှာ ဝပ်နေတဲ့ကောင်တွေ.. ခုန က ထော်နီခြေလှမ်းမယ့်နေရာက ဒီကောင့်လမ်းကြောင်းပေါ် ပဲ.. သူဝပ်နေတဲ့လမ်းကြောင်းပေါ်ကို ဘယ်သတ္တဝါပဲဖြစ်ဖြစ် ဖြတ်ပြီးလျှောက်လို့ကတော့ မလွှတ်စေရဘူးကွ"

"ဂျုံးက ဘာကိုကြည့်ပြီး.. ဒီ... ထော်နီကိုဆွဲလိုက်တာလဲ"

"ဟိုမှာတွေ့လား"

သစ်ရွက်ကလေးတွေ တနုံးစီနေသည်ကိုတွေ့လို့... ရသည်။

"ဒါ.. ဒီကောင်တွေရဲ့ သ...က်တတစ်ခုပဲလေ၊ ကဲ.. သွားကြမယ်၊ မိုးမချုပ်ခင် ဒီရိုး...ကျော်နိုင်မှ အသက် အတွက် အာမခံနိုင်မယ်ဟေ့.. အားလုံးငါ့နောက်ကပဲ ...ခဲ့.. ကြယ်စင်ကောင်လေး"

"ဗျာ.. ဂျုံး"

"မင်း.. သေနတ်ကို အသင့်သာကိုင်ထားကွ"

ဂျုံးပြောသည့်အတိုင်း သေနတ်ကိုအသင့်ကိုင်ထားပြီး၊



www.burmeseclassic.com

www.burmeseclassic.com



ဂျုံးနောက်မှ လိုက်ခဲ့သည်။

"ဆရာဂျုံး. . ကယ်ပါဦး"

"ဟင်. . ကျော်စံ"

ကျော်စံကို အနက်ရောင်ကြီးတစ်ချောင်းမှ ရစ်ပတ်ပြီး၊ အပေါ်သို့ဆွဲတင်နေသည်။

"ကြယ်စင်. . အပေါ်ကနွယ်အလုံးကြီးကို ထိအောင် ပစ်. . ငါက ဘေးကအလုံးကိုပစ်မယ်"

နှစ်ယောက်သားနွယ်ကြီးကို ပြိုင်တူပစ်ချလိုက်သည်။

"ဒို. . ."

"ဒိုင်း"

"ဘုတ်. . ."

ကျော်စံ အောက်သို့ပြန်ပြီးပြုတ်ကျလာသည်။

"နွယ်နက်တွေကွ"

ကျော်စံကို ဆင်ကြီးနှင့်ထော်နီ တွဲခေါ်ပြီးခရီးဆက်ခဲ့ ရသည်။

"ကြယ်စင်ကောင်လေးရေ. .မင်းလက်သာ မတည့်ရင် ကျော်စံတော့ လူ့လောကထဲက ခုလောက်ဆိုထွက်ခွာသွားရ ပြီကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဂျုံး . ဒူးလေးအစွမ်းကလည်း ထက်ပါတယ်"

"ရှေ့မှာခဏနားပြီး ကျော်စံကိုဆေးလိမ်းကြရအောင် ဟော့ . ."

မှောင်စပြုနေလေပြီ . . ။

www.burmeseclassic.com

www.burmeseclassic.com

၄

"ဟား. . ဟား. . ဟား. . တွေ့ပြီကွ၊ တွေ့ပြီဟေ့"

ဦးစကြာခေါင် အားပါးတရရယ်မောပြီး၊ စေတီပျက်ကြီးကို ကြည့်နေလေသည်။ စေတီပျက်ကြီးမှာ သစ်ပင်၊ ချုံနွယ်များဖြင့် အုပ်ဆိုင်းနေပြီး အထဲဝင်ပေါက်ကိုပင် မတွေ့ရပေ။

"ဟေ့ကောင်တွေ. . ရှင်းကြလေ"

ပိတ်ဆို့နေသော ချုံနွယ်တွေကို ခုတ်ထွင်ရှင်းလင်းတော့မှ လူတစ်ယောက်စာဝင်ပေါက်တစ်ခုကို တွေ့လေသည်။

"ဒေါင်းနင်း. . ကြည့်စမ်း၊ ငါတို့လုပ်ခဲ့တဲ့သင်္ကေတ ပျက်နေလား"

"မပျက်ဘူးဆရာ"

အပေါက်ဝတွင် ကြိုးတစ်ချောင်းဖြင့် အောက်ချြေ့င်ထားခဲ့ကြခြင်းဖြစ်သည်။ အပေါက်ဝ၏အထဲမှာ ပိတ်ဆို့ငြင်နေသောကြောင့်. . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com



"မာတ်မီးတွေကို ထုတ်ပြီးအထဲကိုဝင်မယ် . . ဟိုကောင် စံကိုနဲ့ ကျော်နီ . . မင်းတို့နှစ်ယောက်ရှေ့ကဝင် . . .

"ဟုတ်ကဲ့"

ဦးစကြာခေါင် ခိုင်းသည့်အတိုင်း စံကိုနှင့်ကျော်နီတို့ လှမ်းပြီးအဝင် . . .

"အား . . ."

"ဟင် . . ."

ကျော်နီ အော်ဟစ်ပြီး အပေါက်ဝတွင်လဲကျသွားသည်။

"ဆ . . ဆရာ . . ကယ် . . ပါဦး"

ကျော်နီခြေထောက်တွင် ရစ်ပတ်နေသောမြွေနီကြီး တစ်ကောင်ကို တွေ့နေရသည်။

"ဒိုင်း . . ."

မြွေနီကြီးသည် ဦးစကြာခေါင်၏ သေနတ်ကျည်ဆံ အောက်တွင် တစ်စစီဖြစ်သွားသည်။

"ဆ . . . ဆရာ . . ."

ကျော်နီ . . ဇက်ကျိုးကျသွားပြီး အသက်ထွက်သွား သည်။

"ဆက်ပြီးဝင်ကွာ"

ဦးစကြာခေါင်ပြောပေမယ့် . . ဘယ်သူမှ အထဲကို



www.burmeseclassic.com

www.burmeseclassic.com



မဝင်ရဲကြပေ. . .

"စံကို. . ငါ့သေနတ်က စကားသိပ်ပြီးမပြောဘူးနော်"

စံကိုကြောက်ကြောက်နှင့် ဝင်ခဲ့ရတော့သည်။

အပေါက်ဝမှအထဲကို တော်တော်လေးလျှောက်တော့မှ ရတနာများထားသော နေရာသို့ရောက်ခဲ့ကြသည်။

ရွှေဘုရား၊ မြဘုရား၊ စိန်ဘုရားများနှင့်. . ရတနာတွေက များပြားလွန်းလှသည်။

"ငါ. . သူဌေးဖြစ်ပြီကွ"

စိန်ဘုရားတစ်ဆူကို ကိုင်ပြီး. . ဦးစကြာခေါင် အံလိုရမွှက်တွေကြီးထွားနေလေပြီ. . .

"ထည့်ကြစမ်း. . တစ်ခုမှချန်မထားနဲ့"

အသင့်ယူလာသော အိတ်တွေဖြင့် ရတနာပစ္စည်းများကိုထည့်နေစဉ်. . .

"ဒိုင်း. . ."

"အ. . . လူ. . ယုတ်. . မာ"

"စိတ်မကောင်းပါဘူး ဒေါင်းနင်း. . မင်းကို ဒီဘုရားမှာ အစောင့်ထားခဲ့မယ်"

ဒေါင်းနင်း အံကိုကြိတ်ပြီး ခွေလဲကျသွားသည်။

"ပြီးရင်. . အားလုံးပြန်ပြီးထွက်ကြမယ်ဟ"



www.burmeseclassic.com

www.burmeseclassic.com



ဦးစကြာခေါင်အတွက် ရတနာများကိုဝေစုခွဲပေးစရာ မလိုတော့ပေ. . .

"မင်းမင်းလတ်"

"ဗျာ"

"မင်း. . နယ်စပ်သွားဖို့ကိစ္စ သေသေချာချာလုပ်ခဲ့တယ်မဟုတ်လား"

"လုပ်ခဲ့ပါတယ်. . အန်ကယ်"

"တောထဲကပြန်ပြီး ထွက်တာနဲ့တစ်ခါတည်းထွက်နိုင်အောင်စီစဉ်ရမယ်"

"ဟုတ်ကဲ့"

"သမီးလေး. . ."

"ရှင် ဒက်ဒီ"

"ဒီစိန်ဘုရားတစ်ဆူတည်းနဲ့တင် အနှစ်(၂၀)လောက်ထိုင်ပြီးစားလို့ရတယ်. . နိုင်ငံခြားသားတွေ မျက်လုံးကျမယ့်ဘုရားကွ"

လောဘရမ္မက် မျက်လုံးတို့ဖြင့် စိန်ဘုရားကိုကြည့်ပြီးကျေနပ်နေသူက ဦးစကြာခေါင်ပင်. . .။

အပေါက်ဝသို့ ရောက်တော့. . .

"သိပ်ပြီးပျော်နေသလား. . ဦးစကြာခေါင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း. . မင်း. . မင်းတို့. . ."

"ရှင်. . မှတ်မိမှာပါ၊ ကျွန်မကို ရက်ရက်စက်စက် သတ်ပြီးထားခဲ့တာလေ. . ."

စေတီအပေါက်ဝတွင်. : ကြယ်စင်ကောင်းကင်တို့ ရောက်ရှိနေပြီး ဦးစကြာခေါင်တို့ကို သေနတ်နှင့်ချိန်ထားလေသည်။

"ဒီ. . ဒီလို လုပ်ကြရအောင်ကွာ. . ."

"ရှင်က ဘာလုပ်ချင်လို့လဲ"

"ဒီပစ္စည်းတွေကို တစ်ဝက်စီခွဲယူကြရအောင်"

"ဘာပြောတယ်. . ရှင့်လို အဝိစိငရဲကိုသွားဖို့ အဖော်ညှိနေတာလား. . ဦးစကြာခေါင်"

"မင်းတို့ ဒီကိုလာကြတာ ရတနာတွေယူဖို့မဟုတ်ဘူးလား"

"ကျွန်မတို့ ဒီကိုလိုက်လာတာကို ရှင်တို့သိပ်ပြီးသိချင်နေသလား ဦးစကြာခေါင်"

"သိချင်တာပေါ့ကွာ"

"ရှင့်ကိုသတ်ဖို့ လာခဲ့တာ"

"ဘာ. . ."

ယမ်းစကားကြောင့် ဦးစကြာခေါင်တုန်လှုပ်မှုက်ချား



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

"အန်ကယ်. . မှားခဲ့ပါတယ်ကွယ်"

"ရှင့်အမှားက အမျှားကြီးနောက်ကျနေပြီ . . . ဦးစကြာခေါင်. . ရှင်လိုတဲ့ဆုကိုတောင်းပေတော့. . "

ယမုံ. . သေနတ်မောင်းဖြုတ်မည်အပြု. . .

"ဝှီး. . ."

"အင့်"

ကေသွယ်မိုင်က ဓားမြှောင်နှင့်အလစ်ပစ်လိုက်သော ကြောင့် ယမုံ့ရင်ဝဆီသို့ ထိုးစိုက်သွားချိန်တွင်. . .

"ဒိုင်း. . ."

"အား"

ဆင်ကြီးလက်ထဲမှ သေနတ်ကျည်ဆံက ဦးစကြာခေါင် ဆီသို့ ရောက်သွားချိန်တွင် ကေသွယ်မိုင်နှင့်မင်းမင်းလတ်တို့ သေနတ်ကိုယ်စီထုတ်ကာ. . ပစ်ခတ်သည်။

"ဒိုင်း. . ဒိုင်း"

သေနတ်သံတွေက တောထဲတွင် ပဲ့တင်ရိုက်ထွက် သွားပြီး. . ကြယ်စင်ကောင်းကင်နှင့် နိုဗယ်(လ်)တို့သစ်ပင်ကွယ် ကနေ ခုခံနေရလေသည်။

ယမုံနှင့် ဆင်ကြီးကတော့ သွေးအိုင်ထဲတွင်နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လုံး လဲနေလေပြီ.. ဦးစကြာခေါင် သေနတ်ဒဏ်ရာနှင့်ထကာ ထွက်ပေါက်ကို ရှာနေသည်။

ဂျီး.. ထော်နီနှင့် ကျော်စံတို့လည်း ပစ်ခတ်နေပေမယ့် ထိရောက်မှုက နှစ်ဖက်လုံးမရှိလှပေ..

"ဂျီး.. ဒီကောင်တွေ ဒီအတိုင်းဆိုလွတ်နိုင်တယ်"

"ဟုတ်တယ် ကောင်လေး"

"ကျည်လည်းကုန်နေပြီ.. သေနတ်ကျည်ဗီးတ်က ဆင်ကြီးဘေးမှာ.. ဘယ်လိုမှသွားယူလို့မရဘူး"

"ငါ့မြားတံလည်း မရှိတော့ဘူး"

BURMESE CLASSIC

ထော်နီနဲ့ ကျော်စံတို့ဘက်ကို ကြည့်တော့လည်း.. ကျည်ဆံကုန်နေပြီဆိုတာကို လှမ်းပြီးပြောနေသည်။

"ဘယ်လိုလည်း ကြယ်စင်ကောင်းဆောင်.. ဆက်ပြီး မပစ်နိုင်တော့ဘူး မဟုတ်လား"

ကေသွယ်မိုင် သူတို့အခြေအနေကိုသဘောပေါက်ပြီး အော်ပြောနေလေတော့သည်။

"သမီး.. ဒီကောင်တွေကို ရှင်းပြီးမှသွားမယ်"

မင်းမင်းလတ်.. ဦးစကြာခေါင်ကို တွဲပြီးထွက်သွား နေသည်။ ကြယ်စင်ကောင်းကင်တို့ ဘာမှမတတ်သာသော အခြေအနေကိုရောက်တော့မှာဖြစ်သောကြောင့်.. စွန့်စားရ

www.burmeseclassic.com

www.burmeseclassic.com



တော့မည်။

ဆင်ကြီးဘေးမှကျည်ဆံအိတ်ဆီသို့ကြယ်စင်ကောင်းကင် အပြေးကလေး ထွက်သွားယူစဉ် . .

"ဒိုင်း . . ."

"အ . . ."

"ကြယ်စင်"

"နိုဗယ်(လ်)မလာနဲ့ . . ."

BURMESE CLASSIC

ကြယ်စင်ကောင်းကင် လက်မောင်းကိုထိမှန်သွားပြီး လဲကျသွားသည်။

နိုဗယ်(လ်)ပြေးထွက်အလာတွင် ကေသွယ်မိုင်မှ နိုဗယ်(လ်)ကို ပစ်ရန်ပြင်လိုက်ချိန်တွင် . .

"ဒိုင်း . . ."

"အမေ့ . . ."

"ဟင်"

ရဲကျော်စွာနှင့် ရဲတပ်ဖွဲ့ဝင်တွေရောက်ရှိလာသည်။

"ကေသွယ်မိုင် . မင်းဆက်ပြီးလှုပ်ရှားရင်တော့ ကျုပ်တို့ပစ်ပြီးဖမ်းရမယ့်အဆင့်ကို ရောက်သွားလိမ့်မယ်နော်"

ကေသွယ်မိုင်၊ ဦးစကြာခေါင်နှင့်မင်းမင်းလှတို့အခြေ အနေကို သဘောပေါက်လိုက်ကြပြီး အဖမ်းခံလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး. . ."

"ဒက်ဒီ"

ဦးစကြာခေါင် စိန်ဘုရားကိုဆုပ်ကိုင်ပြီး ပစ်လဲကျသွားလေတော့သည်။

"ဆရာ. . သုံးယောက်တော့ အသက်မရှိတော့ဘူး"

"ဘယ်ထတ်နိုင်မလဲကွာ. . ကြယ်စင်"

"ရတယ်. . ရဲကျော်စွာ. . လက်မောင်းရှပ်ပြီး မှန်သွားတာ. . မင်းတို့အချိန်မီရောက်လာလို့ပဲကွာ"

BURMESE CLASSIC

"အေးကွာ. . တောခရီးကိုလာရတယ်ဆိုတာ တော်တော်လေးကို ကြိုးစားပြီးလာခဲ့ရတာ. . ဟူး. . အချိန်မီလေးပဲ. . ငါတို့ရဟတ်ယာဉ်ရောက်လာလိမ့်မယ်. . ကဲ ဘုရားပစ္စည်းတွေ သေသေချာချာသိမ်းကြပေ့"

တိုင်းပြည်၏အဖိုးထိုက်တန်သော ဗုဒ္ဓအမွေအနှစ်ပစ္စည်းများကို လောဘသားကောင်တွေနောက်ကို မပါသွားခဲ့သည်ကို ကြယ်စင်ကောင်းကင်ကျေနပ်မိလိုက်တော့သည်။

"ကောင်လေး"

"ဂျီး"

"မင်းတို့ မင်္ဂလာပွဲကျရင် ဖိတ်ဦးမှာလား. . ."

"ဖိတ်ရမှာပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ရောနော်. . ."

"အေးပါကွာ. . ခုလို တောတွင်းမှာ အတူအန္တရာယ်တွေကို ရင်ဆိုင်ခဲ့ကြတဲ့သူတွေကို သီးသန့်ဖိတ်ပါတယ်. . ဒါပေမယ့်. . ."

ယမုံမို့မို့နှင့် ဆင်ကြီးအလောင်းကို ကြည့်ပြီး စိတ်မကောင်းဖြစ်မိခဲ့ကြလေသည်။

"ကြယ်စင်. . ."

"နိုဗယ်(လ်)"

BURMESE CLASSIC

တစ်ယောက်လက်ကလေးကိုတစ်ယောက် တင်းကျပ်စွာဆုပ်ကိုင်ပြီး၊ အဝေးမှလာနေသော ရဟတ်ယာဉ်သံကို နားစွင့်ရင်း. . .

"ကြယ်စင်နဲ့ နိုဗယ်(လ်). . တို့နှစ်ယောက်ဆုံခဲ့တာ ညလေးတစ်ညက စခဲ့တာနော်"

"ဟုတ်တယ်လေ. . နိုဗယ်(လ်)က ဒို့ရဲ့ညရင်ခွင်ထဲက လ,နတ်သမီးလေးတစ်ပါးပါပဲလေ. . ."

ရွှေဘဝင်

ပရိသတ် အားပေးမှုကို အမြဲလေးစားလျက်...

www.burmeseclassic.com